

တရုတ်သိုင်း
နဝရတ်များ
မိုးကြိုးသွား
စာစဥ် ၂
သိုင်းစာစဥ်များPAGE

တက္ကသိုလ်

# နေလင်းအောင်

## နဝရတ်ခါးမိုးကြိုးသွား

(စာစဉ်-၂)

# အခန်း (၁)

## သတင်းထူး

သူတို့၏ စကားကြောင့် မျက်နှာအေး သီလရှင်မှာ သူတို့အဖွဲ့ဝင်များကို တစ်ယောက်ပြီးတစ်ယောက် လိုက်လံသုတ်သင်နေကြောင်း သိရလေသည်။

ကျောက်စိမ်းမျက်နှာ ဘီလူးမက စိုးရိမ်စိတ်နှင့် ပြ သည်။

"ရှင်ဆိုလိုတာက ကျွန်မတို့ လူတွေကိုစုပြီး ဒီသီလရှင်ကို ပိုင်းတိုက်မယ်ဆိုတဲ့သဘောလား .... "

မျက်နှာတစ်ထောင် ဘီလူးက ခေါင်းညိတ်၍

"အေး ဟုတ်တယ် .... ဒါပေမယ့် ခုတော့လည်း နောက်ကျနေပါပြီ .... "

"ဘာဖြစ်လို့လဲ .... "

"တို့ရဲ့ ဦးစီးခေါင်းဆောင်ဟာ ဘယ်မှာ စတ်မြုပ်ပြီးနေတယ်ဆိုတာ တို့မသိဘူး .... ကျန်နေတဲ့ လူတွေလည်း ဘယ်ရောက်နေကြသလဲမသိဘူး .... တို့တစ်တွေ ဘယ်လိုလုပ် လူစုကြတော့မှာလဲ"

ကျောက်စိမ်းမျက်နှာ ဘီလူးမ သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ....

"ကျွန်မတို့နှစ်ယောက်တည်းနဲ့လည်း ဘယ်လိုလုပ်ကြမလဲ"

မျက်နှာတစ်ထောင် ဘီလူးလည်း မဖြေတတ်ပါချေ။ အဖြေခက်နေရာမှ သူသည် မေးလိုက်၏။

"ဒါနဲ့ မျက်နှာအေး သီလရှင်က တို့လူစုကို ဘာဖြစ်လို့ လိုက်တိုက်နေတယ်ဆိုတာကော မင်း သိသလား .... "

"သိသားပဲ .... ဖန်းလို့ကျောင်းတော်က နဝရတ်ဓားရတနာ ပြန်ရအောင် ကျွန်မတို့နောက်ကို လိုက်နေတာ မဟုတ်လား .... "

"အေး ဟုတ်တယ် .... မင်းကို ငါမေးမယ် .... ခုချိန်ရောက်တာ မှန်မှန်ဖြေပါ .... အဲဒီ နဝရတ် ဓားရတနာဟာ အခု ဘယ်သူ့လက်ထဲမှာလဲ .... "

"ရှင်ပဲ ယူထားတာ မဟုတ်ဘူးလား .... "

"ဘယ်ကလာ ဟုတ်ရမှာလဲ .... ငါ့ဆီမှာ မရှိဘူး .... "

"ရှင့်ဆီမှာလည်း မရှိဘူး .... ကျွန်မဆီမှာလည်း မရှိဘူး .... ဘီလူးဖြူ ဘီလူးမည်း ညီနောင်နဲ့ ခေါင်းသေတ္တာနီဘီလူးတို့လည်း သေကုန်ကြပြီ .... ဒီတော့ ကျန်တဲ့သုံးယောက်ဆီမှာ ရှင် သွားမေးပေတော့ .... "

"အေး .... သူတို့ကို တွေ့အောင်ရှာပြီး ငါမေးရမယ် ...

"နေဦး .... ဒီလို့ယန်းမြို့ကို ကျွန်မ ဘာဖြစ်လို့ ရောက်နေတယ်ဆိုတာကော ရှင်သိသလား .... "

"မင်းပြောပြမှ ကျုပ်သိရမှာပေါ့ .... "

"ကျွန်မ လူတစ်ယောက်ကိုရှာပြီး ရန်ကြေးရှင်းမလို့ ... "



"အဲဒီလူက ဘယ်သူလဲ .... "

"သူဌေးကြီး ချင်းပိုင်ဝမ့် .... "

"နေပါဦး .... မင်းနဲ့သူနဲ့က ဘယ်လိုရန်ကြေးတွေ ရှိနေလို့လဲ .... "

ကျောက်စိမ်းမျက်နှာ ဘီလူးမ၏မျက်နှာ တင်းမာခက်ထန်သွားပြီး အံကိုကြိတ်၍ ပြောသည်။

"သူဌေးကြီး ချင်းပိုင်ဝမ့်ဟာ ဘယ်သူလဲဆိုတာ ရှင်သိရင် ဒီရန်ကြေး ပြဿနာကိုလည်း သိမှာပါ .... သူဌေးကြီး ချင်းပိုင်ဝမ့်ဆိုတာ တခြားလူမဟုတ်ဘူး .... တစ်ချိန်က သိုင်းလောကထဲမှာ နာမည်ကြီးခဲ့တဲ့ မိုးတိမ်သိုင်းသမား ချင်းကန့်ဟာ အခု သူဌေးကြီး ချင်းပိုင်ဝမ့် ဖြစ်နေပြီး .... ကျွန်မ လိုက်ရှာနေတာ ဆယ်နှစ်လောက်ရှိသွားပြီ .... ခုမှ သူ့ကို ခြေရာခံမိတော့တယ် .... "

မိုးတိမ်သိုင်းသမား ချင်းကန့်ဆိုသည့် နာမည်ကို ကြားရသောအခါ တိန့်ထောက် စိတ်လှုပ်ရှားသွားသည်။ သူ့ဆရာ မဟာ့ရာသိုင်းသမားကြီး ပေးထားသော နာမည်စာရင်းထဲတွင် ထိုနာမည် ပါနေသောကြောင့် ဖြစ်၏။ သူ့ဆရာ၏ မှာကြားချက်အတိုင်း သူသည် မိုးတိမ်သိုင်းသမား ချင်းကန့်ကို သွားတွေ့ရဦးမည် ဖြစ်လေသည်။

သူနှင့် ပတ်သက်နေသော လူတစ်ယောက်၏နာမည် ပါလာသောကြောင့် တိန့်ထောက်သည် စိတ်ဝင်တစား ဆက်ပြီးနားထောင်သည်။

"ဟုတ်ပြီ ဟုတ်ပြီ .... ငါ သတိရပြီ .... ညီမရဲ့ အရင်ဦးဆုံးမိတ်ဆွေ ပန်းရောင်မျက်နှာသိုင်းသမားကို သတ်ဖြတ်လိုက်တဲ့လူဟာ မိုးတိမ်သိုင်းသမား ချင်းကန့်ပဲ .... "

ကျောက်စိမ်းမျက်နှာ ဘီလူးမ ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... ဒီရန်ကြွေးကို ကျွန်မ ပြန်ပေးရမယ် ... ကျွန်မနဲ့ ရှင် လိုက်ခဲ့မလား .... "

"ခု .... မင်းက သူ့ကို မနိုင်ဘူးလား .... "

"မနိုင်လို့ မဟုတ်ဘူး .... သူ ထွက်ပြေးလွတ်မြောက်သွားမှာစိုးလို့ ရှင့်ကို အဖော်ခေါ်တာ .... "

"ကောင်းပြီလေ .... ဒါဆို ငါလည်းလိုက်မယ် .... သူ့ကို သွားရှာကြစို့ .... "

"လိုက်ရှာစရာ မလိုပါဘူး .... ငါ ရောက်လာပါပြီ .... "

ထိုစဉ် အသံတစ်သံ ပေါ်လာပြီး အသံဆုံးသည်နှင့် သူတို့အနီးသို့ လူတစ်ယောက် လှစ်ခနဲရောက်လာလေသည်။

"ဟင် .... မိုးတိမ်သိုင်းသမား .... "

ကျောက်စိမ်းမျက်နှာဘီလူးမက အံ့သြတကြီး ရေရွတ်လိုက်၏။ ရောက်လာသူမှာ မိုးတိမ်သိုင်းသမား ချင်းကန့်တစ်ဖြစ်လည်း သူ့ငွေးကြီး ချင်းပိုင်ဝမ့်ပင် ဖြစ်လေတော့၏။ သူသည် ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ထားပြီး အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးခန့်ရှိ၏။

တိန့်ထောက်သည် မိုးတိမ်သိုင်းသမား အဘိုးကြီး၏ မျက်နှာကို မြင်ရသောအခါ လွန်စွာအံ့သြသွားသည်။ ထိုသူသည် လွန်ခဲ့သောနှစ်နှစ်ကျော်ခန့်က မြေခွေးများ စားသောက်ခြင်း ခံရမည့်ဘေးမှ ကယ်တင်လိုက်ဖူးသော သူ့အသက်သခင် ကျေးဇူးရှင်အဘိုးကြီး ဖြစ်နေသောကြောင့်ပင်။

မိုးတိမ်သိုင်းသမားကြီးက ရယ်မောလိုက်ပြီး ....



"ဖန်းရှောင်ယိ .... ဆယ်နှစ်အတွင်းမှာ မင်းက ပိုပြီးတော့ တောင် လှလာပါသေးကလား .... "

ဖန်းရှောင်ယိဟု အခေါ်ခံရသော ကျောက်စိမ်းဘီလူးမသည် မိုးတိမ်သိုင်းသမားကြီးကို စားတော့ ဝါးတော့မတတ်ကြည့်ကာ ခက်ထန်သော လေသံဖြင့် ပြန်ပြောသည်။

"ရှင့်ကို ရှာမနေရဘဲ ခုလိုရောက်လာတော့ ကျွန်မတို့အတွက် သိပ်ပြီး အဆင်ပြေသွားတာပဲ .... "

မိုးတိမ်သိုင်းသမားကြီးက မျက်နှာတစ်ထောင် ဘီလူးကို ကြည့်၍ ....

"ခင်ဗျားက မျက်နှာတစ်ထောင် ဘီလူးနော် .... ခင်ဗျားရဲ့ မျက်နှာဟာ မူလမျက်နှာ မဟုတ်ဘူးနဲ့တူတယ် .... "

မျက်နှာတစ်ထောင် ဘီလူးမက မခိုးမခန့် ရယ်လိုက်ပြီး

"ကျုပ်က ဘယ်တော့မဆို ရုပ်ဖျက်ပြီး နေတတ်တယ်"

"ခင်ဗျားက .... ဖန်းရှောင်ယိဘက်က ကျုပ်ကို ကူတိုက်မှာလား .... "

"တိုက်ရမှာပေါ့ .... သူနဲ့ ကျုပ်က သိုင်းမောင်နှမတွေပဲ"

"မျက်နှာတစ်ထောင်ဘီလူး .... ခင်ဗျားနဲ့ မဆိုင်တဲ့ကိစ္စမှာ ဝင်မရှုပ်ဘဲ ထွက်သွားရင်ကောင်းမယ် .... "

"ဘာလဲ .... ကျုပ် ဝင်ကူမယ်ဆိုရင် ခင်ဗျား ရှုံးမယ်ဆိုတာ သေချာပေါက် တွက်မိလို့လား .... "

"မဟုတ်ဘူး .... ခင်ဗျားကို ကြားက အချောင်မသေစေချင်လို့ .... ပြောမရလည်း ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ .... "

ပြီးမှ မိုးတိမ်သိုင်းသမားသည် ကျောက်စိမ်းမျက်နှာ ဘီလူးမ

ကို ကြည့်လိုက်ပြီး လေသံအေးအေးနှင့် ပြောသည်။

"ဖန်းရှောင်ယီ .... ဖြစ်ခဲ့တဲ့ ပြဿနာတွေဟာ ဆယ်နှစ်လောက်တောင် ကြာသွားပါပြီ .... အခုဆိုရင် ကျုပ်ဟာ အေးအေးဆေးဆေးပဲ နေချင်စိတ်ရှိတယ် .... ဘယ်သူနဲ့မှလည်း မတိုက်ခိုက်ချင်ဘူး .... ဒီတော့ ပြီးခဲ့တဲ့ကိစ္စတွေကို သင်ပုန်းချေလိုက်ရင် ကောင်းလိမ့်မယ် .... "

"ဘာရှင့် .... ရှင် ကြောက်နေလို့လား .... ကျွန်မကတော့ ငွေကြွေးကို ငွေနဲ့ဆပ်ရမှာပဲ .... သွေးကြွေးကို သွေးနဲ့ဆပ်ရမှာပဲ .... ရှင်သတ်လိုက်တဲ့လူဟာ ကျွန်မရဲ့ အချစ်ဆုံး ချစ်သူတစ်ယောက်ဆိုတာ ရှင်မေ့သွားပြီလား .... "

မိုးတိမ်သိုင်းသမား သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"ဒါကတော့ .... မင်းရဲ့ချစ်သူဟာ လူကောင်းသူကောင်းတစ်ယောက်မှ မဟုတ်ဘဲ .... သူများ သားပျိုသမီးပျိုတွေကို စော်ကားဖျက်ဆီးခဲ့တယ် .... လူတကာအပေါ်မှာလည်း နိုင့်ထက်စီးနင်းလုပ်တယ် .... ကျုပ်ရဲ့ တူမလေးတစ်ယောက်တောင် သူ့ရဲ့အစော်ကားကို ခံရလို့ သူ့ကိုယ်သူ သတ်သေသွားတယ် .... ဒီလောက် ယုတ်မာနေတဲ့လူကို ကျုပ်က စိန်ခေါ်ပြီး သုတ်သင်လိုက်တာ ကျုပ် မလွန်ပါဘူး .... "

"မလိုချင်ဘူး .... သူသေသလို ရှင်လည်း သေရမယ် .... "

မိုးတိမ်သိုင်းသမား သက်ပြင်းတစ်ချက် ချလိုက်ပြီး

"ကောင်းပြီလေ .... ကျုပ်စကားကိုမှ လက်မခံရင် ကျုပ်လည်း ဘာတတ်နိုင်တော့မှာလဲ .... မင်း ကြိုက်သလိုသာ လုပ်ပေတော့ .... "



ကျောက်စိမ်းမျက်နှာဘီလူးမက ဦးစွာ ကြိုးဝါးအော်ဟစ်လိုက်ပြီး မိုးတိမ်သိုင်းသမားထံ ခုန်ဝင်ကာ စတင်တိုက်ခိုက်ပေတော့သည်။

မိုးတိမ်သိုင်းသမားလည်း ပြန်တိုက်သည်။

မျက်နှာတစ်ထောင် ဘီလူးကမူ ဝင်မကူသေးဘဲ ဘေးမှ အသာရပ်ကြည့်နေသည်။ လိုအပ်မှ ဝင်ကူမည့်ပုံမျိုး ဖြစ်၏။

ရှေးဟောင်းသချိုင်းမြေတွင် အော်ဟစ်ကြုံးဝါး တိုက်ခိုက်သံများ ညံစီစွာ ထွက်ပေါ်နေသည်။

သိုင်းကွက် နှစ်ဆယ်ကျော်လာသော်လည်း မည်သူကမှ အသာစီး မရကြသေးချေ။

ထိုစဉ် ကျောက်စိမ်းမျက်နှာ ဘီလူးမက နောက်သို့ ခုန်ဆုတ်ပြီး လက်ကို ဝှေ့ယမ်းလိုက်ရာ သူမလက်ထဲမှ ဝင်းလက်နေသော လက်နက်ပုန်းများက မိုးတိမ်သိုင်းသမားကြီးထံသို့ မိုးပေါက်များပမာ ပြေးဝင်သွားသည်။

မိုးတိမ်သိုင်းသမားကြီးက အပေါ်ကို ဆယ်ပေကျော်ကျော် လွှားခနဲ ခုန်ရှောင်လိုက်ရာ လက်နက်ပုန်းများက သူ့အောက်ဘက်မှ ဖြတ်ကျော်သွားကြလေသည်။

မိုးတိမ်သိုင်းသမားသည် မြေပေါ်သို့ ပြန်အကျတွင် သူ၏ ဓားကို ဆွဲထုတ်ကိုင်ပြီး ကျောက်စိမ်းမျက်နှာ ဘီလူးမအား တရကြမ်း တိုက်ခိုက်လေတော့သည်။



ကျောက်စိမ်းမျက်နှာဘီလူးမမှာ မိုးတိမ်သိုင်းသမားကြီး၏ ပြင်းထန်သော တိုက်ကွက်ကြောင့် နောက်ကို တစ်ဆုတ်တည်း ဆုတ်နေရသည်။

မျက်နှာတစ်ထောင် ဘီလူးလည်း သူ့လူ အခြေမလှတော့သည်ကို တွေ့ရသောအခါ သူ့ကျောမှ ဓားကိုဆွဲထုတ်ပြီး တိုက်ပွဲအတွင်းသို့ ခုန်ဝင်၍ မိုးတိမ်သိုင်းသမားကြီးကို ဝင်တိုက်လေတော့၏။

နေရောင် ပျောက်ကွယ်သွားပြီး အမှောင်ထုလည်း ဖုံးလာပြီ ဖြစ်၏။

မျက်နှာတစ်ထောင်ဘီလူးနှင့် ကျောက်စိမ်းမျက်နှာ ဘီလူးမ တို့က ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရသောအခါ မိုးတိမ်သိုင်းသမားကြီးမှာ အရေးနိမ့်လာသည်။

နောက်ကို တစ်ဆုတ်တည်း ဆုတ်နေရသည်။

တစ်ကြိမ်တွင် မျက်နှာတစ်ထောင်ဘီလူး၏ ဓားချက်မှာ မိုးတိမ်သိုင်းသမားကြီး၏ ပခုံးကို ထိသွားသည်။

သွေးများ ဖြာဆင်းပြီး ကျလာသည်။ မိုးတိမ်သိုင်းသမားကြီးမှာမူ မျက်နှာပျက်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။

မျက်နှာတစ်ထောင်ဘီလူးနှင့် ကျောက်စိမ်းမျက်နှာဘီလူးမမှာ နောက်ကိုဆုတ်သွားသော မိုးတိမ်သိုင်းသမားကြီး ချင်းကန့်ကို လိုက်မတိုက်ကြသေးဘဲ မဲ့ပြုံး ပြုံး၍သာ ကြည့်နေကြ၏။

ကျောက်စိမ်းမျက်နှာ ဘီလူးမက မခိုးမခန့်ရယ်၍မေးသည်။

"ဘယ့်နှယ်လဲ မိုးတိမ်သိုင်းသမားကြီးရဲ့ .... ဘာဖြစ်လို့ အပင်ပန်းခံပြီး ခုခံနေတော့မှာလဲ .... အေးအေးဆေးဆေးသာ အသေခံစမ်းပါ .... ရှင် ဘယ်လိုသေနည်းမျိုးနဲ့ သေချင်တယ်ဆိုတာသာ ပြော"

မျက်နှာတစ်ထောင် ဘီလူကလည်း အားပါးတရ ရယ်မောလိုက်ပြီး ....

"ခင်ဗျား သေသွားပေမယ့် .... ခင်ဗျားရဲ့အိမ်သားတွေ မသိစေရပါဘူး .... ခင်ဗျားကိုယ်စား ကျုပ်က ခင်ဗျားအိမ်မှာ သွားနေပေးပါ့မယ် .... အဲ ခင်ဗျားရဲ့မျက်နှာက အရေခွံကိုတော့ ခွာယူရလိမ့်မယ်၊ ဒါမှ ခင်ဗျား ဟန်ဆောင်လို့ရမှာ .... ဟား ဟား ဟား .... "

မိုးတိမ်သိုင်းသမားကြီး ချင်းကန့် မျက်နှာတစ်ချက် တင်းမာသွားပြီး ....

"ဩော် .... မင်းက ငါ့အိမ်မှာ ငါ့ဟန်ဆောင်ပြီး သွားနေမယ်၊ ငါ့ရဲ့ စည်းစိမ်တွေကို မတရားသဖြင့် ခံစားမယ်တဲ့ ဟုတ်လား .... "

မိုးတိမ်သိုင်းသမားကြီးက ပြောပြောဆိုဆို သူ့လက်ကို ဖျတ်ခနဲ ဝှေ့ယမ်းလိုက်သည်။

"အား .... "

ကျောက်စိမ်းမျက်နှာဘီလူး အော်ဟစ်ရင်း မြေပေါ်ကို ဒူးညွှတ်ကျသွားသည်။ သူမသည် အနည်းငယ်မျှပင် မလှုပ်နိုင် မိုးတိမ်သိုင်းသမားကြီးက ရုတ်တရက် လက်နက်ပုန်းနှင့် ပစ်လိုက်ခြင်းဖြစ်၏။

အပေါ်စီးမှ အနိုင်ရနေပြီဟူသော အတွေးဖြင့် ပေါ့ပေါ့ဆဆ နေမိသော ကျောက်စိမ်းမျက်နှာဘီလူးမမှာ ရုတ်တရက် ပစ်လိုက်သော လက်နက်ပုန်းကို မရှောင်နိုင်ခဲ့ချေ။

မျက်နှာတစ်ထောင် ဘီလူးသည် ဒေါသတကြီး အော်ဟစ်လိုက်ပြီး သံ့ဓားကို ဝှေ့ယမ်းလိုက်သည်။

ဓားဖျားမှ အလင်းရောင်တန်းက မိုးတိမ်သိုင်းသမားကြီးထံ တန်းဝင်သွားသည်။



ထိုစဉ် အလင်းတန်းတစ်ခု အုတ်ဂူနောက်ဘက်ဆီမှ ပေါ်ထွက်လာပြီး မျက်နှာတစ်ထောင်ဘီလူး ပစ်လွှတ်လိုက်သော ဓားဖျားမှ အလင်းတန်းနှင့် လေထဲတွင် တိုက်မိသွားသည်။

"ထန်း .... "

သံကိုသံချင်းထိသံ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ မီးပွားများလည်း ဖြာခနဲ ပွင့်သွားသည်။

ဒဏ်ရာရထားသဖြင့် မရှောင်နိုင် မတိမ်းနိုင်ဖြစ်နေသော မိုးတိမ်သိုင်းသမား ချင်းကန့်မှာလည်း အသက်ချမ်းသာရာ ရသွားသည်။

အုတ်ဂူနောက်ဘက်မှ လူရိပ်တစ်ရိပ် ပေါ့ပါးစွာ ခုန်ထွက်လာပြီး မျက်နှာတစ်ထောင်ဘီလူးရှေ့သို့ ရောက်လာသည်။

မျက်နှာတစ်ထောင်ဘီလူးသည် ဆတ်ခနဲ ဖြစ်သွားပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်၏။

ခုန်ထွက်လာသူမှာ ဝတ်စုံနက်ကို ဝတ်ဆင်ထားပြီး မျက်နှာတွင် သားရေမျက်နှာဖုံးကို စွပ်ထားသည်။

သူ၏မျက်နှာက အေးစက်စက် နိုင်လွန်းလှသည်။ မျက်နှာတစ်ထောင်ဘီလူးက ဝတ်စုံနက်ကိုကြည့်ပြီး မေးလိုက်၏။

"ခင်ဗျား ဘယ်သူလဲ .... "

ဝတ်စုံနက်က အေးစက်လွန်းသော လေသံဖြင့် ပြန်ပြောသည်။

"မျက်နှာတစ်ထောင်ဘီလူး .... ခင်ဗျားဟာ ခင်ဗျား သင်ကြားတတ်မြောက်ထားတဲ့ သိုင်းပညာအားကိုးနဲ့ လူကောင်းသူကောင်းတွေကို အနိုင်ကျင့် ဒုက္ခပေးခဲ့တယ် .... ခင်ဗျားတို့ သိုင်းဘီလူး ရှစ်ဖော်စလုံး ဒီအတိုင်းပါပဲလေ .... ခင်ဗျားကို လူ့လောကကြီးထဲမှာ ဆက်

ထားရင် လူကောင်းတွေအတွက် အများကြီး အန္တရာယ်ရှိတယ် .... ဒီတော့ .... "

"ခင်ဗျား ဘယ်သူလဲ .... "

"ကျုပ်လား .... မဟူရာသိုင်းသမား .... "

"ဘာ .... ဘာ .... မ .... မဟူရာသိုင်းသမား ဟုတ်လား"

"ဟုတ်တယ် .... "

ပြောပြောဆိုဆို မဟူရာသိုင်းသမားက သူ၏ညာလက်ကို အသာအယာ ခပ်ဖြည်းဖြည်း မြှောက်လိုက်သည်။

မျက်နှာတစ်ထောင်ဘီလူး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်ပြီး ဘယ်လက်ဖြင့် ပြောင်းကိုင်လိုက်၏။

"အမယ်လေး .... "

မျက်နှာတစ်ထောင်၏နှုတ်မှ ထိတ်လန့်အံ့သြစွာ ရေရွတ်သံ ပေါ်လာသည်။

သူ့လည်ပင်းမှာ ကျဉ်ခနဲဖြစ်သွားပြီး သွေးများပန်းထွက်လာသည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။

မည်ကဲ့သို့ တိုက်ခိုက်ခြင်း ခံလိုက်ရကြောင်းကို သူကိုယ်တိုင်ပင် မသိချေ။ မဟူရာသိုင်းသမား၏ လက်တစ်ဖက် အသာအယာ မြှောက်လိုက်သည်ကိုသာ သူ တွေ့လိုက်ရ၏။

သူသည် ထိတ်လန့်တကြား သူ့လည်ပင်းကို လက်ဖြင့်ပိတ်လိုက်၏။

အပေါင်ငယ်ကလေး တစ်ပေါက် ဖြစ်နေသည်။

"ဝေါ့ .... "

သူ့ပါးစပ်မှ သွေးများအန်ထွက်လာပြီး သူသည် ဒူးညွှတ်လဲကျသွား၏။



ဘေးမှကြည့်နေသော မိုးတိမ်သိုင်းသမားကြီးလည်း မျက်စိမျက်နှာပျက်နေသည်။

မဟူရာသိုင်းသမားနှင့် လဲကျသွားသော မျက်နှာတစ်ထောင်ဘီလူးကို မျက်လုံးအပြူးသားကြည့်ပြီး ကြက်သေ သေနေသည်။

မဟူရာသိုင်းသမားက မိုးတိမ်သိုင်းသမားကြီးဘက်ကို လှည့်၍ တစ်လှမ်းချင်း လျှောက်လာသည်။ ငါးပေခန့်အကွာတွင် ရပ်ပြီး မိုးတိမ်သိုင်းသမားကြီးကို တောက်ပြောင်စူးရှသော မျက်လုံးအစုံဖြင့် ကြည့်သည်။

မိုးတိမ်သိုင်းသမားကြီးက တုန်လှုပ်ချောက်ချားစွာဖြင့် အထစ်ထစ် အငေါ့ငေါ့ မေးမြန်းသည်။

"ခင် .... ခင်ဗျားဟာ တ .... တကယ်ပဲ .... မ .... မဟူရာ သိုင်းသမားလား .... "

မဟူရာသိုင်းသမားက ထိုမေးခွန်းကို ပြန်မဖြေချေ။ သူကသာ အေးစက်စက်လေသံဖြင့် မေးခွန်းပြန်ထုတ်လေသည်။

"ကျုပ်ကို .... လွန်ခဲ့တဲ့ အနှစ်,နှစ်ဆယ်ကျော်က ဒီတောင်ပေါ်မှာ သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းက ဝိုင်းပြီးတိုက်ခိုက် သုတ်သင်ကြတယ် .... တခြား သိုင်းသမားတွေကလည်း ဝင်ပြီးကူကြတယ် .... အဲဒီ ကူကြတဲ့သိုင်းသမားတွေထဲမှာ မိုးတိမ်သိုင်းသမား ချင်းကန့်လည်း ပါဝင်တယ်ဆိုတာ ကျုပ် သိရတယ် .... ဟုတ်ပါတယ်နော် .... "

ထိုမေးခွန်းကြောင့် မိုးတိမ်သိုင်းသမားကြီး ချင်းကန့်၏ မျက်နှာ ဖြူရော်ရော်ဖြစ်သွားသည်။ သူက အထစ်ထစ် အငေါ့ငေါ့နှင့် ပြန်ပြောသည်။



"ကျုပ် .... ကျုပ် မလိမ်ပါဘူး .... ဟုတ် .... ဟုတ်ပါတယ်၊ ဒီတုန်းကလည်း ကျုပ် ကျုပ်လည်း ပါဝင်ခဲ့ပါတယ် .... "

မဟူရာ သိုင်းသမားက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး

"ဟုတ်ပြီ .... ခင်ဗျား လိမ်လို့မရပါဘူးလေ .... ဒီတုန်းက သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းဘက်က ကျုပ်ကို ဝိုင်းတိုက်ကြတဲ့ သူတွေရဲ့ အမည်စာရင်း ကျုပ်ဆီမှာ ပြည့်ပြည့်စုံစုံ ရှိနေပါတယ် .... သေပြီးသွားတဲ့ လူတွေကလွဲပြီး အသက်ရှင်လျက် ကျန်နေသေးတဲ့ လူတွေကို ကျုပ်ကတော့ လိုက်တွေ့ရမှာပဲ .... အခုတော့ ခင်ဗျားကို စပြီး တွေ့ရပြီ .... "

"ဒီ .... ဒီတုန်းက ခင်ဗျားတစ်ကိုယ်လုံးမှာ ဒဏ်ရာတွေ ပြင်းပြင်းထန်ထန်ရပြီး သေသွားတယ်မဟုတ်လား .... "

မဟူရာ သိုင်းသမားက မိုးတိမ်သိုင်းသမား ချင်းကန့်၏အမေးကို ပြန်မဖြေဘဲ သူပြောလိုရာကို ပြန်ပြောသည်။

"ဒါပေမယ့် .... ခင်ဗျားကို ကျုပ် ခွင့်လွှတ်လိုက်ပါ့မယ် .... အတွက် မတုံ့ပြန်ပါဘူး .... ဒါကလည်း ကျန်ခဲ့တဲ့ နှစ်နှစ်လောက်က မိရဲ့ ရဲတိုက်နားမှာ လူငယ်တစ်ယောက်ရဲ့အသက်ကို မြေခွေးတွေရဲ့ နိုက ကယ်တင်ခဲ့တဲ့အတွက်ပဲ .... အဲဒီလူငယ်က ကျုပ်နဲ့ ပဝ်သက် နေသူဖြစ်လို့ ဒီကျေးဇူးကိုထောက်ပြီး ခင်ဗျားကို သွားခွင့်ပြုလိုက်မယ်၊ ဒဲ .... တစ်ခုတော့ ရှိတယ် .... ဒီမြို့ကနေ ဝေးရာကို ခင်ဗျား ထွက် သွားရလိမ့်မယ် .... ဒီမြို့မှာ ခင်ဗျားကို နောက်တစ်ခါ မြင်ရရင်တော့ သွားနိုင်ဘူး .... ခင်ဗျား သွားတော့ .... "

မိုးတိမ်သိုင်းသမားကြီးသည် မဟူရာသိုင်းသမား၏ ခွင့်ပြုချက်ကို ရသည်နှင့် ဆက်၍မနေရဲတော့ဘဲ ချာခနဲလှည့်ကာ ထွက်ပြေးသွား၊

တော့၏။

နိုးတိမ်သိုင်းသမားကြီး ထွက်ခွာသွားပြီး အတော်ကလေး ကြာမှ မဟူရာသိုင်းသမားလည်း သူ့မျက်နှာမှ သားရေမျက်နှာဖုံးကြီး ကို ချွတ်လိုက်သည်။

တိန့်ထောက် မျက်နှာပေါ်လာသည်။

သူသည် မြို့ထဲဝင်ရန် မဟူရာသိုင်းသမားအသွင်နှင့် ဝင်၍မဖြစ် သဖြင့် တိန့်ထောက်အဖြစ် ပြန်၍ ပြောင်းလဲရခြင်းဖြစ်သည်။

ထိုညတွင်ပင် သူသည် မြို့ထဲရှိ တည်းခိုခန်းတစ်ခန်းတွင် တည်းခိုလိုက်တော့၏။

## အခန်း (၂)

## မြင်းလက်ဆောင်

တိန့်ထောက်သည် စားသောက်ဆိုင်တစ်ဆိုင်တွင် နံနက်စာ စားရင်း ကူးကျိုးမြို့ကို ခရီးဆက်ရန် ဆုံးဖြတ်လိုက်၏။ ကူးကျိုးမြို့ကို အမြန်ရောက်နိုင်ရန် သူ့တွင် မြင်းကောင်းတစ်စီး လိုအပ်လေသည်။

ထို့ကြောင့် စားပွဲထိုးကိုခေါ်ပြီး မြင်းကောင်းတစ်စီး ဝယ်လို ကြောင်း၊ မည်သည့်နေရာတွင် ရနိုင်ကြောင်းမေးရာ စားပွဲထိုးက မြို့ထဲ တွင် မြင်းအရောင်းဆိုင်မရှိကြောင်း၊ မြို့ပြင်တွင်မူ မြင်းမွေးမြူရေးခြံကြီး တစ်ခြံရှိပြီး စိတ်ကြိုက်မြင်းကို ရွေး၍ဝယ်ယူနိုင်ကြောင်း ပြောဆိုကာ လမ်းညွှန်လိုက်၏။

တိန့်ထောက်သည် စားပွဲထိုး၏ လမ်းညွှန်ချက်အတိုင်း မြို့ပြင် သို့ ထွက်ခဲ့ရာ ငါးလီခန့်လာမိလျှင် ကျယ်ဝန်းသော မြင်းမွေးမြူရေး ခြံကြီးသို့ ရောက်လာခဲ့လေသည်။

ခြံဝတွင် ဝတ်စုံစိမ်း ဝတ်ထားသော လူတစ်ယောက်သည် ရပ်နေပြီး တစ်စုံတစ်ယောက်ကို မျှော်နေသကဲ့သို့ရှိ၏။ တိန့်ထောက် က ဝတ်စုံစိမ်းဆီကို လျှောက်လာပြီး ချိုသာစွာ ပြောလိုက်၏။

"ကျွန်တော် မြင်းကောင်းကောင်း တစ်ကောင်လောက် ဝယ် ချင်လို့ပါ ခင်ဗျာ .... ရနိုင်မယ် မဟုတ်လား .... "

ဝတ်စုံစိမ်းက တိန့်ထောက်ကို တစ်ချက် အကဲခတ်ကြည့်က ခေါင်းကို ခါယမ်း၍ စိတ်ပျက်လက်ပျက် အမူအရာမျိုးဖြင့် ပြန်ပြေ သည်။

"မနေ့ကသာ မင်းလာဝယ်ရင် ဘယ်မြင်းကိုပဲဖြစ်ဖြစ် ရောင် ပါတယ် .... ဒါပေမယ့် ဒီနေ့မနက်ကစပြီး ဘယ်သူ့ကိုမှ မြင်းမရောင်း တော့ဘူး .... "

"ကျွန်တော်ဟာ အရေးတကြီးကိစ္စနဲ့ ခရီးသွားရမယ့်လူပဲ နောင်ကြီး .... မြင်းမရလို့ မဖြစ်ပါဘူး .... ကျသင့်တဲ့ဈေးထက် နှစ်ဆ ပေးပါ့မယ် .... "

"ရောင်းလို့ မဖြစ်လို့ပါ ငါ့ညီရယ် .... မင်းက ဆယ်ဆပိုပေ မယ်ဆိုတာတောင် ရောင်းလို့မဖြစ်တော့ဘူး .... "

"ဘာဖြစ်လို့လဲ .... "

"ဒီခြံထဲက မြင်းတွေအားလုံးနဲ့ ဒီခြံကြီးကို တို့ရဲ့သူဌေး မြင်းကုန်သည်တစ်ယောက်ကို ရောင်းချဖို့ စကားကမ်းလှမ်းပြီးပြီ - မနက်အစောကြီးက ကုန်သည် ဒီခြံထဲမှာ မြင်းဘယ်နှစ်ကောင်ရှိတယ် ဆိုတာ လာမှတ်သွားပြီ .... တော်ကြာဆို ငွေချေတော့မှာ .... ကြောင့် မင်းကို မရောင်းနိုင်တော့ဘူးလို့ ပြောတာပေါ့ .... "

ထိုစဉ် မြင်းခွာသံ ပေါ်လာပြီး မြို့ဘက်မှ မြင်းတစ်စီး နှင်လာ နေသည်ကို တိန့်ထောက် တွေ့ရသည်။ မြင်းမှာ အနက်ရောင်ဖြစ်ပြီး ပြေးပုံကိုမြင်ရုံနှင့် မြင်းကောင်းတစ်စီးဖြစ်ကြောင်း သိနိုင်သည်။

ဝတ်စုံစိမ်းနှင့်လူက တိန့်ထောက်ကို ပြောလိုက်၏။



"အခု လာနေတာ တို့ရဲ့သူဌေးကြီးပဲ .... ဒီမွေးမြူရေးခြံကို ပိုင်တယ် .... မင်းအနေနဲ့ မင်း မြင်းတစ်ကောင် သိပ်ပြီး လိုအပ်နေ ယ်ဆိုရင်တော့ သူဌေးကြီးကို သွားပြောကြည့်ပါလား .... သူရောင်း ရင် မင်းရမှာပဲ .... "

ထိုစဉ် မြင်းနက်ကြီးမှာ အနီးသို့ ရောက်လာသဖြင့် ဝတ်စုံ စိမ်းက ပြေး၍ကြိုသည်။

မြင်းစီးလာသူမှာ အဖိုးတန်ဝတ်စုံကို ဝတ်ဆင်ထားသော်လည်း သူ့မျက်နှာကမူ ညှိုးနွမ်းနေသည်။ သူ့ကိုမြင်တော့ တိန့်ထောက် အံ့ဩသွားသည်။

ထိုသူမှာ သူဌေးကြီး ချင်းပိုင်ဝမ် သို့မဟုတ် မိုးတိမ်သိုင်း သမားကြီး ချင်းကန့် ဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။ သူသည် သိုင်းသမားတစ်ယောက်၏ သွင်ပြင်မျိုး မရှိတော့ဘဲ သူဌေးကြီးတစ် ယောက်၏ပုံစံမျိုး ဖြစ်နေသည်။

မိုးတိမ်သိုင်းသမားကြီး ချင်းကန့်သည် မြင်းပေါ်မှ အသာ အယာဆင်းပြီး တိန့်ထောက်ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။ သူသည် တိန့်ထောက်ကို မမှတ်မိပါချေ။

ပြီးတော့ .... ညက သူ့ကို မဟူရာသိုင်းသမားအသွင်နှင့် တွေ့ဆုံသွားသူမှာ တိန့်ထောက်ပင် ဖြစ်လိမ့်မည်ဟု မရိပ်စားမိပါချေ။

သူသည် ဝတ်စုံစိမ်းကို ကြည့်လိုက်ပြီး မေးလိုက်၏။

"လောင်စန့် .... ဟိုသူငယ်ကလေးက ဘယ်သူလဲ .... "

ဝတ်စုံစိမ်းဝတ်ထားသော လောင်စန့်က တရိုတသေ ပြန်ပြောသည်။

"မြင်းလာဝယ်တာပါ သခင်ကြီး .... သူမှာ အရေးတကြီး ခရီးသွားစရာရှိလို့ မြင်းတစ်ကောင် လိုနေပါတယ်တဲ့ .... ကျွန်တော်က မရောင်းပါဘူးဆိုတာတောင် ကျသင့်တဲ့တန်ဖိုးထက် နှစ်ဆပေးပြီး ဝယ်ပါ့မယ်လို့ ပြောနေပါတယ် .... "

မိုးတိမ်သိုင်းသမားကြီးက တိန့်ထောက်ကို ထပ်မံ၍ ကြည့်လိုက်ကာ လောင်စန့်ဆိုသူကို အမိန့်ပေးလိုက်၏။

"သူ့မှာ တကယ်ပဲ မြင်းတစ်ကောင် မဖြစ်မနေ လိုအပ်နေလို့ဖြစ်မှာပေါ့ လောင်စန့် .... ဒီလို အခက်အခဲဖြစ်တဲ့ သူမျိုးကို ကူညီထိုက်ပါတယ်ကွာ .... သူကြိုက်တဲ့ မြင်းတစ်ကောင်ကိုသာ ပေးလိုက် .... သူ့ဆီက ငွေကိုလည်း ယူမနေနဲ့ .... ကုန်းနှီးတွေကိုပါ အပြည့်အစုံတပ်ပေးလိုက်နော် .... "



"ဟုတ်ကဲ့ .... "

လောင်စန့်က တိန့်ထောက်ဆီကို ပြန်လာသည်။

ပြီး .... တိန့်ထောက်ကို ပြုံး၍ပြောသည်။

"မင်းတော့ ကံကောင်းတာပဲ ငါ့ညီ .... တို့သခင်ကြီးက မင်းကို ကြိုက်တဲ့မြင်းတစ်စီး လက်ဆောင်ပေးလိုက်ပါတဲ့ .... လာ လာ ခြံထဲကိုလာ .... မင်းကြိုက်တဲ့မြင်းကို ရွေးပေတော့ .... "

တိန့်ထောက်လည်း ဘာမှမပြောသေးဘဲ လောင်စန့်နှင့်အတူ ခြံကြီးကို လိုက်ပါလာသည်။

လောင်စန့်က လမ်းလျှောက်ရင်းမှ ပြောသည်။

"တို့ရဲ့သခင်ကြီးက လူတစ်ဖက်သားအပေါ်မှာ သိပ်ပြီး သနားတတ်တယ် .... တို့အလုပ်သမားတွေ အပေါ်မှာလည်း အားကြီးညှာတာစိတ်ရှိတယ် .... တို့အားလုံးကလည်း သခင်ကြီးကို ချစ်ကြောက်ရိုသေကြတယ် .... ဒါပေမယ့် ခုတော့ တို့တစ်တွေဟာ တို့ချစ်တဲ့သခင်ကြီးနဲ့ ခွဲကြရတော့မယ် .... ဒီခြံကြီးနဲ့ မြင်းတွေကို ရောင်းတော့မယ်ဆိုတော့ တို့အားလုံး အလုပ်လက်မဲ့ ဖြစ်ကြတော့မယ် .... "

"သူဌေးကြီးက ဒီမွေးမြူရေးခြံကို ဘာဖြစ်လို့ ရောင်းမှာလဲ"

"မသိပါဘူး ငါ့ညီရယ် .... ဒီမနက်မှ ဖွန်းစားကြီး ဒီအစီအစဉ်ကို လုပ်တာပဲ .... သူနေတဲ့ အိမ်ကိုလည်း အမြန်ဆုံးရောင်းဖို့ စီစဉ်နေပြီ .... ဒီမြို့က ထွက်သွားတော့မယ်တဲ့လေ .... သူ့ကို မှီခိုနေတဲ့ တို့အားလုံး ဒုက္ခပေါ့ကွာ .... တို့သခင်ကြီးလို စိတ်ထားကောင်းတဲ့လူမျိုးနဲ့ တို့တွေ ထပ်တွေ့ကြရတော့မှာမဟုတ်ဘူး .... "

မိုးတိမ်သိုင်းသမားကြီး ဤမြို့မှ အပြီးအပိုင် ထွက်ခွာရန် စီစဉ်နေခြင်းမှာ ညက မဟူရာသိုင်းသမားအသွင်ဖြင့် မိမိ ပြောလိုက်သော

စကားကြောင့်ဖြစ်ကြောင်း တိန့်ထောက် သိလိုက်သည်။

သူ၏လုပ်ငန်းတွေ ပျက်စီးပြီး သူ့ကို မှီခိုအားထားသူတွေ ဒုက္ခရောက်ကြရပေတော့မည်။

မိုးတိမ်သိုင်းသမားသည် မိမိ၏ အသက်သခင် ကျေးဇူးရှင်လည်း ဖြစ်သည်။ စိတ်ထားကောင်းသူ ဖြစ်ကြောင်းလည်း ယခု မိမိကိုယ်တိုင် ကြုံတွေ့နေရလေပြီ။

ထိုသို့သောလူမျိုးကို မိမိ၏စကားတစ်ခွန်းဖြင့် ဒုက္ခရောက်အောင် မလုပ်လိုတော့ချေ။

ထိုအတွေးဖြင့် သူသည် ခြေလှမ်းတန့်ခနဲ ရပ်လိုက်ပြီး လောင်စန့်ကို ပြောလိုက်သည်။

"ခဏနေဦး .... နောင်ကြီးတို့ သခင်ကြီးနဲ့ ကျွန်တော် စကားနည်းနည်း သွားပြောလိုက်ဦးမယ် .... "

တိန့်ထောက် ခြံဝသို့ ပြန်လှည့်လာရာ လောင်စန့်လည်း နောက်မှ စဉ်းစားမရဟန်ဖြင့် ပြန်လိုက်လာသည်။

ခြံဝတွင် မိုးတိမ်သိုင်းသမားကြီးသည် ရောက်လာမည့် မြင်းကုန်သည်ကို စောင့်မျှော်လျက်ရှိနေသည်။ တိန့်ထောက် ပြန်ထွက်လာသည်ကို မြင်ရသောအခါ လှည့်ကြည့်ပြီး မေးလိုက်သည်။

"မောင်ရင့်စိတ်ကြိုက် မြင်းရွေးပြီးပြီလား .... "

"မရွေးရသေးပါဘူး ခင်ဗျာ .... "

တိန့်ထောက်က ပြောပြောဆိုဆို မိုးတိမ်သိုင်းသမားကြီးရှေ့တွင် ရပ်လိုက်သည်။ သူသည် လက်နှစ်ဖက်ကိုဆုပ်၍ ချိုသာစွာ စကားဆိုလိုက်၏။

"ဘဘကြီး .... သိုင်းလောကမှာ နာမည်ကျော်ကြားနေတဲ့



မိုးတိမ်သိုင်းသမားကြီးပဲ မဟုတ်ပါလား ခင်ဗျာ .... "

မိုးတိမ်သိုင်းသမားကြီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး တိန့်ထောက်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်သည်။ တိန့်ထောက်၏ ဝတ်စုံရှည်အတွင်းမှ တစ်ဝက်တစ်ပျက် ထွက်နေသော ဓားကိုလည်း ထိုအခါမှ မြင်သွားသည်။

"သြော် .... မောင်ရင်ကလည်း သိုင်းလောကသား တစ်ယောက်ကိုး .... မောင်ရင် ကျုပ်ကို သိလို့လား .... "

"ဘဘကြီးရဲ့ ဂုဏ်သတင်းကို ကျွန်တော် မကြားဘူးပဲ ဘယ်ရှိပါ့မလဲ ခင်ဗျာ .... "

"အေးကွာ .... လောလောဆယ် ငါ့မှာ လုပ်ဆောင်စရာတွေ အများကြီးရှိနေလို့ မင်းကို ဧည့်ခံစကား မပြောနိုင်တာ ခွင့်လွှတ်ပါ"

"ကျွန်တော် တစ်ခုလောက်တော့ မေးပါရစေ ဘဘကြီး .... လုပ်ငန်းတွေကော အိမ်ပါရောင်းပြီး ဒီမြို့က ဘာဖြစ်လို့ ထွက်သွားမှာလဲ .... "

မိုးတိမ်သိုင်းသမားကြီးက တိန့်ထောက်ကို ဆတ်ခနဲ ကြည့်လိုက်၍

"ဒါက ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာပါလေ .... မောင်ရင် သွားမယ့်ခရီးစဉ်ကိုသာ သွားပါ .... "

တိန့်ထောက်က ပြုံးလိုက်ပြီး ....

"ကျွန်တော်ဟာ .... ပထမတော့ ဒီမွေးမြူရေးခြံမှာ မြင်းတစ်ကောင်ဝယ်ဖို့ပဲ ရောက်လာတာပါ .... ဘဘကြီးရဲ့ မွေးမြူရေးခြံမှန်းလည်း မသိပါဘူး .... ဒီရောက်တော့မှ ဘဘကြီးရဲ့ခြံမှန်း သိရတဲ့အပြင် ဘဘကြီးဟာ တစ်ဘက်လူအပေါ်မှာ ကြင်နာသနားတတ်တယ်

ဆိုတာ သိရပါတယ် .... ဘဘကြီးရဲ့ အခက်အခဲကို ကျွန်တော်က ကူညီချင်လို့ စေတနာနဲ့ မေးနေတာပါ .... "

မိုးတိမ်သိုင်းသမားကြီး မျက်မှောင်ကြုတ်သွားပြီး ....

"မောင်ရင်က ကျုပ်ကို ဘာများကူညီနိုင်မှာမို့လဲ .... "

"ဘဘကြီးအနေနဲ့ လုပ်ငန်းတွေကို ဖျက်သိမ်းပြီး ဒီမြို့က ပြောင်းဖို့ စီစဉ်တာဟာ တစ်ယောက်ယောက်က ပြောင်းခိုင်းလို့ဆိုတာ ကျွန်တော် သိပါတယ် .... အဲဒီတစ်ယောက်ယောက် ဆိုတာကလည်း သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ ပြိုင်ဘက်ကင်း သိုင်းသမားကြီးတစ်ယောက်ပဲ မဟုတ်လား .... "

တိန့်ထောက် စကားကြောင့် မိုးတိမ်သိုင်းသမားကြီး မျက်လုံးပြူးသွားသည်။ လောင်စန့်ကိုလည်း လှမ်းပြီး အမိန့်ပေးလိုက်၏။

"လောင်စန့် .... ခြံထဲကိုသွားပြီး မြင်းတွေကို စစ်ဆေးကြည့်စမ်း .... "

လောင်စန့် ဦးညွတ်ပြီး ခြံထဲကို ဝင်သွားသည်။

လောင်စန့် အတော်ဝေးဝေးရောက်မှ မိုးတိမ်သိုင်းသမားကြီးက တိန့်ထောက်ကို မျက်စိပျက် မျက်နှာပျက်နှင့် မေးသည်။

"ဒီမယ် မောင်ရင် .... ဒီအကြောင်းတွေကို မင်း ဘယ်လိုလုပ် သိသလဲ .... "

တိန့်ထောက် ပြုံးလိုက်ပြီး ....

"ညတုန်းက ဘဘကြီးတို့တစ်တွေ မန်းစန်းတောင်ပေါ်မှာ တိုက်ပွဲဖြစ်နေကြတော့ ကျွန်တော်လည်း ရှိနေပါတယ် .... အစအဆုံး မြင်ရကြားရလို့ သိတာပေါ့ .... "

"ဟင် .... "



"ပြီးတော့ .... မဟူရာ သိုင်းသမားကြီးနဲ့ ကျွန်တော်ဟာ တစ်ဦးနဲ့တစ်ဦး ကျေးဇူးခံ ကျေးဇူးစား ရှိထားကြတဲ့ သူတွေပါ .... "

"နေပါဦး မောင်ရင် .... မဟူရာသိုင်းသမားဟာ တကယ်ပဲ မသေဘူးလား .... "

"မသေလို့ ညက ဘကြီးကိုယ်တိုင် မြင်ခဲ့ရပြီပဲ .... "

"သူဟာ အနှစ်နှစ်ဆယ်လုံး ပျောက်နေပြီး အခုမှ ဘာဖြစ်လို့ ပြန်ပေါ်လာရတာလဲ .... "

"ဒါတော့ ကျွန်တော်လည်း မပြောတတ်ပါဘူး .... မဟူရာ သိုင်းသမားကြီးက ကျွန်တော့်အပေါ် တူသားရင်းတစ်ယောက်လို ချစ်တယ်ဆိုတာရယ် .... ကျွန်တော်ပြောရင် ဘာမဆို လက်ခံတယ်ဆိုတာရယ် ဘဘကြီး သိထားပါ .... "

"မောင်ရင်က ဒီအကြောင်းတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ .... "

"ဘဘကြီး ဒီမြို့မှာပဲ ဆက်ပြီးနေပါ .... လုပ်ငန်းတွေ ဖျက်ပြီး ဘယ်ကိုမှလည်း ပြောင်းရွှေ့မနေပါနဲ့တော့ .... မဟူရာသိုင်းသမားကြီးကို ကျွန်တော် တောင်းပန်လိုက်ပါ့မယ် .... ဒါဆို သူကလည်း လက်ခံမှာပါ .... "

မိုးတိမ်သိုင်းသမားကြီး တွေဝေနေစဉ် တိန့်ထောက်က ကျောက်တုံးတစ်တုံးကို ကောက်ယူလိုက်၏။ ကျောက်တုံးမှာ လက်သီးဆုပ်ခန့် ရှိလေသည်။ သူ့ခါးမှ ဓားကိုလည်း ဆွဲထုတ်ကိုင်လိုက်၏။

ပြီးနောက် ကျောက်တုံးကို အပေါ်မြှောက်တင်လိုက်သည်။ သူ့ဓားဦးကိုလည်း ထောင်လိုက်ပြီး လက်ကိုဆန့်တန်းလိုက်၏။

ထန်းခနဲ မြည်သံပေါ်လာသည်။ အောက်ကို ပြန်ကျလာ

သော ကျောက်တုံးက စားဦးတွင် ထုတ်ချင်းခတ် ဖောက်ဝင်သွားသည်။

မိုးတိမ်သိုင်းသမားကြီး မျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

တိန့်ထောက်က စားဦးမှ ကျောက်တုံးကို ဆွဲနှုတ်ပြီးလျှင် မိုးတိမ်သိုင်းသမားကြီးအား လှမ်း၍ပြောသည်။

"ဒီကျောက်တုံးကို သိမ်းထားပါ ဘဘကြီး .... တကယ်လို့ မဟူရာသိုင်းသမားကြီးနဲ့ .... ကျွန်တော် လွဲသွားရင် ဘဘကြီးက ဒီကျောက်တုံးကို သက်သေပြပြီး ပြောပြပါ .... သူ ဘဘကြီးကို ဘယ်လိုမှ အနှောင့်အယှက် မပေးတော့ဘူးဆိုတာ ကျွန်တော် ပြောရဲပါတယ် .... "

မိုးတိမ်သိုင်းသမားကြီးက မယုံမရဲဖြင့် ....

"ဟုတ်ပါ့မလား မောင်ရင် .... "

"ဘာဖြစ်လို့ ကျွန်တော်က လိမ်နေရမှာလဲ .... သူ့အသက်ကို ကျွန်တော့်အဖေက ကယ်ထားဖူးလို့ ကျွန်တော့်ဆန္ဒကိုဆိုရင် မငြင်းပါဘူး .... "

"မောင်ရင့်အဖေက ဘယ်သူလဲ .... "

"ဘဘကြီးသိလို့ အကြောင်းမထူးပါဘူး .... ဘဘကြီးအတွက် အရေးကြီးတာ ဒီမြို့က ပြောင်းဖို့မလိုတော့ဘူး ဆိုတာပါပဲ၊ စိတ်ချလက်ချ အိမ်ပြန်နေပါ .... ဘာမှ စိုးရိမ်စရာ မလိုတော့ပါဘူး"

မိုးတိမ်သိုင်းသမားကြီး၏ မျက်နှာမှာ ရွှင်ပျသွားသည်။ သူသည် ဝမ်းသာအားရ ပြန်ပြောသည်။

"မောင်ရင့်ကို သိပ်ပြီး ကျေးဇူးတင်ပါတယ်ကွယ် .... ကျုပ်



ရဲ့အိမ်ကို လိုက်လည်ပါဦးလား .... ကျွေးမွေးပြုစုချင်လို့ပါ .... "

"ခုတော့ .... ကျွန်တော့်မှာ အရေးတကြီး သွားရမယ့် ခရီးစဉ်တစ်ခု ရှိနေပါတယ် .... ခုပဲ ခရီးထွက်ရမှာပါ .... နောက် ကြုံတဲ့အခါမှ ကျွန်တော် ဝင်ခဲ့ပါဦးမယ် .... "

မိုးတိမ်သိုင်းသမားကြီးသည် သူ့မြင်းနက်ကြီး၏ ဇက်ကြိုးကို ဆွဲယူကာ တိန့်ထောက်ကို ပေးသည်။

"ကျုပ်ရဲ့ ဟောဒီမြင်းကိုတော့ ကျေးဇူးဆပ်တဲ့အနေနဲ့ .... လက်ဆောင်ပေးလိုက်ပါရစေ .... လက်ခံပါ မောင်ရင် .... "

မြင်းနက်ကြီးမှာ တစ်ကိုယ်လုံး အမွေးအမျှင်များ နက်မှောင်တောက်ပြောင်နေသည်။ အားကောင်းမောင်းသန်လှသော မြင်းတစ်စီးပင် ဖြစ်၏။ အဖိုးတန်မြင်းကြီး ဖြစ်သဖြင့် တိန့်ထောက်က ငြင်းသေးသော်လည်း မိုးတိမ်သိုင်းသမားကြီးက အတင်းပေးနေသဖြင့် နောက်ဆုံးတွင် လက်ခံယူလိုက်ရတော့၏။

တိန့်ထောက်သည် မိုးတိမ်သိုင်းသမားကြီးအား နှုတ်ဆက်ကာ မြင်းနက်ကြီးကိုစီး၍ ကူးကျိုးမြို့သို့ ခရီးနှင်ခဲ့လေတော့၏။

## အခန်း (၃)

## တစ်ဝက်တစ်ပျက် ဗေဒင်

ခရီးပြင်း နှင်ခဲ့သဖြင့် တိန့်ထောက်သည် နှစ်ရက်မြောက် ညနေတွင် ကူးကျိုးမြို့ကို ရောက်လာသည်။

စားသောက်ဆိုင် တစ်ဆိုင်တွင် စားသောက်ရင်း တစ်ဝက် တစ်ပျက်ဗေဒင်ဆရာ ရှိသည့်နေရာကိုမေးရာ စားပွဲထိုးက လမ်းညွှန် လိုက်သည်။

တိန့်ထောက်လည်း စားပွဲထိုး လမ်းညွှန်လိုက်သည့်အတိုင်း လာခဲ့ရာ ကွမ်းတီဘုရားကျောင်းသို့ ရောက်လာသည်။

ဘုရားကျောင်းရှေ့တွင် ပိတ်နှင့် ရေးထား၍ ချိတ်ဆွဲထား သော စာတမ်းတစ်တန်း တိန့်ထောက် တွေ့ရသည်။

**'ဗေဒင်လက္ခဏာ ကြည့်သည်'**

ထိုစာတန်း၏ အောက်တွင် ဆံပင်များ ဆွတ်ဆွတ်ဖြူနေပြီ ဖြစ်သော အဘိုးကြီးတစ်ဦး ခါးကိုင်းကိုင်းနှင့် ထိုင်နေသည်။ သူ့ရှေ့တွင် စားပွဲခုံ အဟောင်းတစ်လုံး ချထားပြီး စားပွဲပေါ်တွင် စုတ်တံများ၊



စာရွက်များ၊ အမွှေးတိုင်များ၊ ကံကြမ္မာ တုတ်ချောင်းတိုင်များ စသဖြင့် ရှိုလင်လင် ရှိနေသည်။

စားပွဲရှေ့တွင် ဗေဒင်ကြည့်မည့်သူအတွက် ထိုင်ခုံကလေး တစ်လုံး ချထားသည်။

တိန့်ထောက်က မြင်းနက်ကြီးပေါ်မှ ဆင်းလိုက်ပြီး လမ်းဘေး မှ သစ်ပင်တစ်ပင်တွင် မြင်းကို ချည်ထားလိုက်၏။ ပြီးမှ သူသည် ဗေဒင် ဆရာကြီးထံသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာပြီး စားပွဲရှေ့ ထိုင်ခုံ ပေါ်တွင် အသာအယာ ဝင်ထိုင်လိုက်လေသည်။

ဗေဒင်ဆရာကြီးမှာ ကျမ်းစာအုပ် တစ်အုပ်ကို သဲသဲမဲမဲ ဖတ် နေရာမှ ခေါင်းကိုမော့ကြည့်၍ မေးမြန်းသည်။

"ဗေဒင်မေးမလို့လား သူငယ် ...."

"ဟုတ်ကဲ့ .... လူပျောက်ကို မေးချင်လို့ပါ .... "

ဗေဒင်ဆရာကြီးက စက္ကူတစ်ရွက်ကိုယူ၍ ဖြန့်ကာ စုတ်တံ တစ်ချောင်းကို ကောက်ကိုင်သည်။ စုတ်တံကို မင်သွေးကျောက်ပြား ထဲတွင် တို့ပြီးမှမေးသည်။

"ပျောက်နေတဲ့လူက မင်းရဲ့ ဆွေမျိုးသားချင်းထဲကလား .... ဒါမှမဟုတ် အပေါင်းအသင်း မိတ်ဆွေထဲကလား .... "

"တစ်ခုမှ မဟုတ်ပါဘူး .... သူ့ကိုလည်း ကျွန်တော် တစ်ခါ မှ မမြင်ဖူးပါဘူး .... "

"ဟေ .... ဘယ်လိုလဲ"

"နာမည်ကိုတော့ သိပါတယ် .... "

"သူ့နာမည်က ဘယ်လိုခေါ်သလဲ .... ယောကျ်ားလား .... မိန်းမလား .... အသက်အရွယ်ကော ဘယ်လောက်ရှိပြီလဲ .... ဘယ်ကို

ခရီးထွက်သွားရင်း ပျောက်သွားရတာလဲ .... ”

ဗေဒင်ဆရာကြီး၏ အမေးကြောင့် တိန့်ထောက် ရယ်ချင်စိတ် ဖြစ်ပေါ်လာမိ၏။ သို့သော် မရယ်မိအောင် စိတ်ကိုထိန်း၍ ခပ်မှန်မှန် ပြန်ပြောလိုက်၏။

“သူ့နာမည်က ဝါးရုံတောဘိုးဘိုးပါ .... ”

“ဟော .... ”

ဗေဒင်ဆရာကြီး မျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထိတ်လန့်စိုးရိမ်သည့် အ...သဏ္ဍာန်မျိုးလည်း ဖြစ်သွားသည်။

သူသည် စက္ကူပေါ်တွင် စုတ်တံ...တောင်ခြစ်မြောက်ခြစ် လုပ်နေသည်။ ဗေဒင် တွက်နေသည်ထက် ...လှုပ်ရှားနေသော သူ့စိတ်ကို ပြန်ထိန်းနေပုံ ရလေသည်။

အတန်ကြာမှ သူသည် တိန့်ထောက် ကို မော့ကြည့်လိုက်ပြီး ပြောသည်။

“ဒီလူကို မောင်ရင် ရှာမနေနဲ့တော့ .... ဘယ်လိုမှ ရှာလို့တွေ့မှာမဟုတ်ဘူး .... ”

ဗေဒင်ဆရာကြီး၏ မျက်လုံးမှာ မှုမမှန်ကြောင်း တိန့်ထောက် အကဲခတ်မိသဖြင့် သူသည် အိတ်ထဲမှ ရွှေတုံးကလေး တစ်တုံးကို နှိုက်ယူပြီး စားပွဲပေါ် အသာတင်လိုက်၏။

“သေသေချာချာ တွက်ကြည့်ပါဦး ဆရာကြီး .... ဝါးရုံတောဘိုးဘိုးကို ရှာရင် တွေ့နိုင်ပါလိမ့်မယ် .... ”

ဗေဒင်ဆရာကြီးက စားပွဲကို လက်ဝါးနှင့် ‘ဝုန်း’ခနဲ ပုတ်လိုက်ပြီး ဒေါသဖြင့် ပြန်ပြောသည်။



“ကျုပ် ဗေဒင်တွက်စားလာတာ ကြာလှပြီ .... ဘယ်တော့မှ မမှားဘူး .... ပြန်တွက်စရာလည်း မလိုဘူး .... မောင်ရင် အယုံအကြည်မရှိဘူးဆိုရင် ဘာမှ ဆက်မေးမနေနဲ့တော့ .... ”

တိန့်ထောက်က ပြုံးပြီး အိတ်ထဲမှ နောက်ထပ်ငွေတုံးတစ်တုံးကို နှိုက်ယူကာ စားပွဲပေါ် တင်လိုက်ပြန်သည်။

“ကဲ ဆရာကြီး .... လျှို့ဝှက်ချက်တွေ ထားမနေဘဲ ကျွန်တော်တို့တစ်တွေ ပွင့်ပွင့်လင်းလင်း ပြောကြရအောင် .... ဝါးရုံတောဘိုးဘိုး ဘယ်မှာရှိတယ်ဆိုတာ ဆရာကြီး သိပါတယ် .... ကျွန်တော့်ကို ဆရာကြီးဆီ တိတိကျကျ လမ်းညွှန်လိုက်တဲ့သူ ရှိနေလို့ လာခဲ့တာ .... ”

“ကျုပ်ဆီကို ဘယ်သူက လမ်းညွှန်လိုက်တာလဲ .... ”

“အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည် .... ”

ဗေဒင်ဆရာကြီး မျက်စိမျက်နှာ ပျက်သွားသည်။ ပြီးမှ သက်ပြင်းကို လေးလေးပင်ပင်ချပြီး စကားတစ်ခွန်းသာ ပြန်ပြောသည်။

“ဒီကနေ လမ်းမအတိုင်း အရှေ့ဘက်ကို တည့်တည့်သာသွား၊ ဆီးဒီတစ်ဝိုက်မှာ မင်းတွေ့ချင်နေတဲ့ ဝါးရုံတောဘိုးဘိုး ရှိတယ် .... ”

“နေရာကို တိတိကျကျ ပြောပြပါလား .... ”

ဗေဒင်ဆရာကြီးက ခေါင်းကိုခါယမ်းပြီး ....

“မပြောနိုင်တော့ဘူး .... ကျုပ်က ဘာပဲလုပ်လုပ် တစ်ဝက်တစ်ပျက်ပဲ လုပ်တတ်တယ် .... ဗေဒင်ဟောရင်လည်း တစ်ဝက်တစ်ပျက်ပဲ .... မောင်ရင့်ရွှေတုံးနဲ့ ငွေတုံးကိုလည်း ပြန်ယူသွား .... ဗေဒင်ဟောခက ဆယ်ချင်ပဲ ကျတယ် .... ကျုပ်က တစ်ဝက်တစ်ပျက်ပဲ ဟောတော့ မင်းကလည်း ငါးချင်ပဲပေးတာ .... ”

စကားဆုံးသည်နှင့် ဗေဒင်ဆရာကြီးသည် တိန့်ထောက်ကို

ဂရုမစိုက်တော့ဘဲ စောစောက ကျမ်းစာအုပ်ကြီးကို ကောက်ဖတ်နေသည်။ ဘာမှမေး၍ ပြောတော့မည် မဟုတ်သဖြင့် တိန့်ထောက်သည် သက်ပြင်းတစ်ချက်ချကာ စားပွဲပေါ်မှ ရွှေတုံးနှင့်ငွေတုံးကို ပြန်ကောက်သိမ်းသည်။ ငွေအကြွေ ငါးချင်ကို စားပွဲပေါ် တင်ထားပြီး ထ၍ထွက်ခဲ့သည်။



သူသည် မြင်းနက်ပေါ်သို့တက်၍ လမ်းမအတိုင်း အရှေ့ဘက်ကို နှင်လာခဲ့သည်။ ခပ်ဝေးဝေးကို ရောက်လာပြီးမှ မြင်းကိုလှည့်ပြီး ဘုရားကျောင်းဆီ ပြန်လာသည်။

စောစောက သစ်ပင်တွင်ပင် မြင်းကိုချည်ပြီး တစ်ဝက်တစ်ပျက်ဗေဒင်ဆရာထံ ပြန်လာသည်။

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာက တိန့်ထောက်ကို နားမလည်ဟန်ဖြင့် မော့ကြည့်သည်။ တိန့်ထောက် ပြုံးလိုက်ပြီး

"ကျန်တဲ့ နောက်တစ်ဖက်ကို မေးချင်လို့ပါ .... "

ဤတွင် တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကလည်း သဘောကျစွာ ရယ်မောလိုက်ပြီး ....

"မင်းကတော့ တကယ့်လူပဲဟေ့ .... ကဲ မေးစမ်း .... ဘာတွေ သိချင်လို့လဲ .... "

"လမ်းမအတိုင်း အရှေ့ဘက်ကို ဆယ်လီလောက်သွားပြီးရင် ဘယ်ကို ထပ်သွားရမယ် .... ဝါးရုံတောဘိုးဘိုးကို ဘယ်လိုရှာရမယ်ဆိုတာ သိချင်ပါတယ် .... "

"နေပါဦး .... မောင်ရင်က ဝါးရုံတောဘိုးဘိုးနဲ့ ဘာကိစ္စ တွေ့ချင်ရတာလဲ .... "

"သူ့ဆီမှာ မေးမြန်းစုံစမ်းစရာ ရှိလို့ပါ .... "

"မောင်ရင့်နာမည် ဘယ်သူလဲ .... "

"ကျွန်တော်ဟာ ခုမှ သိုင်းလောကထဲကို ဝင်လာတဲ့သူပါ၊ ကျွန်တော့်နာမည်က မထင်ရှားသေးပါဘူး .... "

"ဒါဖြင့်လည်း သွားပေတော့ .... ငါပြောသလိုသာ လမ်းမ အတိုင်း အရှေ့ဘက်ကို ဆယ်လီအထိဆက်သွား .... ဝမ်အုံစန်းတော ကို ရောက်လိမ့်မယ် .... အဲဒီတောင်ပေါ်မှာ ဝါးရုံတောဘိုးဘိုး နေ တယ် .... ပြီးပြီ သွားတော့ .... "

ဗေဒင်ဆရာကြီးက ကျမ်းစာအုပ်ကို ပြန်ကြည့်နေသည်။

တိန့်ထောက်လည်း စားပွဲပေါ်ကို နောက်ထပ် ငွေငါးချပ် တင်ထားပြီး ထွက်လာခဲ့လေသည်။ သူသည် ဗေဒင်ဆရာကြီး လမ်း ညွှန်ချက်အတိုင်း လာခဲ့သည်။

ဝမ်အုံစန်း တောင်ခြေရွာတစ်ရွာကို တွေ့ရသဖြင့် စားသောက် ဆိုင်တစ်ဆိုင်တွင် ဝင်၍ စားသောက်ရင်း သူမြင်းကို အပ်နှံခဲ့သည်။

ဝမ်အုံစန်းတောင်ပေါ်သို့ မြင်းနှင့်တက်၍ မရကြောင်း သိရ သောကြောင့်ဖြစ်၏။

ပြီးနောက် .... သူသည် စားနပ်ရိက္ခာအချို့ကိုဝယ်ပြီး တောင် ပေါ်ခရီးကို နှင်လာခဲ့၏။

တိန့်ထောက်သည် တောင်ပေါ်ကို တက်လာရင်းမှ မျက်စိ ကို လျှင်လျှင်ထားကာ လူနေအိမ်ခြေကို တွေ့ရလိုတွေ့ရငြား ကြည့်ခဲ့ သည်။

ဝမ်အုံစန်းတောင်ပေါ်သို့ ရောက်လာသောအခါ ညသန်းခေါင် ပင် ကျော်သွားပြီဖြစ်၏။ သူသည် ဝါးရုံတောဘိုးဘိုးကို တွေ့ချင်လွန်း သောဆန္ဒနှင့် အနားမယူဘဲ ဆက်တက်ခဲ့ခြင်း ဖြစ်၏။



ပြီးတော့ .... သူသည် ကိုယ်ဖော့ပညာ ကျွမ်းကျင်သော သိုင်းသမားတစ်ယောက်လည်း ဖြစ်နေပြီဖြစ်သဖြင့် သိပ်ပြီး ပင်ပင်ပန်း ပန်း မရှိလှချေ။

ထိုစဉ် သူ့နားထဲတွင် မာန်သွင်းအော်ဟစ်သံများကို စတင် ပြီး ကြားရသည်။ လူနှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေ၍ ပေါ်ထွက် လာသော အသံမျိုးဖြစ်၏။

တိန့်ထောက်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး အသံများ လာ ရာဘက်ဆီသို့ ကိုယ်ဖော့ပညာကိုသုံးကာ ပြေးခဲ့သည်။

လမင်းမှာ ထိန်ထိန်သာနေသောကြောင့် သူသည် ဘေးပတ် ဝန်းကျင်ကို မှုန်ဝါးဝါး မြင်နေရ၏။

တောအုပ်ကို လွန်လာသောအခါ တောင်ကုန်းတစ်ကုန်းကို တွေ့ရသည်။ တောင်ကုန်းပေါ်တွင် လူရိပ်သဏ္ဌာန်နှစ်ခု ယှဉ်ပြိုင်တိုက် ခိုက်နေကြသည်ကို လရောင်ဖြင့် တွေ့မြင်ရသည်။

ဓား၊ဓားချင်း ထိမိသံများမှာ တိတ်ဆိတ်သော ညကို ဖောက် ထွင်းကာ တထန်းထန်း မြည်ဟည်းနေသည်။

တိုက်ပွဲမှာ ပြင်းထန်လွန်းလှလေသည်။

တိန့်ထောက်က မလှမ်းကမ်းအထိ ရောက်အောင်လာပြီး သစ်ပင်ကွယ်မှ တိုက်ပွဲအခြေအနေကို ကြည့်နေသည်။ နီးနီးကပ်ကပ် သို့ရောက်လာသဖြင့် တိုက်ခိုက်အော်ဟစ်သံများကို ပို၍ ညံစီစွာ ကြား ရသည်။

တိုက်ခိုက်နေသူ နှစ်ယောက်စလုံး အဘိုးအိုများ ဖြစ်ကြပြီး အဘယ်ကြောင့် .... ဤမျှအထိ သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို တိန့် ထောက် မသိချေ။ သူတို့၏ မုတ်ဆိတ်မွေး ဖြူဖြူများက လှုပ်ရှားနေ

သလို အကျီလက်စများလည်း တဖျပ်ဖျပ် လှုပ်ခတ်နေသည်။

အဘိုးအိုနှစ်ဦး၏ သိုင်းကွက်များမှာ ကြောက်စရာကောင်းသလို ကြည့်၍လည်း ကောင်းကြ၏။ လရောင်ဖြင့် သူတို့ကိုင်ထားသော ဓားများမှာလည်း ဝင်းခနဲ လက်ခနဲ ဖြစ်သွားတတ်၏။



အတန်ကြာလျှင် နှစ်ဦးစလုံး နောက်ကို ခုန်ဆုတ်ကာ ရပ်လိုက်ကြ၏။

အရပ်ရှည်ရှည် အဘိုးအိုက မိုးထစ်ချုန်းသံကဲ့သို့ ကျယ်လောင်သောအသံဖြင့် ပြောလိုက်၏။

"ဒီညတော့ .... ကျုပ်တို့နှစ်ယောက် သူသေကိုယ်သေ တိုက်ကြမှ ဖြစ်မယ် .... "

အရပ်အနည်းငယ်ပုသော အဘိုးအိုကလည်း တင်းမာပြတ်သားသော အသံနှင့် ပြန်ပြောသည်။

"ခါတိုင်းညတွေလို အရှုံးအနိုင်မရှိဘဲ ဖြစ်နေရင်ကော ဘယ်လိုလုပ်မလဲ .... "

အရပ်ရှည်သော အဘိုးအိုက ....

"အို .... ဒီညတော့ အရှုံးအနိုင်ပေါ်အောင် တိုက်ခိုက်ကြရမှာပဲ .... "

"ကျုပ်ကလည်း ဒီအတိုင်းပါပဲ .... ခုဆို ကျုပ်တို့တွေ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့တာ နှစ်ဆယ့်ငါးညတိတိ ရှိသွားပြီ .... အရှုံးအနိုင်ပေါ်မှ ဖြစ်တော့မယ် .... "

ချောင်း၍ နားထောင်နေသော တိန့်ထောက် အံ့ဩတကြီး ဖြစ်သွားမိ၏။ ဤတောင်ကုန်းပေါ်တွင် အဘိုးအိုနှစ်ဦး ချိန်းဆိုတိုက်

နိုက်ခဲ့ကြသည်မှာ နှစ်ဆယ့်ငါးညတိတိ ရှိသွားပြီဖြစ်သော်လည်း အရှုံး အနိုင် မပေါ်သေးချေ။

သူတို့သည် မည်မျှအထိ ရန်ငြိုးရန်စ ရှိခဲ့သဖြင့် ဤကဲ့သို့ ခွဲကြီးစွာဖြင့် ယှဉ်ပြိုင်တိုက်နိုက်နေကြလေသနည်း။

အရပ်ရှည်သော အဘိုးအိုက ပြောပြန်သည်။

"နှစ်ဆယ့်ငါးည ယှဉ်ပြိုင်တာတောင်မှ အနိုင်အရှုံး မပေါ်ဘူး ဆိုတော့ ခင်ဗျားနဲ့ ကျုပ်ဟာ ဓားသိုင်းမှာ လက်ရည်တူနေပြီဆိုတာ ထင်ရှားနေတယ် .... ဒီတော့ ကျုပ်တို့တွေ ဓားသိုင်းနဲ့ မယှဉ်ပြိုင်ကြတော့ဘဲ အတွင်းအားချင်းပဲ ယှဉ်ပြိုင်ကြရင်ကောင်းမယ် .... "

အရပ်ပုသော အဘိုးအိုက ခေါင်းညိတ်၍ ....

"သိပ်ကောင်းတယ် .... ကျုပ်လည်း သဘောတူတယ် .... ဒါမှ အနိုင်အရှုံး ပေါ်တော့မယ် .... "

အဘိုးအိုနှစ်ဦးစလုံး ဓားများကို သိမ်းလိုက်ကြသည်။ သူတို့နှစ်ဦးသည် အတွင်းအားချင်း ယှဉ်ပြိုင်တော့မည်ဖြစ်ကြောင်း တိန့်ထောက် သိလေသည်။

အဘိုးအိုနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ငါးပေအကွာတွင် ရပ်တန့်လိုက်ကြသည်။

အရပ်ရှည်သော အဘိုးအိုက ပြောသည်။

"အတွင်းအားချင်း ယှဉ်ပြိုင်တဲ့အခါ လဲကျသွားတဲ့လူက အရှုံးပဲနော် .... "

"ကျုပ် နားလည်ပါတယ် .... "

ထို့နောက် အဘိုးအိုနှစ်ယောက်သည် လက်နှစ်ဖက်ဆီသို့ အတွင်းအားများ စုစည်းကာ ရင်ဝကို ထိလိုက်ကြပြီးမှ လက်နှစ်ဖက်



ကို တဖြည်းဖြည်းဆန့်တန်း တွန်းထုတ်ကြ၏။

အတွင်းအားချင်း တွန်းထုတ် ယှဉ်ပြိုင်နေကြလေပြီ။

တိန့်ထောက်သည် အသက်ပြင်းပြင်းပင် မရှူရဲဘဲ ငြိမ်၍သာ ကြည့်နေမိ၏။ ယခုလို အတွင်းအားချင်း ယှဉ်ပြိုင်နေချိန်တွင် ပတ်ဝန်းကျင်မှ ကျယ်လောင်သောအသံကို ကြားရလျှင်ပင် ယှဉ်ပြိုင်သူနှစ်ဦးစလုံး အတွင်းဒဏ်ရာ ရသွားနိုင်ကြ၏။

လွန်စွာ ကြောက်စရာကောင်းသော ယှဉ်ပြိုင်မှုပင် ဖြစ်လေသည်။

ထိုစဉ် လူရိပ်တစ်ရိပ်မှာ အဘိုးအိုနှစ်ဦး အနီးကို လှစ်ခနဲရောက်လာသည်။ သူ့လက်ထဲတွင် ယပ်တောင်ကဲ့သို့ လက်နက်တစ်ခုကို ကိုင်ထားကြောင်း လရောင်ဖြင့် တိန့်ထောက် တွေ့လိုက်ရ၏။

တိန့်ထောက် ထိတ်ခနဲဖြစ်သွားပြီး မည်သို့မှ မလှုပ်ရှားနိုင်ခင် လူရိပ်သည် သူ့လက်ထဲမှ လက်နက်ကို ဝှေ့ယမ်းလိုက်သည်။

အတွင်းအားချင်း ယှဉ်ပြိုင်နေသော အဘိုးအိုကြီး နှစ်ဦးစလုံး နောက်ကို ယိမ်းယိုင်ပြီး မြေပေါ်ကို လဲကျသွားကြသည်။

လူရိပ်မှာလည်း တောင်ကုန်းပေါ်မှ ခုန်ဆင်းပြီး ပြေးသည်။

အတွင်းအား ယှဉ်ပြိုင်နေစဉ် ဤကဲ့သို့ ကြားဖြတ်၍ လုပ်ကြံတိုက်နိုက်ခြင်းမှာ ယုတ်မာလွန်းလှသည်။ သိုင်းသမားကောင်းတို့၏ အပြုအမူမျိုး မဟုတ်ချေ။

တိန့်ထောက် ဒေါသဖြစ်သွားပြီး လူရိပ်နောက်ကို တရကြမ်း ပြေးလိုက်သည်။ တောင်ကုန်းအောက်ခြေသို့ အရောက်တွင် လူရိပ်သည် ကျောက်ဆောင်ကြီးနောက်ကွယ်သို့ ပြေးဝင်သွားကြောင်း လှစ်ခနဲ တွေ့လိုက်ရ၏။

တိန့်ထောက် ပြေးလိုက်သည်။

ကျောက်တုံးကျောက်တိုင်များ အနှံ့အပြားရှိသောနေရာကို ရောက်လာသည်။ ကျောက်တုံးကျောက်တိုင်များမှာ ဝက်ပါလို ဖြစ်နေသောကြောင့် ထွက်ပြေးသွားသူကိုမူ မတွေ့ရတော့ပါချေ။

တိန့်ထောက်မှာ ပြေးလိုက်ရင်း ကျောက်တုံး ကျောက်ဆောင်များအလယ်ကို ရောက်လာပြီး လမ်းစပျောက်သွားသည်။ သူသည် ကျောက်တုံး ကျောက်ဆောင်ကြီးများကြားတွင် တဝဲလည်လည် ဖြစ်နေစဉ် မိုးသောက်ရောင်ခြည် ပေါ်လာလေသည်။

မိုးသောက်ယံအချိန်သို့ ရောက်လာလေပြီ။ အမှောင်ထုကို နေရောင်သည် ဖောက်ထွင်းတော့မည် ဖြစ်၏။

## အခန်း (၄)

## မှတ်ဆိတ်ဖြူအဘိုးအို

တိန့်ထောက်သည် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးဆီကို ရောက်လာသည်။

ထိုနေရာတွင် သစ်ပင်များ အုပ်ဆိုင်းစွာလည်း ပေါက်နေသည်။

စမ်းချောင်းဘေးတွင် လမ်းလေးတစ်လမ်းကို တွေ့ရသဖြင့် လမ်းအတိုင်း လျှောက်ခဲ့ရာ သချိုင်းအုတ်ဂူလိုလို ဂူတစ်ခုကို တွေ့ရသည်။

အုတ်ဂူတွင် မှတ်တိုင်ကျောက်ပြား စိုက်ထူထားသည်။

တိန့်ထောက်သည် မှတ်တိုင်ကျောက်ပြားမှ ရေးထွင်းထားသောစာကို ဖတ်ကြည့်ပြီးနောက် မျက်လုံးပြူးသွားသည်။

တုန်လှုပ် ချောက်ချားသွားသည်။

မှတ်တိုင်ကျောက်ပြားတွင် ရေးထားသောစာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ကျောက်ဝက်ပါတောင်ကြား အရှင်သခင်ကြီး
ဝါးရုံတော ဘိုးဘိုး၏ အုတ်ဂူ

တိန့်ထောက် စိတ်ဓာတ်ကျသွားသည်။

သူ၏ မျိုးရိုးဇာစ်မြစ်ကို သိရန်မှာ လမ်းစပျောက်လေပြီ။

ဝါးရုံတောဘိုးဘိုးသည် ကွယ်လွန်သွားလေပြီ။

တိန့်ထောက်သည် အုတ်ဂူများတွင် ခဏမျှရပ်၍ ငိုင်နေပြီးမှ လာလမ်းအတိုင်း ပြန်လျှောက်ခဲ့သည်။

နောက်ဆုံးတွင် အဘိုးအိုနှစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသော တောင်ကုန်းပေါ်သို့ ပြန်ရောက်လာသည်။

သူသည် အဘိုးအိုနှစ်ဦးအတွက် စိုးရိမ်သလို ၎င်းအဘိုးအိုနှစ်ဦးထံမှ ဝါးရုံတော ဘိုးဘိုးအကြောင်းကို သိရလိုသိရငြား တွေးမိ၍ ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

တောင်ကုန်းပေါ်တွင် အဘိုးအိုနှစ်ဦးစလုံး မလှုပ်မယှက် လဲကျနေကြတုန်း ဖြစ်၏။

တိန့်ထောက်သည် အရပ်ရှည်သော အဘိုးအိုအနီးတွင် ဦးဆုံးဒူးထောက်၍ ကြည့်သည်။

ထိုအဘိုးအို၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်နှင့် နားရွက်ထဲမှ သွေးများ စီးကျထွက်နေပြီး သေဆုံးနေလေပြီ။

တိန့်ထောက် စိတ်မချမ်းမသာ ဖြစ်သွားပြီး အရပ်အနည်းငယ်ပုသော အဘိုးအို လဲကျနေရာဆီသို့ လျှောက်လာခဲ့၏။ ထိုအဘိုးအိုကမူ တိုးညင်းသောအသံဖြင့် ညည်းတွားနေလေသည်။

အသက်မသေသေးသဖြင့် တိန့်ထောက်သည် ၎င်းအဘိုးအိုကို ကမန်းကတန်း ပွေ့ထူလိုက်၏။

အဘိုးအိုပါးစပ်မှ သွေးများ အန် ထွက်နေပြီး မုတ်ဆိတ်ဖြူများမှာ သွေးများပေကျံနေသည်။



တိန့်ထောက်သည် အဘိုးအို၏ သွေးကြောများကို လက်ညှိုးဖြင့်ထောက်ကာ နှိပ်နယ်ပေးသည်။ ထိုအခါမှ အဘိုးအိုသည် ကျယ်လောင်စွာ ညည်းတွားလိုက်ပြီး မျက်လုံးအစုံကို ဖွင့်ကြည့်သည်။

တိန့်ထောက် သူ့ကို ပြုစုနေခြင်းဖြစ်ကြောင်း သိသဖြင့် အားနည်းသော လေသံဖြင့်ပြောသည်။

"ကျုပ်ကို ပြုစုမနေပါနဲ့တော့ .... ကျုပ်ရထားတဲ့ ဒဏ်ရာက အသက်ရှင်ဖို့ မလွယ်တော့ပါဘူး .... "

"စိတ်မလျှော့ပါနဲ့ ဘကြီးရယ် .... ကျွန်တော် တတ်သလောက် မှတ်သလောက် ပြုစုပါရစေ .... "

တိန့်ထောက်က ပြောပြောဆိုဆို သူ့ရင်ဖုံးအိတ်ထဲမှ ဆေးပုလင်းငယ်ကလေး တစ်လုံးကိုယူပြီး ဆေးပုလင်းထဲမှ ဆေးလုံးကလေးသုံးလုံးကို ထုတ်ကာ အဘိုးအိုအား ကျွေးလိုက်၏။

ပြီးမှ .... သူသည် အဘိုးအို၏သွေးကြောကို နှိပ်နယ်ပေးနေပြန်၏။

နေရောင်သည် တစ်စထက်တစ်စ ပိုမိုထိန်လင်းလာသည်။

တိန့်ထောက် နှိပ်နယ်ပေးနေစဉ် အဘိုးအိုသည် အသက်ရှူမှန်လာသည်။ သွေးလည်ပတ်မှုလည်း မှန်လာသည်။

တိန့်ထောက်သည် လူတစ်ယောက်၏ အသက်ကို ကယ်တင်လိုက်နိုင်သည့်အတွက် ဝမ်းသာသွားသည်။

"ဘကြီးရဲ့ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ပါဘူး .... ဆယ်ရက်လောက် အနားယူလိုက်မယ်ဆိုရင် သက်သာသွားမှာပါ .... ဒါပေမယ့် ဘကြီးရဲ့ ညာဘက် ခြေထောက်တစ်ဖက်တော့ ပြန်ကောင်းလာလိမ့်မယ် မထင်ဘူး .... "

အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"အင်း .... အသက်မသေတာဘဲ တော်လှပါပြီကွယ် .... ငါ့ကို ခုလို ပြုစုတဲ့အတွက် မောင်ရင့်ရဲ့ ကျေးဇူးကို မမေ့ပါဘူး .... "

"ဘကြီးနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့သူတော့ သေဆုံးသွားပါပြီ၊ သူက ဘယ်သူလဲ ဘကြီး .... "

"သူကတော့ .... ဟော့ဒီ ဝမ်အုံစန်းတောင် သိုင်းသမားကြီးပဲကွယ့် .... "

"ဖြစ်ရလေ ခင်ဗျာ .... ဘာဖြစ်လို့ ဘကြီးတို့နှစ်ယောက် သဲသဲမဲမဲ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတာလဲ .... ရန်ငြိုးရန်စ ရှိခဲ့ကြလို့လား"

အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"အင်း .... ရန်ငြိုးရန်စတော့ မရှိခဲ့ကြပါဘူးကွယ် .... ငါတို့ နှစ်ယောက်စလုံး ပညာမာနတက်ပြီး ယှဉ်ပြိုင်ခဲ့မိကြတာပါပဲ .... ခုတော့ ကြားကဝင်တဲ့ ရန်သူလက်ချက်ကြောင့် သူ့ခမျာ အသက်ဆုံးရှာတယ် .... ငါတောင် မင်းကယ်ပေလို့ မသေတယ် .... အင်း လွန်မှပဲ နောင်တတရား ရမိတယ်ကွယ် .... ဒါနဲ့ ကြားကဝင်ပြီး ငါတို့ကို လုပ်ကြံသွားတဲ့သူကိုကော မင်း တွေ့လိုက်ရဲ့လား .... "

"ဟုတ်ကဲ့ တွေ့လိုက်ပါတယ် .... ညဘက်မို့လို့ မျက်နှာကိုတော့ သေသေချာချာ မမြင်လိုက်ရဘူး .... လူကတော့ ပိန်ပိန်ရှည်ရှည်ပဲ .... လက်ထဲမှာလည်း ယပ်တောင်လိုလို လက်နက်ကို ကိုင်ထားတယ် .... ကျွန်တော်လည်း ဒီလူယုတ်မာကို ဒေါသထွက်ပြီး နောက်ကနေ ပြေးလိုက်သေးပေမယ့် မျက်ခြည်ပြတ်သွားတယ်"

"အဲဒီလူဟာ ဘယ်သူဘယ်ဝါလဲဆိုတာ ကျုပ်သိပါတယ်"

"ဘယ်သူလဲ ဘကြီး .... "



"သိုင်းဘီလူးရှစ်ဖော်ထဲက သေမင်းစေတမန် ဘီလူးပေါ့"

"ဟင် ဟုတ်လား .... "

"တော်သေးတာပေါ့ကွယ် .... သူဟာ အဆိပ်သုံးမသွားလို့ ...ဆို ကျုပ်လည်း ဘယ်လိုနည်းနဲ့မှ အသက်ရှင်နိုင်မှာမဟုတ်ဘူး"

"ဘကြီးကကော ဘယ်သူလဲ .... "

"ကျုပ်ဟာ ကျောက်ဝက်ပါတောင်ကြား သိုင်းသမားပဲ"

တိန့်ထောက် အံ့သြတကြီး ဖြစ်သွားသည်။

"ကျောက်ဝက်ပါတောင်ကြား သိုင်းသမားကြီး ကွယ်လွန် ...သွားပြီ မဟုတ်လား .... စောစောကပဲ သူ့ရဲ့အုတ်ဂူကို ကျွန်တော် ...တွေ့ခဲ့ရသေးတယ် .... "

တိန့်ထောက်၏ စကားကြောင့် အဘိုးအိုမှာ မျက်နှာ ကွက် ...ဖျက်သွားသည်။

အတန်ကြာအောင် တွေတွေကြီး ဖြစ်နေပြီးမှ ....

"ကျုပ်က .... ကျောက်ဝက်ပါတောင်ကြား သိုင်းသမားကြီး ...ပညာအမွေအနှစ်ကို ဆက်ခံထားသူ ဆိုပါတော့ကွယ် .... ဒါနဲ့ ...မောင်ရင်က ဒီတောင်ပေါ်ကို လာခဲ့တာဟာ ဘယ်လိုအကြောင်းကိစ္စ ...လဲ .... "

"ကျွန်တော် လူတစ်ယောက်ကို လာရှာတာပါ .... "

"ဘယ်သူလဲ .... "

"ဝါးရုံတော ဘိုးဘိုး .... "

"ဘာ .... "

အဘိုးအိုမှာ စိတ်လှုပ်ရှားသွားပြီး ဆတ်ခနဲ ထရပ်လိုက်၏။ ...သည် ညာခြေကို ထောက်၍မရသဖြင့် ခြေတစ်ဖက်နှင့်သာ မှေး၍

ရပ်နေသည်။

တိန့်ထောက်လည်း ထရပ်လိုက်ပြီး လေသံအေးအေးနှင့် ပြောလိုက်၏။

"ဘကြီးက ဝါးရုံတောဘိုးဘိုးရဲ့ ပညာအမွေအနှစ်ကို ဆက် ထားဟဲ့သူဆိုတော့ .... ကျွန်တော် သိချင်တာလေး မေးပါရစေ"

"မောင်ရင်က .... ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ် လို့ ကျုပ်သိတာဆိုရင် ပြောပါ့မယ် .... ဒါပေမယ့် တစ်ခုတော့ ရှိတယ် ဝါးရုံတောဘိုးဘိုးနဲ့ ပတ်သက်နေတာ ဆိုရင်တော့ ကျုပ် ပြောနိုင်မှာ မဟုတ်ဘူး .... "

"ဝါးရုံတောဘိုးဘိုး မသေခင် ဘကြီးကို ထူးထူးခြားခြား ဘာ မှာသွားတယ်ဆိုတာ သိချင်ပါတယ် .... "

အဘိုးအိုက စဉ်းစားလိုက်ပြီးမှ ....

"မမှာပါဘူး .... "

ဘိုစဉ် တောင်ကုန်းအောက်ဘက်ဆီမှ အချက်ပေးသကဲ့သို့ ဆူးဆူးရားရား အော်ဟစ်သံတစ်သံ ပေါ်ထွက်လာသည်။ အဘိုးအို နားစွင့်ထောင်လိုက်ပြီးမှ ....

"ကျုပ်မိတ်ဆွေတစ်ယောက် ရောက်လာတယ် .... မောင်ရင် ခဏစောင့်ပါဦး .... သူ့ကို ခဏလောက် သွားတွေ့လိုက်ဦးမယ်"

တိန့်ထောက် ခေတ္တမျှ စဉ်းစားလိုက်ပြီး ....

"သွားတွေ့ပါ ဘကြီး .... "

အဘိုးအိုသည် ခြေထောက်တစ်ဖက်ကို လုံးဝမထောက်ဘဲ ကျန်ခြေထောက်တစ်ဖက်နှင့်ပင် ကိုယ်ဖော့ပညာကိုသုံးကာ တောင် ကုန်းအောက်သို့ ဆင်းသွားလေတော့၏။



တိန့်ထောက်သည် တောင်ကုန်းထိပ်တွင်ပင် အဘိုးအို ပြန် လာကိုစောင့်ရင်း ကျန်ခဲ့သည်။

အချိန်အတော်ကြာသွားသော်လည်း ကျောက်ဝက်ပါ တောင် ကြား သိုင်းသမားကြီးသည် ပြန်ရောက်၍ မလာချေ။

တိန့်ထောက်သည် တောင်ကုန်းပေါ်မှဆင်းပြီး အဘိုးအိုကို ရှာသော်လည်း မတွေ့ချေ။ နောက်ဆုံးတွင် ကျောက်တုံးကျောက်တိုင်များ ပေါများသော ကျောက်ဝက်ပါတောင်ကြားမှ ဝါးရုံတောဘိုးဘိုး၏ အုတ်ဂူဆီသို့ ပြန်ရောက်လာသည်။

ထိုအခါမှ အုတ်ဂူဘေးတွင် ခြေတစ်ဖက်ကိုထောက်၍ ရပ်ကာ သူ့ကို လှမ်းကြည့်နေသော ကျောက်ဝက်ပါတောင်ကြား သခင်ကြီးကို တွေ့ရလေတော့၏။

အဘိုးအိုက ပြုံး၍

"ကျုပ်ကိုစောင့်ရတာ စိတ်မရှည်လို့ မောင်ရင်က ဒီထိအောင် လာရှာတာကိုး .... "

တိန့်ထောက်က မျက်နှာထား တည်တည်ဖြင့် ပြန်မေးသည်။

"ဘကြီးရဲ့ မိတ်ဆွေကော .... "

အဘိုးအိုက ခပ်တိုတိုသာ ပြန်ဖြေသည်။

"ရှိပါတယ် .... "

"ဘကြီးကို တစ်ခုလောက် မေးပါရစေ .... "

"မေးပါ မောင်ရင် .... "

"ဝါးရုံတောဘိုးဘိုး မသေခင်က .... ဘကြီးကို တိန့်မျိုးနွယ်



မိသားစုရဲ့အကြောင်းကိုများ မှာကြားသွားပါသေးသလား .... "

အဘိုးကြီး စိတ်လှုပ်ရှားသွားပြီး တိန့်ထောက်ကို စိမ်းစိမ်းကြီးကြည့်သည်။ ပြီးမှ လေသံပြတ်နှင့် မေးသည်။

"မောင်ရင်က ဘယ်သူလဲ .... "

"ကျွန်တော့်နာမည် တိန့်ထောက်ပါ .... "

အဘိုးအို ပိုမို စိတ်လှုပ်ရှားသွားပြီး ....

"မောင်ရင်က တိန့် အမျိုးအနွယ်ကိုး .... မောင်ရင့်အဖေက ဘယ်သူလဲ .... "

"ဒီအဖြေကို ကျွန်တော်လည်း သိချင်နေပါတယ် .... "

"မောင်ရင့်အမေကကော .... "

"ဖေ့ကြည်ကျန်းလို့ ခေါ်တယ်မဟုတ်လား .... "

ထိုအသံမှာ အုတ်ဂူကြီး နောက်ဘက်ဆီမှ ပေါ်ထွက်လာခြင်း ဖြစ်လေသည်။ စကားသံအဆုံးတွင် အုတ်ဂူကြီးနောက်မှ လူတစ်ယောက် ထွက်လာသည်။ ထိုသူ့ကို မြင်ရသောအခါ တိန့်ထောက် အံ့သြသွားသည်။

"ဟင် .... ဗေဒင်ဆရာကြီး .... "

အုတ်ဂူနောက်မှ ထွက်လာသူမှာ တစ်ဝက်တစ်ပျက် ဗေဒင်ဆရာ ဖြစ်လေသည်။ တိန့်ထောက်သည် ချက်ချင်းပင် ပြုံးလိုက်ပြီး

"သြော် .... ဆရာကြီးလည်း ရောက်နေတာကိုး .... ဟုတ်ပါတယ် ခင်ဗျာ .... ကျွန်တော့်မေမေရဲ့ နာမည်ဟာ ဖေ့ကြည်ကျန်းပါ"

တိန့်ထောက်၏ စကားအဆုံးတွင် အဘိုးကြီးနှစ်ယောက်စလုံး တိန့်ထောက်ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်ကြတော့၏။ သူတို့နှစ်ယောက်စလုံး တိန့်ထောက်ကို အရိုအသေ ပေးကြသည်။

တိန့်ထောက် အံ့ဩသွားပြီး အနေရ အထိုင်ရလည်း ခက်သွားသည်။

"ဘယ်လိုဖြစ်ကြတာလဲ .... ကျွန်တော့်ကို ဘာဖြစ်လို့ အရိ အသေ ပေးနေကြတာလဲ .... "

ကျောက်ဝက်ပါတောင်ကြား သခင်ကြီးဆိုသူ၏မျက်နှာ မော့လာပြီး တိန့်ထောက်ကို ရိုဝေသော မျက်လုံးအစုံနှင့် ကြည့်သည်။ သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်များ ရစ်ဝဲလျက် ရှိနေသည်။ သူ့မျက်နှာသွင်ပြင်က ကြေကွဲဆို့နစ်ခြင်းအသွင်ကို ဆောင်နေသည်။

သူက ဆို့နစ်သောလေသံဖြင့် ပြန်ပြောသည်။

"တော်ပါသေးရဲ့ သခင်လေးရယ် .... တစ်ဦးအပေါ်တစ်ဦး ထင်အမြင်တွေမှားပြီး .... မတော်တာတွေ ကြံစည်မိကြရင်တော့ အခက်ပဲ .... "

"ကျွန်တော်တော့ .... ဘာမှ နားမလည်နိုင်တော့ဘူး .... ကျွန်တော် နားလည်သဘောပေါက်အောင်လည်း ပြောပြကြပါဦး"

ကျောက်ဝက်ပါတောင်ကြား သိုင်းသမားအဘိုးအိုက သူ့ရင်ဘတ်ကို လက်နှင့်ပုတ်ပြပြီး ....

"ကျုပ် ဝါးရုံတောဘိုးဘိုးပါပဲ သခင်လေး .... "

"ဟင် ဟုတ်လား .... "

တိန့်ထောက် အံ့ဩဝမ်းသာသွားလေသည်။

အဘိုးကြီးနှစ်ယောက်စလုံး ဒူးထောက်နေရာမှ ထရပ်လိုက်ကြ၏။

ဝါးရုံတောဘိုးဘိုးက ရိုကျိုးသောလေသံဖြင့် ပြောသည်။

"အထဲကို သွားကြရအောင် သခင်လေး .... သခင်လေး



းလည်သဘောပေါက်အောင် ကျုပ်တို့ ရှင်းပြပါ့မယ် .... ဒီမှာတော့ ပြောလို့ဆိုလို့ မကောင်းပါဘူး .... "

"အထဲ ဟုတ်လား .... ဘယ်အထဲလဲ .... ဒီမှာ ဘကြီးရဲ့အိမ် ရှိသလား .... "

"ရှိပါတယ် .... သခင်လေး ကျုပ်တို့နဲ့သာ လိုက်ခဲ့ပါ"

အဘိုးအိုနှစ်ယောက်က ရှေ့မှ ဦးဆောင်သွားသောအခါ တိန့်ထောက်လည်း အံ့ဩစိတ်ဖြင့် နောက်မှ လိုက်လာခဲ့လေသည်။

## အခန်း (၅)

# ဃူးအတိတ် နောက်ကြောင်း

သူတို့သည် အုတ်ဂူကြီးနောက်ဘက်သို့လျှောက်လာခဲ့ကြသည်။

အုတ်ဂူနောက်တွင် မြက်ရိုင်းပင်များ ပေါက်နေပြီး မြက်ရိုင်းပင်များကို ဖယ်ရှားလိုက်သောအခါ သံကွင်းကလေး တစ်ကွင်းကို တွေ့ရလေသည်။

ထိုသံကွင်းကို ဆွဲမလိုက်သည်တွင် တံခါးတစ်ချပ် ပွင့်သွားပြီး မြေအောက် အပေါက်ဝတစ်ပေါက် ပေါ်လာသည်။

"အောက်ကို ဆင်းကြရအောင် သခင်လေး ...."

သူတို့သည် လှေကားထစ်များအတိုင်း မြေအောက်ကို ဆင်းခဲ့ကြသည်။

ကျောက်ပြားချက်ကို ပြန်ပိတ်ခဲ့ကြ၏။

ဝါးရုံတောဘိုးဘိုးမှာ ခြေနှစ်ချောင်းစလုံးဖြင့် လမ်းလျှောက်နိုင်သည်ကို တိန့်ထောက် တွေ့ရ၏။ လွန်စွာ အစွမ်းထက်သည့်ဆေးကို လိမ်းခဲ့သဖြင့် ခြေထောက် ပြန်ကောင်းခြင်း ဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိသည်။



ဝါးရုံတောဘိုးဘိုးက .... မှောင်ကြီး မည်းမည်းထဲတွင် တိန့်ထောက်လက်ကို ဆွဲ၍ခေါ်သည်။

ခြေလှမ်းသုံးဆယ်ခန့် လျှောက်မိလျှင် တကျိမ်းကျိမ်းနှင့် ကျောက်တံခါးချပ် ပွင့်သံကို တိန့်ထောက် ကြားရသည်။

ကျောက်တံခါး ပွင့်သွားလျှင် ခန်းမကျယ်ကြီးကို တွေ့ရသည်။

ခန်းမကျယ်ကြီးထဲတွင် မီးရောင်တွေ ထိန်လင်းနေသည်။

ကျောက်စားပွဲများ၊ ကျောက်ခုံများ၊ ကျောက်ခုတင်များလည်း ရှိနေသည်။

ဂူနံရံကို ဗီရိုသဖွယ် ချိုင့်များလုပ်ထားပြီး အိုးခွက်ပန်းကန်နှင့် အသုံးအဆောင်ပစ္စည်းများကို ထားသည်။

အဘိုးအိုနှစ်ယောက်နှင့် တိန့်ထောက်သည် ကျောက်စားပွဲတစ်လုံးတွင် ဝိုင်း၍ ထိုင်လိုက်ကြ၏။

"ကိုင်း ဝါးရုံတောဘိုးဘိုး .... သခင်လေး နားလည်သဘောပေါက်အောင် ခင်ဗျားကပဲ ရှင်းပြလိုက်ပါတော့ ...."

ဝါးရုံတောဘိုးဘိုးက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးမှ တိန့်ထောက်ကို ကြည့်၍မေးသည်။

"သခင်လေးရဲ့မေမေ .... သခင်မကြီး အခု ဘယ်မှာလဲ"

တိန့်ထောက် မျက်နှာညှိုးသွားပြီး

"မေမေ ကွယ်လွန်သွားတာ နှစ်နှစ်ကျော်ပါပြီ ...."

"ဟင် ...."

"အို ...."

အဘိုးအိုကြီး နှစ်ယောက်စလုံး ငိုင်သွားကြသည်။ သူတို့၏

မျက်လုံးအိမ်များတွင်လည်း မျက်ရည်များရစ်ဝဲလာသည်။ တိန့်ထောက်ကမူ မိခင်ကို အထူးသတိရလာပြီး မျက်ရည်ကျမိသည်။

ခဏနေမှ တိန့်ထောက် ပြောသည်။

"ဘကြီး .... ကျွန်တော့်ဖေဖေနဲ့ မေမေရဲ့အကြောင်းကို သိချင်ပါတယ် .... ကျွန်တော့်ရဲ့ ဇာစ်မြစ်ကို သိချင်ပါတယ် .... "

ဝါးရုံတောဘိုးဘိုးသည် သူ့မျက်လုံးအိမ်ထဲမှ မျက်ရည်များထွက်မကျစေရန် မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်သည်။ ပြီးမှ ....

"သခင်လေး .... တောင်ပိုင်းရွာစုနဲ့ မြောက်ပိုင်းရဲတိုက်ကြီးအကြောင်းကို ကြားဖူးသလား .... "

"ဟင့်အင်း .... ကျွန်တော် မကြားဖူးပါဘူး .... "

"တောင်ပိုင်းရွာစုဆိုတာက .... တုန်းတိန် ရေအိုင်ဒေသမှာရှိပါတယ် .... မြောက်ပိုင်း ရဲတိုက်ကတော့ ဝမ်ရဲ့ ရဲတိုက်ကြီးကို ပြောတာပါ .... တောင်ပိုင်းရွာစုဆိုတာကတော့ ချီယွင်ရွာစုကို ခေါ်တာပါ .... တောင်ပိုင်း ချီယွင်ရွာစုနဲ့ မြောက်ပိုင်း ဝမ်ရဲ့ရဲတိုက်ကြီးမှာ အဆင့်မြင့်တဲ့ သိုင်းသမား အင်အားတွေ အတော်များများ ရှိနေကြပါတယ် .... တစ်ချိန်တုန်းကဆိုရင် ကျုပ်တို့ရဲ့သခင်ကြီး သခင်လေးတို့ရဲ့ ဖေဖေဟာ သိုင်းအကျော်အမော်ကြီးတစ်ယောက်ပါပဲ .... မိုးကောင်းဓားသမား တိန့်ရောင်ရှမ်းဆိုတာ သခင်လေးရဲ့ ဖေဖေပါပဲ .... "

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးက ရေနွေးကြမ်းကရားယူပြီး ပန်းကန်လုံး သုံးလုံးထဲသို့ ငှဲ့ထည့်ပေးသည်။

ဝါးရုံတော ဘိုးဘိုးက ရေနွေးကြမ်းတစ်ခွက်ကို ကုန်အောင်သောက်လိုက်ပြီးမှ ဆက်ပြောသည်။

"အဲဒီအချိန်တုန်းက .... တောင်ပိုင်း ချီယွင်ရွာစုရဲ့ သခင်ကြီးဟာ နတ်နဂါးဘွဲ့ကို ရထားတဲ့ ချူဟွာဟီပေါ့ .... မြောက်ပိုင်း ဝမ်ရဲ့ရဲတိုက်သခင်ကြီးကတော့ ကျင့်စန်းကျန်းပဲ .... သူတို့တစ်တွေ ပူးပေါင်းပြီး သခင်လေးရဲ့ဖေဖေကို လုပ်ကြံသတ်ဖြတ်ဖို့ စီစဉ်ကြတယ် .... တစ်ချိန်တုန်းက ရန်ငြိုးရန်စ ဆိုပါတော့ .... လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ် .... အဲ .... သခင်လေး သုံးနှစ်သားအရွယ် မိုးတွေသဲသဲမဲမဲ ရွာနေတဲ့ညမှာတော့ ကျုပ်တို့နဲ့ သခင်ကြီးတို့နေတဲ့ဆီကို သိုင်းသမားကြီးရှစ်ယောက် ရောက်လာကြတယ် .... သူတို့ရှစ်ယောက်ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် နာမည်ကြီးနေတဲ့ သိုင်းသမားကြီးတွေပဲ .... သူတို့ လာခဲ့တဲ့ရည်ရွယ်ချက်ကတော့ အိမ်သားအားလုံးကို တိုက်ခိုက်ပြီး သခင်ကြီးကို သုတ်သင်ဖို့ပဲပေါ့ .... "

"နေပါဦး ဘကြီး .... ဖေဖေက သူတစ်ပါးအပေါ်မှာ မတရားလုပ်ခဲ့ဖူးသလား .... "

ဝါးရုံတောဘိုးဘိုးက ခေါင်းကိုခါယမ်းလိုက်ပြီး ....

"သခင်ကြီးဟာ လူကောင်းသူကောင်းတွေအပေါ် ဘယ်တော့မှ ဒုက္ခမပေးဘူး .... မတရားမလုပ်ဘူး .... မဟုတ်မတရားလုပ်နေတဲ့လူတွေ လူဆိုးလူမိုက် ဒုစရိုက်သမားတွေကိုတော့ ကောင်းကောင်းကြီး ဆုံးမတတ်တယ် .... ဒါကြောင့် ဒုစရိုက်ခေါင်းဆောင်ကြီးနှစ်ဦးဖြစ်တဲ့ နတ်နဂါး ချူဟွာဟီနဲ့ ဝမ်ရဲ့ ရဲတိုက် သခင်ကြီး ကျင့်စန်းကျန်းတို့က အဲဒီအဆင့်မြင့် သိုင်းသမားကြီး ရှစ်ယောက်ကို စေလွှတ်ပြီး သခင်လေးရဲ့ဖေဖေကို လုပ်ကြံခိုင်းတာပေါ့ .... သူတို့ရဲ့ အဖွဲ့သားတွေလည်း အင်အားများ ကြီးမားလာပြီး အိမ်ကို ဝိုင်းထားကြတယ်၊ ကျုပ်တို့ရဲ့ အင်အားကတော့ လူနှစ်ဆယ်လောက်ပဲရှိလို့ သိပ်ပြီးနည်းနေတယ် .... ဒါပေမယ့် သခင်ကြီးနဲ့ ကျုပ်တို့ဟာ ရန်သူတွေကို အစွမ်း

ကုန်ပြန်တိုက်ကြပါတယ် .... သခင်လေးရဲ့မေမေ သခင်မကြီးကလည်း သခင်လေးကို တစ်ဘက်က ချီထားပြီး ရန်သူတွေကို ပြန်တိုက်ခဲ့တာပဲ"

"ဟင် .... မေမေက သိုင်းပညာတတ်တယ် ဟုတ်လား .... ကျွန်တော်တောင် မသိဘူး .... "

"တတ်တာပေါ့ .... သခင်လေးရဲ့ မေမေကလည်း အဆင့်မြင့် သိုင်းပညာကို တတ်မြောက်ထားတာပဲ .... ရန်သူရဲ့အင်အားက များနေတော့ ကျုပ်တို့ဘက်က အရေးနိမ့်တာပေါ့ .... သိုင်းသမားရှစ်ယောက်က လက်နက်ပုန်းနဲ့ ဝိုင်းပစ်ကြလို့ သခင်လေးရဲ့ဖေဖေလည်း ကျဆုံးခဲ့ရတယ် .... "

"တောက် .... "

တိန့်ထောက်က မမြင်လိုက်ရသော ဖခင်အတွက် ယူကျုံးမရ ဖြစ်ပြီး တောက်တစ်ချက် ခေါက်လိုက်မိသည်။

ဝါးရုံတောဘိုးဘိုးက ဆက်ပြောသည်။

"သခင်ကြီးရဲ့အဖြစ်ကိုမြင်ရတော့ ကျုပ်တို့လည်း မထူးတော့ဘူးဆိုပြီး ရန်သူကို တရကြမ်း ပြန်တိုက်တယ် .... သခင်မကြီးကိုတော့ ကျုပ်တို့ရဲ့လူ သုံးယောက်က ကယ်ထုတ်သွားနိုင်ခဲ့တယ် .... သခင်လေးကတော့ သိုင်းသမားရှစ်ယောက်ထဲက တစ်ယောက်ရဲ့လက်ထဲမှာ ပါသွားတယ် .... "

"အဲဒီလူက ဘယ်သူလဲဘကြီး .... "

"သူ့နာမည်ကိုတော့ ဒီနေ့အထိ ကျုပ်တို့မသိဘူး .... သူ့အကျီရင်ဘတ်က ဟနေလို့ သူ့ရင်ဘတ်မှာ နဂါးရုပ်ကြီးတစ်ရုပ် ဆေးမင်ကြောင် ထိုးထားတာကိုတော့ မှတ်မှတ်ရရ တွေ့လိုက်ရတယ် .... ကျုပ်တို့လည်း သခင်လေးကို အဲဒီလူက ဖမ်းခေါ်သွားတာမြင်တော့



နိုင်းပြီး လိုက်ကြပါသေးတယ် .... ဒါပေမယ့် ရန်သူအင်အားက များနေတော့ မရပါဘူး .... အိမ်ကိုလည်း မီးရှို့ခံရတယ် .... ဒီကတည်းက ကျုပ်တို့လည်း သခင်ကြီးနဲ့ သခင်လေးရဲ့သတင်းကို မကြားကြရတော့ပါဘူး .... "

"ဘဘကြီးတို့က ဖေဖေ့ရဲ့ လူယုံကြီးတွေလား .... "

"ဆိုပါတော့ကွယ် .... ကျုပ်တို့ဟာ စုစုပေါင်း လေးယောက်ပဲ .... ကွမ်းရှိုက်နယ် သိုင်းသမားလေးဖော် ဆိုပါတော့ .... သခင်ကြီးကို ရိုသေလေးစားလွန်းလို့ သခင်ကြီးဆီမှာ အလုပ်အကျွေး ပြုနေကြတာ ဆိုပါတော့ .... ကျုပ်တို့ ညီနောင်လေးဖော်ထဲမှာ အကြီးဆုံးက ခုံယိမြောင်တဲ့ .... ကျုပ်နာမည်က လီမောက်ကျူ .... ပြီးတော့ ဟောဒီ တစ်ဝက်တစ်ပျက် ဗေဒင်ဆရာအသွင်နဲ့နေတဲ့ သူပဲ .... နောက်တစ်ယောက်ကတော့ ချန်စင်းတဲ့ .... အစ်ကိုကြီး ခုံယိမြောင်နဲ့ ချန်စင်းကတော့ အခု မရှိကြဘူး .... သခင်လေးတို့ သားအမိရဲ့သတင်းကို စုံစမ်းဖို့ ထွက်သွားတာ ကြာပြီ .... သခင်လေးတို့ကကော ဘယ်ရောက်ပြီး ဘယ်လိုတွေ ဖြစ်နေကြတာလဲ .... "

တိန့်ထောက်ကလည်း ဝမ်ရဲ့ ရဲတိုက်တွင် နေထိုင်ခဲ့ရသော သူတို့သားအမိ အဖြစ်ဆိုးကို ပြောပြလိုက်သည်။

သူတို့သခင်မကြီး ဖေ့ကြည်ကျန်း ကိုယ့်ကိုယ်ကို ကြိုးဆွဲချ၍ သတ်သေသွားကြောင်း သိရသောအခါ ကြေကွဲဆို့နစ်သွားကြပြီး ဝမ်ရဲ့ ရဲတိုက်မှ ဒုစရိုက်သမားများကို အခွင့်အရေး ပေးသည်နှင့် တိုက်ခိုက်ချေမှုန်းရန် ကတိသစ္စာ ပြုလိုက်ကြ၏။

တိန့်ထောက်သည် ဝမ်ရဲ့ရဲတိုက်မှ သူ ထွက်လာပြီး နောက်ပိုင်း အဖြစ်အပျက်များကိုလည်း ပြောပြသည်။ မဟူရာ သိုင်းသမား၏

နာမည်ကိုတော့ ထုတ်ဖော်မပြောချေ။ ယခုလည်း သူ့ ဆရာက သိုင်းလောကတွင် လှုပ်ရှားရန် စေလွှတ်လိုက်ကြောင်း ပြောပြ၏။

ဝါးရုံတောဘိုးဘိုးက အံ့အားသင့်သွားပြီး ....

"နှစ်နှစ်လောက်နဲ့ အဆင့်မြင့် သိုင်းပညာကို သင်ပေးနိုင်တယ်ဆိုတော့ သခင်လေးရဲ့ ဆရာက ထိပ်တန်းသိုင်းသမားကြီးတစ်ဦးပဲ ဖြစ်မယ် .... ဘယ်သူလဲ သခင်လေး .... "

"သည်းခံပါ ဘကြီး .... ကျွန်တော့်ရဲ့ဆရာက သူ့နာမည်ကို လျှို့ဝှက်ထားပါတယ် .... "

အဘိုးအိုနှစ်ယောက်လည်း မမေးတော့ချေ။

တိန့်ထောက်ကသာ မေးသည်။

"ကျွန်တော် မေးပါရစေဦး .... အဲဒီတုန်းက ကျွန်တော်တို့ မိသားစုကို လာပြီးတိုက်ခိုက် သတ်ဖြတ်ဖမ်းဆီးကြတဲ့ သူတွေက ဘယ်သူတွေလဲ .... ဘကြီး မှတ်မိသမျှ ကျွန်တော့်ကို ပြောပြပါ .... "

ဝါးရုံတောဘိုးဘိုးက စဉ်းစားလိုက်ပြီးမှ ....

"အခု အသက်ရှင်နေသေးတဲ့ သူတွေကတော့ သံတောင်ပံငှက် သိုင်းသမားရယ် .... ပြီးတော့ သေမင်းစေတမန်ဘီလူးရယ်"

တိန့်ထောက်က ကြားဖြတ်၍ ....

"သေမင်းစေတမန်ဘီလူးဆိုတာ သိုင်းဘီလူး ရှစ်ယောက်ထဲက တစ်ယောက်ပဲ မဟုတ်လား ဘကြီး .... "

ဝါးရုံတောဘိုးဘိုးက ခေါင်းညိတ်၍ ....

"ဟုတ်ပါတယ် သခင်လေး .... ဒါကြောင့် ကျုပ်နဲ့ဝမ်အုံစန်း တောင်မှာ ယှဉ်ပြိုင်တိုက်ခိုက်နေကြတုန်းက သူက ကြားဖြတ် ဝင်လာပြီး တိုက်ခိုက်သွားတာပေါ့ .... ကျုပ်ကို မှတ်မိလို့ ခုလို လုပ်ကြသွားတာပဲ ဖြစ်လိမ့်မယ် .... "



"နာမည်တွေကို ဆက်ပြောပါဦး ဘကြီး .... "

"အဲ .... နောက်တစ်ယောက်က အသည်းမည်းသိုင်းသမား ဟုဖေးတဲ့ .... နောက်တစ်ယောက်ရဲ့နာမည်ကိုတော့ မသိဘူး .... ရင်ဘတ်မှာ နဂါးရုပ်ကြီး ဆေးမင်ကြောင် ထိုးထားတဲ့သူပေါ့ .... "

တိန့်ထောက် အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"ဒီလူငါးယောက်ကို ကျွန်တော် မတွေ့တွေ့အောင် ရှာပြီး သုတ်သင်ရမယ် .... သင်းတို့ဟာ ရက်စက်ယုတ်မာတဲ့ ဒုစရိုက်ကောင်တွေပဲ .... သူတို့အားလုံး တောင်ပိုင်း ချီယွင်ရွာစုမှာ နေကြလိမ့်မယ်နဲ့တူတယ် .... ကျွန်တော် သွားရှာမယ် .... "

ဝါးရုံးတောဘိုးဘိုး မျက်လုံးပြူးသွားပြီး ....

"သခင်လေးတစ်ယောက်တည်း ချီယွင်ရွာစုကို သွားလို့ ဘယ်ဖြစ်မလဲ .... အဲဒီမှာနေကြတဲ့ သိုင်းသမားတွေဟာ အားလုံး အဆင့်မြင့်သိုင်းသမားတွေချည်းပဲ .... ပြီးတော့ ကျုပ်တို့ စုံစမ်းကြည့်ပြီးပြီ .... အခုပြောတဲ့ လူငါးယောက်ဟာ ချီယွင်ရွာစုမှာ မရှိကြဘူး"

တိန့်ထောက် သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"ဒါနဲ့ ကျွန်တော်တို့ရဲ့အိမ်ဂေဟာ ဘယ်အရပ်ဘယ်ဒေသမှာ ရှိတာလဲ .... "

"သြော် .... ဟုတ်သားပဲ .... ကျုပ်ပြောဖို့ မေ့နေတယ် .... သခင်လေးတို့ အိမ်ဂေဟာက လုံးကျူးစန်းတောင်ကုန်းပေါ်မှာ ရှိပါတယ် .... အဲ .... ဒါပေမယ့် ခုတော့ ပြာပုံတောင် ရှိမှာမဟုတ်တော့ပါဘူး .... "

တစ်ဝက်တစ်ပျက်ဗေဒင်ဆရာက တိန့်ထောက်၏မိဘနှစ်ပါး

လူပျို့အပျိုဘဝက ချစ်ရေးကြိုက်ရေးကိစ္စများကိုပါ ဝင်ပြောပြသည်။

တိန့်ထောက်၏ဖခင် တိန့်ရှောင်ရှမ်းကို မိခင်ဖြစ်သူ ဖေ့ကြည်ကျန်းနှင့် စူးချင်းချင်း ဆိုသော မိန်းကလေးနှစ်ယောက်က ပြိုင်တူမေတ္တာရှိနေကြကြောင်း၊ သခင်ကြီးတိန့်ရှောင်ရှမ်းက ဖေ့ကြည်ကျန်းကိုသာ အိမ်ထောင်ဘက်အဖြစ်ရွေးလိုက်ကြောင်း၊ စူးချင်းချင်းမှာ တိန့်ရှောင်ရှမ်းအပေါ် စိတ်နာသွားပြီး လူဝတ်ကြောင်ကိုစွန့်၍ မျက်နှာအေးသီလရှင်ထံတွင် တပည့်ခံပြီး သီလရှင် ဝတ်သွားကြောင်း ပြောပြ၏။

ထို့နောက် သူတို့တစ်တွေ မနက်စာစားကြသော်လည်း စိတ်လှုပ်ရှားနေကြသဖြင့် စားမဝင်ကြချေ။

သူတို့သုံးဦးတိုင်ပင် ဆုံးဖြတ်ခြင်းလည်း ပြုကြ၏။

တစ်ဝက်တစ်ပျက်ဗေဒင်ဆရာက မူလအတိုင်း ဗေဒင်ဆရာဟန်ဆောင်ပြီး သတင်းများကိုယူရန်၊ ဝါးရုံတောဘိုးဘိုးကလည်း ဤနေရာတွင်ပင် စခန်းချနေရန်၊ တိန့်ထောက်ကမူ ခရီးထွက်၍ စုံစမ်းနည်းနာရန် ဆုံးဖြတ်လိုက်ကြ၏။

အခန်း (၆)

## သားမြီးယပ်လက်နက်ရှင်

တိန့်ထောက်သည် တောင်ခြေရှိ စားသောက်ဆိုင်သို့ ရောက်သောအခါ သူအပ်ထားခဲ့သော မြင်းနက်ကြီးကိုယူပြီး တောင်ဘက်ဒေသဆီသို့ မြင်းကိုနှင်ကာ ခရီးဆက်ခဲ့သည်။

လီနှစ်ဆယ်ခန့် ခရီးပေါက်လာသောအခါ လမ်းဘေးတောအုပ်တွင်းမှ ဝတ်စုံနီဝတ်ထားသည့် မိန်းမချောလေးတစ်ဦး လှစ်ခနဲပြေးလွှားထွက်လာပြီး မြင်းရှေ့တွင် ရပ်လိုက်သည်။ တိန့်ထောက်လည်း မြင်းဇက်ကြိုးကိုဆွဲပြီး ရပ်လိုက်ရသည်။

ထို မိန်းမချောကလေးကို မြင်မြင်ချင်း တိန့်ထောက် ချက်ချင်းမှတ်မိ၏။ သူမကား သွေးရိပ်သခင်မ၏တပည့် ဖန်းပင် ဖြစ်လေသည်။

ဖန်းပင်က ဝေဆာသောအပြုံးနှင့် တိန့်ထောက်ကို ကြည့်၍တင် စကားဆိုသည်။

"မောင်လေး .... မမကို မှတ်မိသေးရဲ့လား .... မမကတော့မောင်လေး လာနေတာကို အဝေးကြီးက မှတ်မိနေတာနဲ့ထွက်သွားထားတာ' .... "

သူမသည် လွန်ခဲ့သော နှစ်နှစ်ကကဲ့သို့ အပြောင်းအလဲ မရှိ ချေ။

တိန့်ထောက်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသော်လည်း ပြုံ ပြုံးပြလိုက်ပြီး ....

"မှတ်မိပါတယ် .... ကျွန်တော့်ကို ထမ်းခေါ်ခဲ့တဲ့ အဖြစ်ဟာ မေ့လောက်စရာ အဖြစ်မှ မဟုတ်ဘဲ .... "

"မမကို မှတ်မိသေးတယ်ဆိုတာ ကြားရလို့ ဝမ်းသာပါတယ် ငါ့မောင်ကတော့ နှစ်နှစ်အတွင်းမှာ သိပ်ပြီးပြောင်းလဲသွားပါလား"

ထိုစဉ် တောအုပ်တွင်းမှ တိန့်ထောက်မှတ်မိသော အသံ တစ်သံ ပေါ်ထွက်လာသည်။

"ဘယ်သူလဲ ဖန်းပင် .... ဟို သူငယ်လား .... "

ထိုအသံမှာ သွေးရိပ်သခင်မ၏အသံဖြစ်ကြောင်း တိန့်ထောက် သိလိုက်ပြီး စိတ်ထဲတွင် လှုပ်ရှားသွားသည်။

ဖန်းပင်က တောအုပ်ဘက်ကိုလှည့်၍ ကျိုးနွံစွာ ပြန်ဖြေ သည်။

"ဟုတ်ပါတယ် သခင်မကြီး .... တိန့်ထောက်ပါ .... မြင်းတွေ ဘာတွေ အကျစီးလို့ ဘယ်သွားမလို့လဲ မသိဘူး .... "

"သူ့ကို ငါ့ဆီ ခေါ်လာခဲ့စမ်း .... "

ဖန်းပင် မြင်းဇက်ကြိုးကို လှမ်းဆွဲပြီး ပြောသည်။

"လာ မောင်လေး .... သခင်မကြီးကို သွားတွေ့လိုက်ပါဦး"

"ကျွန်တော့်မှာ အချိန်မရဘူး .... သွားစရာ အရေးတကြီး ကိစ္စရှိနေလို့ပါ .... "

"အို မောင်လေးကလည်း .... သခင်မကြီးက တွေ့ချင်လို့ ခေါ်နေတာ ခဏတော့ လိုက်ခဲ့ပါ .... "

ဖန်းပင်က အတင်းအကျပ် ပြောနေသဖြင့် တိန့်ထောက် ငြင်းရခက်နေသည်။ သေမင်းစေတမန်ဘီလူးဖြစ်သည့် သူ၏ရန်သူ တော်မှာ သွေးရိပ်သခင်မပါဝင်သော သိုင်းဘီလူးရှစ်ဖော်အဖွဲ့မှ လူတစ် ယောက် ဖြစ်သည်ကို တိန့်ထောက် သတိရလိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်၏။

"ရှေ့ကသွားပါ .... ကျွန်တော် လိုက်ခဲ့မယ် .... "

ဖန်းပင်က ရှေ့ကသွားတော့ တိန့်ထောက်လည်း မြင်းဇက် ကြိုးကိုဆွဲ၍ တောအုပ်ထဲကို လိုက်လာခဲ့သည်။

"မောင်လေးက မမကို မမလို့ မခေါ်တော့ဘူးလား .... "

လမ်းတွင် ဖန်းပင်က လှည့်၍ ပြောသော်လည်း တိန့်ထောက် က ဘာမှပြန်မပြောချေ။

တောအုပ်ထဲသို့ရောက်လျှင် အနီရောင် ဝေါယာဉ်ရပ်ထား သည်ကို တိန့်ထောက် တွေ့ရသည်။ ဝေါယာဉ်အနီးတွင် ရပ်နေကြသော ဝေါယာဉ်ထမ်းသမား နှစ်ဦးမှာလည်း လွန်ခဲ့သော နှစ်နှစ်က တိန့် ထောက် တွေ့မြင်ခဲ့သော ဝေါယာဉ်ထမ်းသမားနှစ်ဦးပင် ဖြစ်၏။ တိန့် ထောက်မှာ မြင်းနက်ကြီးကို သစ်ပင်တစ်ပင်တွင် ချည်ခဲ့ပြီး ဝေါယာဉ် ဆီသို့ လျှောက်သွားကာ လက်နှစ်ဖက်ကိုဆုပ်၍ စကားဆိုလိုက်၏။

"သခင်မကြီးကို .... ကျွန်တော် တိန့်ထောက်က နှုတ်ခွန်း ဆက်သပါတယ် ခင်ဗျာ .... "

ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ၏ လွင်စီသောအသံ ပြန်ပေါ် လာ၏။

"တိန့်ထောက် .... လွန်ခဲ့တဲ့ နှစ်နှစ်က မင်းကို ဝေါယာဉ်

ခေါင်မိုးပေါ်မှာတင်ပြီး ခေါ်ခဲ့ပါလျက်နဲ့ ဘာဖြစ်လို့ ခုန်ချပြီး ဆင်း... ခဲ့ရတာလဲ .... "

"ကျွန်တော် ခုန်ချပြီး ဆင်းနေခဲ့တာ မဟုတ်ပါဘူး ...."

တိန့်ထောက်သည် ထိုစဉ်က သူ့ အဖြစ်အပျက်ကို ပြန်... ပြလိုက်၏။

"ဩော် .... ဒီလိုကိုး .... ခုတော့ မင်းက ဓားလွယ်လို့ပါလာ... သိုင်းပညာတွေ သင်ကြားတတ်မြောက်နေပြီပေါ့ ဟုတ်လား ...."

တိန့်ထောက်က ကွယ်ဝှက်မနေတော့ဘဲ ပြောသည်။

"ဟုတ်ကဲ့ .... ဒီနှစ်နှစ်အတွင်းမှာ ကျွန်တော် သိုင်းပညာသ... ကြားခဲ့ပါတယ် .... "

"မင်းရဲ့ဆရာက ဘယ်သူလဲ .... "

"ဆရာရဲ့ဆန္ဒအရ ကျွန်တော့်မှာ ပြောခွင့်မရှိပါဘူး ...."

ဝေါယာဉ်ထဲမှ အသံတိတ်သွားသည်။ ခဏနေမှ ထပ်မံ... စကားသံ ပေါ်ထွက်လာလေသည်။



"တိန့်ထောက် .... လွန်ခဲ့တဲ့နှစ်နှစ်က မင်းကို ဖန်းပင်က ...ပြခဲ့တယ် မဟုတ်လား .... ငါ့မှာ လျှို့ဝှက်သိုင်းကျမ်းတစ်ကျမ်း ...တယ် .... အဲဒီ သိုင်းကျမ်းထဲက ပညာရပ်တွေကို မင်းလို လူငယ်သာ ...ကျင့်သင်ကြားလို့ရမယ် ဆိုတာလေ .... "

တိန့်ထောက် မိန်းမချောကလေး ဖန်းပင်ကို မျက်လုံးတစ်ချက် ...ကြည့်လိုက်ပြီးမှ ဝေါယာဉ်ကိုကြည့်ကာ ပြန်ပြောသည်။

"ဟုတ်ကဲ့ .... ကျွန်တော့်ကို ပြောပြဖူးပါတယ် .... ဒါကြောင့် ...ည်း အဲဒီတုန်းက သခင်မကြီးတို့နဲ့ ကျွန်တော် လိုက်ခဲ့တာပေါ့ .... ...ပမယ့် အခြေအနေက တစ်မျိုးပြောင်းပြီး သင်ကြားခွင့်မရခဲ့ဘူး ... .... "

တိန့်ထောက်က ကြားကောင်းအောင် ပြန်ပြောလိုက်ခြင်း ... ဖြစ်၏။

သခင်မကြီးအသံ ပေါ်လာပြန်သည်။

"အခုလည်း .... ငါဟာ မင်းကို ငါ့ရဲ့ လူတစ်ယောက်လိုပဲ ...ဘာထားပါတယ် .... သိုင်းကျမ်းထဲက ပညာရပ်တွေကို မင်း သင် ...ပါသေးတယ် .... ငါနဲ့ပဲ လိုက်လာခဲ့ပါ .... "

"သခင်မကြီးရဲ့စေတနာကို ကျွန်တော် အထူးပဲ ကျေးဇူးတင် ...တယ် .... ဒါပေမယ့် ကျွန်တော် မသင်တော့ပါဘူး .... "

ဖန်းပင်က ဝင်ပြောသည်။

"အို ရခဲလှတဲ့ အခွင့်အရေးကို မောင်လေးက ဘာဖြစ်လို့ ငြင်းရတာလဲ .... မောင်လေးသာ ဒီလျှို့ဝှက်သိုင်းကျမ်းထဲက သိုင်း ပညာရပ်တွေကို တတ်မြောက်သွားမယ်ဆိုရင် သိုင်းလောကမှာ ဂုဏ် ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်လာမှာအမှန်ပဲ .... "

ဝေါယာဉ်ထဲမှ သခင်မကြီးအသံလည်း ပေါ်လာသည်။

"တိန့်ထောက် .... မင်း အတွေးမမှားစမ်းနဲ့ .... မင်းကို ... သိပ်ပြီး သဘောကျလို့ ဒီလျှို့ဝှက်သိုင်းကျမ်းထဲက ပညာရပ်တွေကို သင်ပေးမှာ .... မင်းနဲ့ထိုက်လို့ မင်းရမှာ .... ဘာဖြစ်လို့ ငြင်းနေရတာ လဲ .... "

"ကျွန်တော့်မှာ ဆရာရှိနေပါပြီ .... ကျွန်တော့်ရဲ့ဆရာ ခွင့်မပြုဘဲ ဘယ်သူ့ဆီမှ သိုင်းပညာထပ်ပြီး မသင်ချင်ဘူး .... "

"သိုင်းပညာကို နှစ်နှစ်လောက်သင်ရုံနဲ့ မင်းကိုယ်မင်း ဟုတ် လှပြီထင်ပြီး ခေါင်းမာနေတာလား တိန့်ထောက် .... ငါ့ကို လွန်ဆ ... တာလား .... "

တိန့်ထောက်သည် စိတ်ထဲတွင် ခံပြင်းသွားသဖြင့် ဘာမှ ပြန် မပြောတော့ဘဲ နောက်ကို ချာခနဲလှည့်ကာ သူ့မြင်းနက်ကြီးဆီသို့ ... လျှောက်လာသည်။

သစ်ပင်မှ ကြိုးကိုဆွဲဖြုတ်ပြီး မြင်းဇက်ကြိုးကို ဆွဲလိုက်၏။

"ဖန်းပင် .... သူ့ကို မသွားစေနဲ့ .... "

ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ၏ အမိန့်သံ ပေါ်လာသည်။

"နေဦး .... "

ဖန်းပင်က အော်ဟစ်လိုက်ပြီး တိန့်ထောက်ရှေ့ကို ရော ...



လာကာ ဝိတ်ရပ်လိုက်သည်။

တိန့်ထောက် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျွန်တော့်ကို လမ်းဖယ်ပေးပါ .... အနှောင့်အယှက်မပေး ဖို့ တောင်းပန်ပါတယ် .... "

ဖန်းပင်က ပခုံးတွန့်လိုက်ပြီး ....

"မမလည်း မတတ်နိုင်ဘူးလေ .... သခင်မကြီးရဲ့အမိန့်အတိုင်း ဆောင်ရွက်ရမှာပဲ .... မင်းကသာ သခင်မကြီးနဲ့ အဆင်ပြေအောင် စကားပြောပါ .... "

တိန့်ထောက်က ဖန်းပင်ကို ကွေ့ရှောင်ပြီး မြင်းကို ဆွဲထွက် သည်။

မိန်းမချောကလေးဖန်းပင်က သူမ၏ လက်ဝါးနှင့်တိန့်ထောက် ကို တွန်းပုတ်လိုက်၏။

"ဟိတ် .... "

"ဖြောင်း .... "

"ဖြန်း .... "

တိန့်ထောက်၏ ဘယ်ဘက်လက်ကလည်း ဝှေ့ယမ်းသွားပြီး သူတို့ လက်ချင်း ရိုက်မိသွားသည်။

တိန့်ထောက်မှာ မြင်းဇက်ကြိုးကို ကိုင်၍ရပ်မြဲ ရပ်နေသော် လည်း ဖန်းပင်ကမူ နောက်ကို ခြေသုံးလှမ်းခန့် ဆုတ်သွားသည်။

ဖန်းပင် မျက်လုံးအပြူးသား ဖြစ်သွားပြီး တိန့်ထောက်ကို အံ့သြတကြီး ကြည့်သည်။

"ဟင် .... နှစ်နှစ်တာပဲ ပညာသင်ခဲ့ရတဲ့ မင်းရဲ့အတွင်းအားက ကောင်းလှချည်လား .... မယုံနိုင်စရာဘဲ .... "

ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မမှာ ဖန်းပင်နှင့်တိန့်တောက်တို့၏ အခြေအနေကို မြင်နေဟန်တူသည်။ ပြတ်သားစွာ အမိန့်ပေးလိုက်ပြန်၏။

"ဖန်းပင် .... သူ့ကို သွေးလက်ဝါးသိုင်းကွက်သုံးပြီး တိုးတိုက်၊ သူ့ရဲ့ သိုင်းပညာအဆင့်ဟာ ထင်ထားတာထက် အများကြီးကောင်းနေတယ် .... "

"သွေးလက်ဝါးသိုင်း .... "

တိန့်တောက် စိတ်ထဲမှာ ရေရွတ်လိုက်မိ၏။

သွေးလက်ဝါးသိုင်းကွက်၏ ကြောက်စရာ ကောင်းပုံကို တိန့်တောက် ကောင်းကောင်းကြီးသိထားသည်။

သူနှင့်ဖန်းပင်တို့ စပြီးတွေ့သည့်နေ့က အဆင့်မြင့်သိုင်းသမားနှစ်ယောက်ကို ဖန်းပင်သည် သွေးလက်ဝါးသိုင်းကွက်ကိုသုံး၍ အလွယ်တကူ သတ်ဖြတ်သုတ်သင်နိုင်ခဲ့သည်မှာ သူ့မျက်မြင်ဖြစ်၏။

မိမိကိုသာ ကြောက်စရာကောင်းသော သွေးလက်ဝါးသိုင်းကွက်နှင့် တိုက်ခိုက်ပါက မိမိကလည်း သက်ညှာနိုင်လိမ့်မည် မဟုတ်တော့ဟု တိန့်တောက် စိတ်ထဲမှဆုံးဖြတ်လိုက်၏။



ဖန်းပင်မှာ တိန့်တောက်ကို သွေးလက်ဝါးသိုင်းကွက်သုံးပြီး တိုက်ခိုက်ချင်ပေ။

ထို့ကြောင့် ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မကြီးကို လှမ်းမေးလိုက်၏။

"သခင်မကြီး .... သူ့ကို သွေးလက်ဝါးသိုင်းကွက်သုံးပြီးတိုက်မှာလား .... "

"ဖန်းပင် ငါပြောတာ မင်းကြားပါတယ် .... ငါ့ကို ထပ်မေးနေစရာမလိုဘူး .... "

"သခင်မကြီး .... သူ့ကို အသေသတ်ခိုင်းနေတာလား"

ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မက ဒေါသသံနှင့်ပြန်ပြောသည်။

"စကားရှည်မနေနဲ့ .... တိုက်တော့ .... "

ဖန်းပင်မှာ သူမ၏ သခင်မကြီးကို ထပ်မံ မမေးရဲတော့ပါချေ။

သူမသည် လက်ဝါးနှစ်ဖက်တွင် အတွင်းအား စုစည်းလိုက်ပြီး သိုင်းကွက်ကို နင်းလိုက်တော့၏။

သူမ၏ မျက်နှာပြင်မှာ နီမြန်းလာကာ သူမ၏ လက်ဝါးနှစ်ဖက်စလုံးမှာလည်း တဖြည်းဖြည်းနှင့်သွေးရောင်သမ်းလာသည်။

တိန့်တောက်က တုန်လှုပ်ဟန်မပြဘဲ ဖန်းပင်၏ လက်ဝါးပြင်နှစ်ဖက်ကိုသာ ကြည့်နေသည်။

ဖန်းပင်က အံကိုတင်းတင်းကြိတ်ထားရင်း တိန့်ထောက်ကို ပြောသည်။

"မောင်လေး .... အခုချက်ချင်း သခင်မကြီးကို တောင်းပန် လိုက်ပါ .... အချိန်ရပါသေးတယ် .... ဆက်ပြီး ခေါင်းမာနေဦးမယ် ဆိုရင်တော့ မမလည်း မညှာနိုင်တော့ဘူး .... "

တိန့်ထောက်ကလည်း အေးစက်စက် လေသံနှင့်ပြန်ပြော သည်။

"မမကို ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး .... သခင်မကြီးရဲ့အမိန့်ကြောင့်သာ မမက ကျွန်တော့်ကို ခုလို တိုက်ခိုက်ရ တယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် .... ကျွန်တော့်အနေ နဲ့ကတော့ ကာကွယ်ဖို့ပဲ ရှိပါတယ် .... "

စကားဆုံးသည်နှင့် တိန့်ထောက်သည် မြင်းဇက်ကြိုးကို လွှတ် ပေးလိုက်ပြီး မြင်းကို ပုတ်ထုတ်လိုက်၏။ ပြီးမှ ဖန်းပင်ထံသို့ တရွေ့ ရွေ့ လျှောက်လာသည်။ ထိုသို့ လျှောက်လာရင်းကမှ သူ့တစ်ကိုယ်လုံး ရှိ အတွင်းအားများကို စုစည်းထားလေသည်။

"ဟိတ် .... "

"ယား .... "

"ဗိုး .... ဗိုး .... ဗိုး .... "

"ဝုန်း .... "

ဖန်းပင်က သူ့လက်ဝါးနှစ်ဖက်ဖြင့် တိန့်ထောက်ကို တွန်း လိုက်သည်။ တိန့်ထောက်ကလည်း သူ့လက်ဝါးနှစ်ဖက်ကို ရုတ်ခြည်း ဆန့်တန်း၍ ပြန်တွန်းသည်။

ဖန်းပင်၏လက်ဝါးမှ သွေးရိပ်များ လှုပ်ရှားသွားသည်။



နှစ်ဦးစလုံး ချာလပတ်လည်သွားကြပြီးနောက် အသီးသီး နောက်သို့ ဆုတ်လိုက်ကြ၏။

တိန့်ထောက် မျက်နှာပြင် ဖြူရော်သွားသည်။

ဖန်းပင်ကမူ ထိတ်လန့်အံ့ဩသော မျက်နှာနှင့် တိန့်ထောက် ကို ကြည့်နေသည်။ တိန့်ထောက်သည် သူမ၏ သွေးလက်ဝါးရိုက်ချက် ကို ကောင်းစွာ ခုခံကာကွယ်နိုင်လေသည်။

ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ၏ အသံပင်လျှင် တုန်လှုပ်စွာ ပေါ်လာသည်။

"သွေးလက်ဝါး ရိုက်ချက်ကို ပြန်ပြီး တွန်းထုတ်နိုင်တဲ့လူဆိုလို့ မင်းတစ်ယောက်ကိုပဲ ငါ တွေ့သေးတယ် တိန့်ထောက် .... မင်းရဲ့ အတွင်းအားဟာ သိပ်ပြီး မြင့်မားနေပါလား .... ကောင်းပြီ ငါ ထွက်လာခဲ့မယ် .... "

သူမ၏ သခင်မကြီး ထွက်လာတော့မည်ဆိုသဖြင့် ဖန်းပင်လည်း မျက်စိပျက်မျက်နှာပျက်နှင့်နောက်ကို ဆုတ်ပေးလိုက်သည်။ သူမသည် တိန့်ထောက်အတွက် လွန်စွာ စိုးရိမ်သွားသည်။

ယခုနေ ထွက်ပြေးသွားလျှင် လွတ်မြောက်နိုင်သေးသည်ဟု ဖန်းပင် တွေးမိသည်။ တိန့်ထောက်သာ ထွက်ပြေးသွားလျှင် သူမ တစ်ဦးတည်းသာ လိုက်၍တားရမည်။ ထိုသို့သာဆိုပါက သူမသည် တိန့်ထောက်ကို လွှော့လွှော့ပေ့ါပေ့ါ တိုက်ခိုက်နိုင်မည် ဖြစ်၏။

သို့သော် တိန့်ထောက် ထွက်မပြေးချေ။ ဝေါယာဉ်ဘက်ကို လှည့်၍ မလှုပ်မယှက် ရပ်နေလေသည်။ သူသည် ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ ထွက်လာမည်ကို စောင့်ကြည့်နေသည်။

ဝေါယာဉ်တံခါး ပွင့်သွားသည်။



ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ ခေါင်းငုံ့၍ ထွက်လာသည်။

သွေးရိပ်သခင်မ မြေပေါ်တွင်ရပ်ပြီး ခေါင်းမော့လိုက်သောအခါ တိန့်ထောက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အလွန်အမင်းလည်း အံ့သြတကြီး ဖြစ်သွားသည်။

သူသည် သွေးရိပ်သခင်မကို အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါး ရှိနေပြီဖြစ်သော အဘွားကြီးဟု ထင်မှတ်ထားသည်။

ယခုမူ ထိုသို့မဟုတ်ဘဲ အသက်နှစ်ဆယ့်ငါးနှစ် အရွယ်ခန့်ရှိ မိန်းမချောတစ်ယောက် ဖြစ်နေသည်။ လွန်စွာ ချောမောလှပြီး ညို့မျက်လုံးကို ပိုင်ဆိုင်သူလည်း ဖြစ်၏။

တိန့်ထောက်သည် သူမကို မန်းစန်းတောင်ပေါ်ရှိ ရှေးဟောင်းသင်္ချိုင်းဂူများအနီးတွင် တစ်ကြိမ်မြင်ခဲ့ဖူးသည်။

ထိုစဉ်က ဝတ်စုံဖြူဝတ်ထားသော မိန်းမချောကလေးပင် ဖြစ်၏။

သွေးရိပ်သခင်မ၏ အလှကား ယောကျ်ားသားတို့အတွက် စိတ်လှုပ်ရှား၍ ရင်ခုန်ရသော အလှမျိုး ဖြစ်၏။

သူတစ်သက်တွင် ဤမျှချောမောလှပ၍ ဖွံ့မက်စရာ ကောင်းသော အမျိုးသမီးမျိုးကို မမြင်တွေ့ခဲ့ဘူးပါချေ။

သွေးရိပ်သခင်မက သူ့ကို ပြုံး၍ ကြည့်နေသည်။

တိန့်ထောက်မှာ စိတ်ညို့ခံထားရသူတစ်ယောက်လို မလှုပ်မယှက်ငိုင်ငိုင်ကြီး ဖြစ်နေသည်။

သူသည် အသက်ပြင်းပြင်း ရှူနေမိ၏။ နဖူးပြင်မှ ချွေးများပင် ယိုစီးထွက်လာကြသည်။

သူသည် တကယ်ပင် သွေးရိပ်သခင်မ၏အလှတွင် ယစ်မူး

နေလေပြီ။

"ကြည့်လှချည့်လားကွယ် .... "

သွေးရိပ်သခင်မက ပြုံးစစဖြင့် ပြောတော့မှ သူသည် အနည်းငယ် သတိဝင်လာပြီး ....

"ခင် .... ခင်ဗျားဟာ သွေးရိပ်သခင်မလား .... "

"ဘာလဲ မင်းကမယုံလို့လား .... ဟင်း .... ဟင်း ...., ဟင်း"

သွေးရိပ်သခင်မက ညှို့ဓာတ်ပါသည့် ရွှန်းမြသည့် မျက်လုံးအစုံနှင့် တိန့်ထောက်ကိုကြည့်၍ ရှေ့ကို တစ်လှမ်းချင်း လျှောက်လာသည်။

သူမ လျှောက်လာရင်းမှ ချော့မြှူသံနှင့် ပြောသည်။

"ငါ့နောက်ကိုပဲ အေးအေးဆေးဆေး လိုက်ခဲ့ပါ တိန့်ထောက်ရယ် .... အတွေးမမှားချင်စမ်းပါနဲ့ .... မင်း စိတ်ချမ်းသာအောင် ငါက ထားမှာပါ .... "

နှစ်နှစ်အတွင်း စိတ်ဓာတ်ကြံ့ခိုင်အောင် ကျင့်ခဲ့သော တိန့်ထောက်မှာ သွေးရိပ်သခင်မ၏အလှတွင် ယစ်မူးပြီး ပြိုပျက်ရတော့မည်ဖြစ်၏။

သူသည် သွေးရိပ်သခင်မ၏ဆန္ဒကို လွန်ဆန်ခြင်း မရှိတော့ချေ။

တိန့်ထောက် .... 'လိုက်ပါ့မယ်'ဟု ပြောမည် ကြံရွယ်လိုက်စဉ်မှာပင် သွေးရိပ်သခင်မသည် မျက်နှာတစ်ချက်ကွက်ခနဲ ပျက်သွားပြီး အော်ဟစ်မေးမြန်းလိုက်၏။

"ဟေ့ ဘယ်သူလဲ .... "

ထိုနောက် သူမသည် ချာခနဲလှည့်ကာ ဝေါယာဉ်ထဲသို့ ပြန်



ဝင်သွားတော့၏။

ဝေါယာဉ်တံခါးလည်း ပိတ်သွားသည်။

ဖန်းပင်ကလည်း သူမကျောမှ ဓားကို ရွှမ်းခနဲ ဆွဲထုတ်၍ ကိုင်လိုက်၏။

လူရိပ်တစ်ရိပ် လှစ်ခနဲ ရောက်လာသည်။

ဖန်းပင်၏ရှေ့တွင် ရပ်တန့်သွားသည်။ ရောက်လာသူကို မြင်ရသောအခါ တိန့်ထောက် မျက်လုံးပြူးသွားသည်။ သူ့ နှုတ်မှလည်း အံ့သြတကြီး ရေရွတ်လိုက်၏။

"မျက်နှာအေးသီလရှင် .... "

ရောက်လာသူမှာ အမှန်ပင် မျက်နှာအေးသီလရှင်ကြီး ဖြစ်နေလေသည်။

ယခုမှ သူမ၏ မျက်နှာတွင် သားရေမျက်နှာဖုံးစွပ်ထားကြောင်း တိန့်ထောက်သေချာစွာ မြင်ရသည်။ သူမ ကိုယ်ပေါ်တွင် ဝတ်စုံဖြူဝတ်ထားပြီး ညာဘက်လက်တွင် သားမြီးယပ်ကို ကိုင်ထားလေသည်။

## အခန်း (၇)

## ဘဝသင်ခန်းစာ

မျက်နှာအေးသီလရှင်ကြီးက တိန့်ထောက်ကို ခေါင်းငုံ့၍ ကြည့်ပြီး အေးစက်စက်လေသံနှင့်ပြောသည်။

"သိုင်းသမားကောင်းတစ်ယောက်ဆိုတာ .... ဘယ်တော့မှ သတိ လက်လွှတ်မရှိရဘူး .... အမြဲတမ်း စဉ်းစားချင့်ချိန်နိုင်တဲ့ ဉာဏ် မျိုးလည်း ရှိရမယ် .... "

ထိုအခါမှ တိန့်ထောက်သည် သွေးရိပ်သခင်မအပေါ် တစ်ခဏ သူ စိတ်ညွတ်သွားခြင်းကို သတိရပြီး ထိတ်ခနဲ ဖြစ်သွားသည်။

သူသည် လက်နှစ်ဖက်ကိုယှက်၍ သီလရှင်ကြီးကို အရိုအသေ ပေးလိုက်ကာ ကျေးဇူးတင်စကား ပြောသည်။

"ကျွန်တော် မှားသွားပါတယ် .... ခုလို သတိပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ် .... "

မျက်နှာအေးသီလရှင်ကြီးသည် တိန့်ထောက်ကို ဂရုမထား တော့ဘဲ ဝေါယာဉ်ဆီသို့ ခြေသုံးလှမ်းခန့် လျှောက်သွားပြီးမှ ရပ်တန့် လိုက်သည်။



ဓားကိုင်ထားသော ဖန်းပင်ကမှူ မျက်စိပျက် မျက်နှာပျက် နှင့် နောက်ကို ခြေသုံးလှမ်း ဆုတ်သွားသည်။

ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ၏အသံလည်း ပေါ်ထွက်လာ သည်။

"ဘာကိစ္စကြွလာပါသလဲ ဆရာလေး .... "

မျက်နှာအေးသီလရှင်က တည်ငြိမ်စွာ ပြန်ပြောသည်။

"ကျုပ် သိချင်တာတစ်ခုကို မေးချင်တယ် .... အမှန်အတိုင်း ဖြေပါ .... "

"ဆရာလေးက ဘာများသိချင်လို့လဲ .... "

"ကျုပ်တို့ ဖန်းလို့ကျောင်းက နဝရတ်ဓားရတနာဟာ မင်းဆီ မှာ ရှိသလား .... "

"မရှိပါဘူး .... "

"ဒါဆိုရင် နဝရတ်ဓားရတနာဟာ ဘယ်သူ့ရဲ့လက်ထဲမှာလဲ"

"ဒါလည်း မသိပါဘူး .... "

"မင်းတို့ သိုင်းဘီလူးရှစ်ဖော်ဟာ ကျုပ်ရဲ့ကျောင်းတော်ကို တိုက်ခိုက်ပြီး ကျုပ်ကိုပါ ချောက်ထဲ ကျသေအောင် ဝိုင်းတိုက်ခဲ့ကြ တယ် .... ဒါပေမယ့် သေနေ့မစေ့သေးလို့ ကျုပ်ဟာ မသေခဲ့ဘူး .... နဝရတ်ဓားရတနာဟာလည်း ပျောက်သွားတယ် .... မင်းတို့ သိုင်း ဘီလူးရှစ်ဖော်ထဲက တစ်ယောက်ယောက် မယူလို့ဘယ်သူက ယူမလဲ၊ နဝရတ်ဓားရတနာ ဘယ်သူ့လက်ထဲမှာရှိတယ်ဆိုတာ မင်း သိရမယ်"

"ရှင်းရှင်းပြောရရင် ကျွန်မကိုယ်တိုင် နဝရတ်[illegible]ရတနာကို လိုချင်လို့ စုံစမ်းနေပါတယ် .... "

"ငါ မယုံဘူး .... "

"မယုံရင်တော့ ဆရာလေး သဘောပဲ .... "

"ကောင်းပြီ .... တိုက်ခိုက်ဖို့ အသင့်ပြင်တော့ .... "

မျက်နှာအေးသီလရှင်ကြီးက ညာခြေကို တစ်လှမ်းရွှေ့၍ ရပ်လိုက်ပြီးမှ သူ့အနီးတွင် ရှိနေသော တိန့်ထောက်ကို ပြောလိုက်သည်။

"မင်းက ပွဲကြည့်ပရိသတ်အနေနဲ့ပဲ ရပ်ကြည့်နေမှာလား .... ဒါမှမဟုတ် သူ့ ဘက်ကနေ ငါ့ကို ဝိုင်းတိုက်မှာလား .... ခပ်ဝေးဝေးကို ဆုတ်နေပါလို့ ငါပြောချင်တယ် .... "

လူငယ်ဖြစ်သော တိန့်ထောက်မှာ သူ့ကို မျက်နှာအေးသီလရှင်ကြီးက တမင်သက်သက် ခြိမ်းခြောက်စကားပြောသည်ဟု ထင်သွားပြီး ....

"ကျွန်တော့်ကို ခြိမ်းခြောက်နေစရာ မလိုဘူး .... ကျွန်တော် ဘာသာ နေချင်သလိုနေမယ် .... "

မျက်နှာအေးသီလရှင်ကြီးလည်း စိတ်တိုသွားပြီး ....

"မင်း စကားပြောတာ ရိုင်းစိုင်းလှချည်လား .... "

"ဒါတော့ ဆရာလေး ထင်ချင်သလို ထင်နိုင်တယ် .... "

"ဦးဆုံး မင်းကို ဆုံးမရဦးမယ်နဲ့တူတယ် .... "

"ရပါတယ် .... "

တိန့်ထောက်က ဓားကို ဆွဲထုတ်ကိုင်လိုက်ပြီး သိုင်းကွက်ကိုလည်း နင်းလိုက်သည်။

မျက်နှာအေးသီလရှင်ကြီးက တိန့်ထောက်ဘက်ကို လှည့်လိုက်သောအခါ ဝေါယာဉ်ကို ကျောပေးသည့်အနေအထားမျိုး ဖြစ်သွားသည်။

ဖန်းပင်က နောက်ကို ဆယ်ပေခန့်အထိ ဆုတ်သွားပြီး အခြေ



အနေကို စောင့်ကြည့်နေသည်။

"ကိုင်း .... ခုခံပေတော့ဟေ့ .... "

မျက်နှာအေးသီလရှင်ကြီးက အော်ပြောလိုက်ပြီး သူ့လက်ထဲမှ သားမြီးယပ်နှင့် တိန့်ထောက်ကို သုံးချက်ဆင့်၍ ရိုက်လိုက်သည်။

တိန့်ထောက်က ဓားနှင့်ဆီးခံသည်။ သားမြီးယပ်က တိန့်ထောက် ခါးကို ရစ်ပတ်မိသွားသည်။

တိန့်ထောက်နှင့်မျက်နှာအေး သီလရှင်တို့သည် လူချင်း အတွင်းအားနှင့်ဆွဲနေကြ၏။

တိန့်ထောက် မျက်နှာအေးသီလရှင်ကိုယ်ပေါ်သို့ ပင့်တင်ပြီး လွှဲပေါက်ရန် အားထုတ်သည်။ မျက်နှာအေး သီလရှင်ကလည်း ထိုကဲ့သို့ ပင်ကြိုးစားသည်။

ထိုစဉ် ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ ခုန်ထွက်လာသည်ကို တိန့်ထောက် တွေ့လိုက်ရ၏။

ကျောပေးထားသော သီလရှင်ကြီးကမူ မတွေ့မြင် မသိရှိချေ။

သွေးရိပ်သခင်မသည် ဘီလူးကြီးအား နောက်ကျောမှ တိတ်တဆိတ် ဝင်တိုက်ရန် ကြံစည်လိုက်ခြင်း ဖြစ်ကြောင်း တိန့်ထောက် သိလိုက်သည်။

ထိုကဲ့သို့ အလစ်ချောင်းပြီး အခွင့်ကောင်းယူခြင်းမျိုးကို တိန့်ထောက်သည် ရွံမုန်းသူဖြစ်၏။

သူက သတိပေးအော်ဟစ်လိုက်၏။

"ဆရာလေး .... အမြန်ရှောင် .... "

သူက အော်ဟစ်ပြောပြော၊ ဓားကိုလွှတ်၍ နောက်ကို ခုန်ဆုတ်သည်။ မျက်နှာအေးသီလရှင်ကလည်း ခုန်ပြီးရှောင်တိမ်းသည်။

အနီရောင်အရိပ်က လှုပ်ရှားသွားသည်။

တိန့်ထောက် ကိုယ်ကိုထိန်းပြီး လှမ်းကြည့်လိုက်သောအခါ လူသန်ကြီးနှစ်ယောက်သည် ဝေါယာဉ်ကိုထမ်း၍ ပြေးထွက်သွားသည်ကို တွေ့ရ၏။

ဖန်းပင်ကလည်း နောက်မှ ပြေးလိုက်သွားသည်။ ခဏနှင့် အတော်ဝေးဝေးကို ရောက်သွားကြ၏။



"ယုတ်မာတဲ့ အမျိုးသမီးပဲ .... "

သူသည် သူ၏ မြင်းနက်ကြီးရှိရာကို လှမ်းကြည့်လိုက်ပြီး မျက်လုံးပြူးသွားသည်။ မြင်းနက်ကြီးမှာ မြေတွင် တုံးလုံးလဲပြီး သေဆုံးနေလေပြီ။

မြင်း၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်နှင့် နားထဲမှ သွေးများလည်း ရဟော ထွက်နေသည်။

မျက်နှာအေးသီလရှင်က မြင်းနက်ကြီးကို ကြည့်နေရာမှ တိန့်ထောက်ကို ကြည့်လိုက်ပြီး ....

"တိန့်ထောက် နေရာတကာမှာ မခံချင်စိတ် မထားသင့်ဘူးဆိုတာ မင်း နားလည်သင့်ပါပြီ .... "

သူ့မျက်နှာကို မျက်နှာအေးသီလရှင်ကြီးက သိနေသည့်အတွက် တိန့်ထောက် အံ့အားသင့်သွားသည်။

သူသည် မချိပြုံးသာ ပြုံးလိုက်ပြီး ....

"တပည့်တော် သင်ခန်းစာတစ်ခု ထပ်ရပါပြီ ဆရာလေး"

သူသည် စကားကို ဖြတ်လိုက်ပြီးမှ ပြောပြန်သည်။

"ဆရာလေးကို တစ်ခုတော့ တောင်းပန်ချင်ပါတယ် .... "

"ဘာအတွက်လဲ .... "

"အားလုံးသိ သိုင်းသမားကြီး ချမ်းကြည်အတွက်ပါ .... သူ့ကိုဆရာလေးက မန်းစန်းတောင်ပေါ်က သင်္ချိုင်းဂူမြေအောက်ခန်းထဲမှာ အပြစ်ဒဏ်ခံရမှာ ဖြစ်ပေမယ့် အခု ဆယ်နှစ်တောင် ရှိနေပြီမို့ လွှတ်သင့်ပါပြီ .... "

"နေပါဦး .... မင်းက ဒီအကြောင်း ဘယ်လိုလုပ်သိသလဲ"

တိန့်ထောက်က မန်းစန်းတောင်ပေါ်မှာ ရှေးဟောင်းသင်္ချိုင်း

ရွတွင် အားလုံးသိ ချွမ်းကြည်နှင့်ဆုံတွေ့ခဲ့ပုံများကို ပြောပြလိုက်၏။

မျက်နှာအေးသီလရှင်က သက်ပြင်းတစ်ချက်ချပြီး ....

"ငါ့အနေနဲ့သူ့ကို အနှောင်အဖွဲ့က လွတ်ချင်နေတာ ကြာပါပြီ ဒါပေမယ့် ခက်နေတာက သူ့ကို ချည်ထားတဲ့သံကြိုးကို နဝရတ်ဓားရတနာနဲ့မှပဲ ဖြတ်လို့ရမယ် .... နဝရတ်ဓားရတနာကလည်း ပျောက်နေတယ် .... ဒါကြောင့်လည်း ငါဟာ အပူတပြင်းလိုက်ရှာ နေတာပေါ့"

တိန့်ထောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါဆို နဝရတ်ဓားရတနာကိုသာ ပြန်ပြီးရှာမတွေ့ရင် အားလုံးသိ ချွမ်းကြည်ဟာ သေတဲ့အထိ ဒီလိုပဲ နေရတော့မှာပေါ့ ...."

"တစ်နည်းတော့ ရှိတယ် .... "

"ပြောပါဦး ဆရာလေး .... "

"ယီခုံးချိုကို မင်း သိသလား .... ကြားဖူးသလား .... သူ့ဆီမှာရှိတဲ့ မိုးကြိုးဓားနဲ့ဆိုရင်တော့ ချွမ်းကြည်ကို ခတ်ထားတဲ့ သံကြိုးကို ဖြေလို့ ရနိုင်လိမ့်မယ် .... သူ့ ဆီက မိုးကြိုးဓားဟာ သိပ်ပြီး ထက်တယ် သံမဏိကိုတောင် ရွှံ့လို လွယ်လွယ်ကလေးနဲ့ဖြတ်နိုင်တယ် .... ဒါပေမယ့် ခုချိန်ဆိုရင် ယီခုံးချိုဟာ အသက်တစ်ရာကျော်လောက်နေပြီ .... လူ့လောကကြီးထဲမှာ ရှိမှရှိပါဦးမလား မသိဘူး .... "

"ယီခုံးချိုက ဘယ်မှာနေတာလဲ ဆရာလေး .... "

"ဒါတော့ ငါလည်း မသိဘူး .... သူ့ကိုလည်း မမြင်ဖူးပါဘူး သူ့ရဲ့သတင်းကိုသာ ကြားဖူးတာပါ .... ကဲပါလေ .... အခြေအနေပေးတာနဲ့ အားလုံးသိ ချွမ်းကြည်ကို ငါသွားပြီး လွတ်လိုက်ပါ့မယ် .... ခုတော့ သွေးရိပ်သခင်မကို မီလိုမီငြား လိုက်လိုက်ဦးမယ် .... "

စကားဆုံးသည်နှင့် မျက်နှာအေးသီလရှင်က ဝေါယာဉ် ထွက်သွားရာဘက်သို့ ပြေးလိုက်သွားသည်။



ခဏအကြာတွင် သက်ပြင်းတစ်ချက်ချပြီး ကိုယ်ကို လှည့်က လျှောက်လှမ်းမည်အပြု သူ့ရှေ့တွင် အဘိုးအိုကြီးတစ်ယောက် ရပ်နေသည်ကို တွေ့ရလေသည်။

အဘိုးကြီးက တိန့်ထောက်ကို ရင်းနှီးစွာ ပြုံးပြရာ ....

"ကျုပ်လည်း ခရီးသွားတစ်ယောက်ပါ .... သွေးရိပ်သခင်မနဲ့ မျက်နှာအေးသီလရှင်ကို လှမ်းမြင်လိုက်ရလို့ အကြောင်းထူးတော့ ရှိပြီဆိုပြီး လာကြည့်တာပါ .... ကျုပ်ရဲ့နာမည် ဟိုအိလောက်ပါ"

တိန့်ထောက်က မျက်မှောင်ကြုတ်၍ ပြန်ကြည့်ရင်း ....

"ဘကြီး သွေးရိပ်သခင်မကို သိလို့လား .... မြင်ဖူးလို့လား"

"မြင်တော့ မမြင်ဖူးပါဘူး .... ဒါပေမယ့် သူ့ရဲ့ဝေါယာဉ်ကိုတော့ ကျုပ် သိတာပေါ့ .... သူ့ရဲ့ ဝေါယာဉ်က မြောက်ဘက်တောင်ကုန်းပေါ် တက်သွားတယ်လေ .... "

ထိုအခါမှ တိန့်ထောက် သဘောပေါက်သွားသည်။ ထိုအဘိုးအိုမှာ ယီခုံးချိုကို သိလေမလားဟူ၍လည်း တွေးမိ၏။

"ဘကြီးကို ကျွန်တော် တစ်ခုလောက် မေးပါရစေ .... "

အဘိုးအို ဟိုအိလောက်က ပြုံး၍ ....

"မောင်ရင်က ဘာသိချင်လို့လဲ .... မေးပါ .... ကျုပ် ဖြေနိုင်တာဆို ဖြေပါ့မယ် .... "

"ယီခုံးချိုဆိုတဲ့ သိုင်းသမားကြီးတစ်ယောက်အကြောင်းကို ဘကြီး ကြားဖူးသလား .... "

"ဟာ .... ယီခုံးချိုဟာ လူ့လောကကြီးထဲမှာ အသက်ရှင်လျက် ရှိသေးရဲ့လား .... "

"နေပါဦး .... မောင်ရင်က ဘာဖြစ်လို့ ယီခုံးချိုအကြောင်းကို မေးနေရတာလဲ .... "

"ဆရာကြီး ယီခုံးချိုဆီမှာ မိုးကြိုးစားရှိတယ်လို့ ကျွန်တော် ကြားထားလို့ပါ .... အဲဒီ စားကို ခဏသွားငှားပြီး သံကြိုးခတ်ထားခံ ရတဲ့ အကျဉ်းသားတစ်ယောက်ကို သွားကယ်ချင်လို့ပါ .... "

"မောင်ရင်က ဘယ်သူ့ကို သွားကယ်မှာလဲ .... "

"အားလုံးသိ သိုင်းသမား ချွမ်းကြည်ကိုပါ .... "

အဘိုးအိုက အားပါးတရ ရယ်မောလိုက်ပြီး ....

"မောင်ရင်နှယ် နီးလျက်နဲ့ဝေးနေပြန်ပါပြီ .... ဆရာကြီး ယီခုံးချို အကြောင်းကို အားလုံးသိ ချွမ်းကြည်ကပဲ ပြည့်ပြည့်စုံစုံ ပြောပြ နိုင်တော့မှာပေါ့ .... အဲ .... အားလုံးသိ ချွမ်းကြည်ကသာ မသိဘူးဆို ရင်တော့ အမောခံပြီး စုံစမ်းမနေနဲ့တော့ .... "

"ဟုတ်ပါရဲ့ .... "

တိန့်ထောက်လည်း လက်ခံလိုက်မိ၏။ အဘိုးအိုက မေး သည်။

"နေပါဦး .... မောင်ရင်က အားလုံးသိ ချွမ်းကြည်ကို ဘယ်မှာ တွေ့ခဲ့တာလဲ .... "

တိန့်ထောက်သည် .... အဘိုးအိုကို ယုံကြည်စိတ်ချရသူ တစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိ၍ အားလုံးသိ ချွမ်းကြည်နှင့် သူ တွေ့ခဲ့ရပုံ၊ မျက်နှာအေးသီလရှင်က ချုပ်နှောင်ထားပုံ၊ မျက်နှာ အေးသီလရှင်မှာ သူမ၏ နဝရတ်စားရတနာ ပျောက်ဆုံးနေသဖြင့် လိုက်ရှာနေပုံ .... ယီခုံးချိုထံမှ မိုးကြိုးစားကိုရလျှင် အားလုံးသိ ချွမ်း ကြည်အား သွားကယ်ထုတ်ရန် စိတ်ကူးမိပုံတို့ကို ပြောပြလိုက်၏။



တိန့်ထောက် စကားဆုံးသွားတော့မှ အဘိုးအိုဟိုအိလောက် က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်း .... ဒီလူဟာ နတ်ကြောင့်သေဆိုတဲ့ လူစားပဲ .... အင်း လေ .... အခုလောက်ဆိုရင်တော့ ကောင်းကောင်းကြီး နှောင်တရနေ လောက်ပါပြီ .... ဒါနဲ့ မောင်ရင်က ဘယ်ကိုသွားမှာလဲ .... "

"မန်းစန်းတောင်ကို ကျွန်တော် တစ်ခေါက်သွားရဦးမယ် လေ .... "

"မန်းစန်းတောင်ကို သွားမယ်ဆိုရင် လို့ယန်းမြို့ကိုလည်း ရောက်မှာပေါ့ .... ကျုပ်ကလည်း လို့ယန်းမြို့ကိုပဲ သွားမလို့ .... ခရီး လည်းကြုံတော့ မောင်ရင်နဲ့ကျုပ် အတူတူသွားကြမယ်လေ .... အဖော် နဲ့ ခရီးသွားရတော့ ပျင်းစရာမကောင်းတော့ဘူးပေါ့ .... "

အဘိုးအိုသည် ဟိုအိလောက်ကို မြင်မြင်ချင်း လူကောင်းတစ် ယောက်ဟု အကဲခတ်မိသဖြင့် တိန့်ထောက်ကလည်း သဘောတူ လိုက်လေသည်။

ခရီးစဉ်တလျှောက်လုံးတွင် သူသည် သိုင်းလောကအကြောင်း ကိုလည်း မေးမြန်းသွားနိုင်ပေမည်။

တိန့်ထောက်သည် မြင်းပေါ်မှ ခရီးဆောင်အိတ်နှင့်ယူစရာ ရှိသည်တို့ကိုယူကာ အဘိုးအို ဟိုအိလောက်နှင့်အတူ လို့ယန်းမြို့သို့ ဦးတည်၍ ခရီးထွက်ခဲ့လေသည်။

## အခန်း (၈)

## ရင်ထိတ်ရသော စာတစ်စောင်

တိန့်ထောက်နှင့် ဟိုအိလောက်တို့ လိုယန်းမြို့သို့ရောက်လာသောအချိန်မှာ မိုးချုပ်နေပြီ ဖြစ်သည်။

နှစ်ဦးသား တည်းခိုခန်းတစ်ခန်းတွင် ငှားရမ်းတည်းခိုလိုက်ကြ၏။ ညစာကိုလည်း ၎င်း တည်းခိုခန်းတွင်ပင် စားသောက်သည်။

တိန့်ထောက်သည် ဟိုအိလောက်ကို မိတ်ဆွေကောင်း တစ်ယောက်အဖြစ် စိတ်ချယုံကြည်နေပြီဖြစ်၏။

လာခဲ့သော ခရီးတလျှောက်လုံးတွင် ဟိုအိလောက်သည် မိတ်ဆွေကောင်းတစ်ယောက်၏ အမူအကျင့်မျိုးပင် ရှိခဲ့သောကြောင့် ဖြစ်လေသည်။

စားသောက်ပြီးသည်နှင့် တိန့်ထောက်သည် စားနပ်ရိက္ခာများကို ဝယ်ယူပြီး သူတစ်ဦးတည်း မန်းစန်းတောင်ပေါ်ကို တက်လာခဲ့လေသည်။

သန်းခေါင်မတိုင်မီပင် သူသည် မန်းစန်းတောင်ပေါ်မှ ရှေးဟောင်း သင်္ချိုင်းဆီသို့ ရောက်လာသည်။ ကျောက်ပြားကြီးကိုဖွင့်ပြီး



မြေအောက်ခန်းထဲသို့ အသံပြုလိုက်သည်။

"ဦးကြီး ချမ်းကြည် .... ဦးကြီး ချမ်းကြည် .... "

"ဘယ်သူလဲ .... "

အထဲမှ သံကြိုးဆွဲရှတ်တိုက်ဆွဲသံနှင့်အတူ ပြန်လည် မေးမြန်းသံ ပေါ်လာသည်။ တိန့်ထောက်က ချက်ချင်း ပြန်ဖြေသည်။

"ကျွန်တော် .... တိန့်ထောက်ပါ .... "

"ဪ .... မင်းလည်းမှပဲ လိုက်လာတာကိုး .... ဝင်ခဲ့လေကွယ် .... "

တိန့်ထောက်သည် မှောင်မည်းနေသော မြေအောက်ခန်းထဲသို့ ဆင်းလာခဲ့လေသည်။ ဥမင်လမ်းထဲမှ ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ပြီး ထွက်လာသော အားလုံးသိ ချမ်းကြည်ကို မြင်ရသည်။

အားလုံးသိ ချမ်းကြည်သည် သူ ပေးခဲ့သော ဝတ်စုံကို ဝတ်ထားသည်။

တိန့်ထောက်ကို မြင်သောအခါ အားလုံးသိ ချမ်းကြည်က ပြုံးပြုံးရွှင်ရွှင်ပင် ပြောသည်။

"ငါက မင်း ပါလိမ့်မယ်လို့ မထင်ဘူး .... "

တိန့်ထောက်သည် အားလုံးသိ ချမ်းကြည်၏စကားကို နားမလည် ဖြစ်သွားပြီး ....

"ကျွန်တော်က ဘယ်သူနဲ့ ပါလာရမှာလဲ .... "

"မျက်နှာအေးသီလရှင်ကြီးနဲ့ မင်း ပါလာတာ မဟုတ်ဘူးလား .... "

တိန့်ထောက် အံ့ဩသွားပြီး ....

"မဟုတ်ပါဘူး .... သီလရှင်ကြီး လာလို့လား .... "

"လာတယ်လေ .... "

"အခု ဘယ်မှာလဲ .... "

"စောစောကလေးတင် ပြန်သွားပြီ .... ငါက သူနဲ့ မင်းသွားလာတာ မှတ်လို့ .... "

"သူ ဘာလာလုပ်တာလဲ .... "

"ငါ့ကို အခြေအနေ အကျိုးအကြောင်း လာပြောပြတာပါ၊ ငါ့ကို ချည်ထားတဲ့ သံကြိုးတွေကိုတွေကို ဖြတ်လို့ရတဲ့ နဝရတ်ဓားရတနာဟာ ပျောက်နေတယ်တဲ့ .... အဲဒီ ဓားနဲ့မှ သံကြိုးကို ဖြတ်နိုင်မှာတဲ့ကွ .... သူလည်း အမြန်ဆုံးတွေ့အောင် လိုက်ရှာနေတယ်တဲ့ .... ဒါကြောင့် သည်းခံပြီး စောင့်ပါဦးကွာ .... "

"သူပြောသွားတာ ဟုတ်ပါတယ် .... "

"ဟုတ်တာက အကြောင်းမဟုတ်ဘူး .... သူရဲ့ဓားကို ရှာလို့ မတွေ့မချင်း ဒီထဲမှာ ဘယ်လောက်ကြာအောင် ငါ ရှာနေရဦးမယ် မသိပါဘူးကွာ .... ငါ့တစ်သက် သူ့ ဓားကို ရှာလို့ မတွေ့ရင်တော့ ဒီထဲမှာတင် ငါသေရလိမ့်မယ် ထင်ပါရဲ့ .... "

အားလုံးသိ ချွမ်းကြည်က စိတ်ပျက်လက်ပျက် ညည်းညည်းညူညူ ပြောနေလေသည်။ တိန့်ထောက်လည်း စိတ်မကောင်းဖြစ်နေလေသည်။



အားလုံးသိချွမ်းကြည်က သက်ပြင်းရှည်ကြီးကို တစ်ချက်ချလိုက်ပြီးမှ ....

"အေးလေ .... ဘာပဲ ဖြစ်ဖြစ် မင်းကိုတော့ ငါ ကျေးဇူးတင်ပါတယ် .... မျက်နှာအေးသီလရှင်ဟာ မင်း သတိပေးပြောပြလို့ ဒါ့ဆီကို ရောက်လာတာ မဟုတ်လား .... "

"ကျွန်တော်နဲ့လည်း ခရီးသွားဟန်လွှဲ တွေ့တာပါ .... "

"ဩော် .... ဒါနဲ့မင်းရှာနေတဲ့ လူကို တွေ့ပြီလား .... "

"ဝါးရုံတောဘိုးဘိုးကိုလား .... "

"ဟုတ်တယ်လေ .... "

"တွေ့ပါပြီ .... ကျွန်တော်ရဲ့ ဇာစ်မြစ်အကြောင်းတွေကိုလည်း သိခဲ့ရပါပြီ .... ဦးကြီး လမ်းညွှန်လိုက်လို့ တစ်ဝက်တစ်ပျက်ဗေဒင်ဆရာနဲ့တွေ့ပြီး ဝါးရုံတောဘိုးဘိုးကို တွေ့တာပါ .... ဒီအတွက် ဦးကြီးကိုကျေးဇူးတင်ပါတယ် .... "

"မလိုပါဘူးကွာ .... "

"ဦးကြီးအတွက် အရေးကြီးတဲ့ လူတစ်ယောက်အကြောင်းကို မေးပါရစေ .... "

"ငါ့အတွက် ဟုတ်လား .... မင်းက ဘယ်သူ့အကြောင်းကို

သိချင်တာလဲ .... ”

“သိုင်းအကျော်အမော်ကြီး တစ်ယောက်ဖြစ်တဲ့ ယီခုံးချိ အကြောင်းငင် .... ယီခုံးချိကို ဦးကြီးသိတယ် မဟုတ်လား .... ”

“မိုးကြိုးသိုင်းသမား ယီခုံးချိလား .... ”

“ယီခုံးချိလို့ပဲ ကျွန်တော် သိတယ် .... မိုးကြိုးသိုင်းသမား ယီခုံးချိလား ဘာလားတော့ မသိဘူး .... အဲ သူ့မှာ မိုးကြိုးဓားရှိတယ် တဲ့ .... အဲဒီ ဓားဟာ သံမဏိကိုတောင် ရွှံ့လို အလွယ်တကူနဲ့ လှီးဖြတ် နိုင်တဲ့ ဓားကောင်းတစ်လက်လို့ ပြောသံကြားတာပဲ .... ”

“ဒီ သတင်းကို မင်းက ဘယ်သူ့ဆီက ကြားတာလဲ .... ”

“မျက်နှာအေးသီလရှင်ကြီးဆီကပါ .... အခုလို ကျွန်တော် မေးနေရတာက သူ့ဆီက မိုးကြိုးဓားကို ငှားချင်လို့ .... မိုးကြိုးဓားသာ ရရင် ဦးကြီးကို ချည်နှောင်ထားတဲ့ သံကြိုးကို ဖြတ်နိုင်လိမ့်မယ်လို့ သီလရှင်ကြီးက ပြောတယ် .... ”

“ဟာ .... ဟုတ်တာပေါ့ .... ”

အားလုံးသိ သိုင်းသမားကြီးချမ်းကြည် ဝမ်းသာအားရ ဖြစ် သွားသည်။ သူက အားတတ်သရော ဆက်ပြောသည်။

“မိုးကြိုးဓားအကြောင်း ငါလည်း ကြားဖူးထားပါလျက်နဲ့ မေ့ နေလိုက်တာ .... အခု မင်းပြောမှပဲ သတိရတော့တယ် .... ဟုတ် တယ် .... မိုးကြိုးဓားသာရရင် ဒီသံကြိုးတွေကို လွယ်လွယ်ကူကူဖြတ် နိုင်တာပေါ့ .... ”

“အရေးကြီးတာက ဆရာကြီး ယီခုံးချိက လူ့လောကကြီးမှာ အသက်ရှင်လျက် ရှိနေဖို့ပဲ .... ”

“ငါလည်း ဒီထဲမှာ ဆယ်နှစ်လောက်နေရတော့ သေသေချာ



ချာ ပြောလို့တော့ မရဘူး .... ဒါပေမယ့် ဆရာကြီး ယီခုံးချိအသက်ရှင် လျက် ရှိနေဦးမယ်တော့ ထင်တာပဲ .... ”

“သူ့ကို ဘယ်မှာရှာရင် တွေ့နိုင်မလဲ ဦးကြီး .... ”

“ငါ အချုပ်မခံရခင်ကတော့ ဆရာကြီး ယီခုံးချိဟာ ဖိန်းစန်း တောင် ချောက်မည်းကြီးဆိုတဲ့ဒေသမှာ စတ်မြှုပ်ပြီး နေထိုင်တယ်လို့ သိရတာပဲ .... ချောက်မည်းကြီးထဲမှာ ‘ကျန့်အင်း’ ဆိုတဲ့ ကျောက်ဂူ ရှိတယ် .... အဲဒီ ဂူထဲမှာ နေတာပေါ့ .... ”

“ရှာလို့ လွယ်ပါ့မလား .... ”

“လွယ်ပါတယ် .... ချောက်မည်းကြီးထဲကို ဆင်းပြီး ကျန့် အင်းဂူကို ရှာဖို့ဆိုတာ ဘာမှ မခက်ပါဘူး .... ”

“ဒါဆို ဆရာကြီး ယီခုံးချိကို တွေ့အောင် ကျွန်တော် ရှာမယ်”

“အေးကွာ .... မင်းကိုတော့ ကျေးဇူးတင်ပြီးရင်း တင်ရင်းပါ ပဲ .... တကယ်လို့သာ ဒီအချုပ်အနှောင်က ကျုပ် လွတ်မြောက်သွားခဲ့ ရင် မင်းမှာ ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ ငါ အသက်နဲ့လဲပြီး အကူအညီ ပြန်ပေးပါ့မယ် .... မင်းခိုင်းလိုရာ ခိုင်းနိုင်ပါတယ် .... ”

တိန့်ထောက်က ပြုံး၍ ခေါင်းကို ခါယမ်းလိုက်ပြီး ....

“ကိစ္စမရှိပါဘူး ဦးကြီး .... ဦးကြီးအတွက် ကျွန်တော် ခုလို လိုက်ပြီး ဆောင်ရွက်နေရတာ ဦးကြီးဆီက တုံ့ပြန်မှုကို လိုချင်လို့ မဟုတ်ပါဘူး .... မိုးကြိုးဓားကို ရရချင်း ကျွန်တော်လာခဲ့ပါ့မယ် .... ဒါ .... ကျွန်တော့်ကိုခွင့်ပြုပါဦး .... ဦးကြီးအတွက် စားနပ်ရိက္ခာတွေ လည်း ကျွန်တော် ဝယ်လာပါတယ် .... ယူထားပါ .... ”

တိန့်ထောက်က သူ၏ ဝယ်ယူလာသော စားနပ်ရိက္ခာများကို အားလုံးသိ ချမ်းကြည်အား ပေးခဲ့သည်။ ချမ်းကြည်က လက်ခံယူရင်း

"ကျေးဇူးပါပဲကွာ .... မျက်နှာအေးသီလရှင်ကလည်း ငါ့အတွက် စားနပ်ရိက္ခာတွေ ပေးသွားသေးတယ် .... အချုပ်အနှောင်ခံထားရပေမယ့် အစားကောင်း စားနေရမယ်ဆိုရင် တော်သေးတာပေါ့ .... "

"ကျွန်တော် သွားမယ် .... "

"အေးအေး သွားပေတော့ .... မင်းရဲ့ ဆောင်ရွက်မှုအောင်မြင်ပါစေလို့ ငါ ဆုတောင်းနေပါ့မယ်ကွာ .... "

တိန့်ထောက် မြေအောက်ခန်းထဲမှ ပြန်ထွက်ခဲ့ပြီး ကျောက်ပြားကြီးကိုလည်း ပြန်ပိတ်ခဲ့သည်။

ထို့နောက် မန်းစန်းတောင်ပေါ်မှဆင်းကာ လိုယန်းမြို့တည်းခိုခန်းဆီသို့ ပြန်လာခဲ့၏။

ဝါးသုံးချက်ခေါက်အချိန်တွင် တည်းခိုခန်းသို့ ပြန်ရောက်လာသည်။ သူနှင့် ဟိုအီလောက်နေသော အိပ်ခန်းထဲတွင် ဟိုအီလောက်ကို မတွေ့ရချေ။

အချိန်မတော်ကြီးမှ ဟိုအီလောက် ဘယ်ကိုထွက်သွားသည်ကိုလည်း တိန့်ထောက် စဉ်းစား၍ မရချေ။ ယခုလို အချိန်အခါမျိုးတွင် အပြင်သို့ ထွက်လည်လိမ့်မည်တော့ မဟုတ်။

နောက်မှ သူသည် စားပွဲပေါ်တွင် စာတစ်စောင်ကို သွားတွေ့သည်။ စာကို ယူ၍ ဖတ်ကြည့်သည်။

*တိန့်ထောက်*

*အားလုံး သေဆုံးပြီလို့ ထင်ထားတဲ့ မဟူရာသိုင်းသမားကြီးဟာ အနှစ်နှစ်ဆယ်လုံးလုံး ပျောက်နေပြီးမှ အခု ပြန်ပေါ်လာပြီ ဒီမြို့က 'စန်းယီပန်း' အဖွဲ့ကို ဝင်တိုက်ပြီး အဖွဲ့ဝင်ကိုလည်း သတ်သွားတယ် .... ဒီသတင်းကို စုံစမ်းဖို့ ကျုပ် ထွက်သွားတယ် .... ။*

*(ဟိုအီလောက်)*



စာကိုဖတ်ပြီး တိန့်ထောက် ရင်ထိတ်သွားသည်။

ယခုအခါ သိုင်းလောကတွင် လှုပ်ရှားနေသော မဟူရာ သိုင်းသမားမှာ မိမိတစ်ယောက်တည်း ရှိသည်။ မိမိ၏ဆရာ မဟူရာသိုင်းသမားကမူ ဓာတ်မြုပ်နေထိုင်ပြီး သိုင်းလောကတွင် လှုပ်ရှားလိမ့်မည် မဟုတ်ချေ။

ဤအတိုင်းဆိုပါက မဟူရာသိုင်းသမားဟူသော နာမည်ကိုသုံး၍ တစ်ဦးဦးသည် လှုပ်ရှားနေလေပြီ။

ပြီးတော့ လူကောင်း သူကောင်းများသာ ပါဝင်ဖွဲ့စည်းထားသော စန်းယီပန်းအဖွဲ့ကိုဝင်ကာ အဘယ်ကြောင့် တိုက်ခိုက်သတ်ဖြတ်သွားလေသနည်း။

အသံ

တစ်

... ဒီမြို့

ဘ ....

ကော

မဟူရာသိုင်းသမားအတုသည် မိမိ၏ဆရာနာမည်ပျက်အော
ထိုသို့လှုပ်ရှားခြင်းပင် ဖြစ်လိမ့်မည်ဟု တိန့်တောက်ချက်ချင်းပင် တွေ
လိုက်မိသည်။

ထိုအတွေးကြောင့် စိုးရိမ်စိတ်ဝင်လာကာ တိန့်တောက်သည်
ဂြုအပြင်ကို ချက်ချင်းပြန်ထွက်ခဲ့သည်။

တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်ပြီး လူသွားလူလာလည်း မ
နိုခကာ့ပါချေ။ သူသည် ဈေးဘက်သို့ ခပ်သွက်သွက်လျှောက်ခဲ့သည်

မဟူရာသိုင်းသမားသည် ဤအတိုင်းဆိုလျှင် ဤမြို့ထဲတွင်
သည်ပိမ့်ဦးမည်ဖြစ်ပြီး နောက်ထပ် ဆိုးရွားသော လုပ်ရပ်များကို ထပ်
မတော့်ဆောင်နိုင်ခင် အချိန်မီတားဆီး ဖမ်းဆီးရပေလိမ့်မည်။

တိန့်တောက် ခပ်သွက်သွက် လျှောက်လာစဉ် သူ့ အနီး
ကိုငုပ်တစ်ရိုပ် လှစ်ခနဲ ရောက်လာသည်။

ဟိုအိလောက်ပင် ဖြစ်လေသည်။

တိန့်တောက်က စိတ်လှုပ်ရှားစွာနှင့်ဦးစွာမေးလိုက်၏။

"ဘကြီး ဟို .... ဘာတွေ ဖြစ်ကုန်ပြီလဲ .... "

ဟိုအိလောက်လည်း မျက်စိမျက်နှာပျက်နေသည်။ သူသည်
ဘေးဆီသို့ တစ်ချက်ကြည့်လိုက်ပြီးမှ အသံကိုနှိမ့်ကာ ပြောဆိုသည်

"မဟူရာသိုင်းသမားဟာ မသေဘူး ငါ့တူ .... ဝါးတစ်ချ



ခေါက် အချိန်က 'စန်းယိပန်း' အဖွဲ့ကို ဝင်တိုက်သွားတယ် .... အဖွဲ့ဝင်
တချို့ကိုလည်း သတ်သွားတယ် .... "

"မဟူရာသိုင်းသမား ဟုတ်လို့လား .... တခြားလူတစ်ယောက်
ယောက်ကများ .... "

"စန်းယိပန်းအဖွဲ့ကို ကျုပ်ကိုယ်တိုင် သွားပြီး စုံစမ်းပြီးပြီ၊
မျက်မြင်ကိုယ်တွေ့ ကြုံရတဲ့သူ အားလုံးက မဟူရာသိုင်းသမားဆိုတာ
ပြောကြတယ် .... မဟူရာသိုင်းသမားဟာ သားရေမျက်နှာဖုံးကို စွပ်
ပြီး လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကလည်း ညဘက်တွေမှာ လှုပ်ရှား
ခဲ့တာပဲ .... မဟူရာသိုင်းသမားကလည်း သူ့ကိုယ်သူ မဟူရာသိုင်းသမား
လို့ ပြောသွားသတဲ့ .... "

တိန့်တောက် ဘာမှ ပြန်မပြောနိုင်ဘဲ ငိုင်နေသည်။

ဟိုအိလောက်က ဘေးဘီကို တစ်ချက်ကြည့်လိုက်ပြီးမှ အသံ
ကို နှိမ့်၍ ဆက်ပြောသည်။

"ကျုပ်တောင် မဟူရာသိုင်းသမားနဲ့အသွင်တူတဲ့ လူတစ်
ယောက်ကို စောစောကမှ ဖြတ်ပြေးသွားတာ ရိပ်ခနဲတွေ့ရတာ .... ဒီမြို့
အနောက်ဘက်ကို ပြေးသွားတာပဲ .... ဒါကြောင့် လိုက်လာတာ ....
သူ့ကို မျက်ခြည်ပြတ်သွားပြီး ငါ့တူကို တွေ့ရတာပဲ .... ငါ့တူကော
မတွေ့လိုက်ဘူးလား .... "

တိန့်တောက် ခေါင်းကို ခါယမ်းလိုက်ပြီး ....

"မတွေ့ပါဘူး .... ဘကြီးဟို တွေ့လိုက်တာ အမှန်ဆိုရင်တော့
နောက်ထပ် ဘာများ ထပ်ဖြစ်ဦးမလဲ မသိဘူး .... ကျွန်တော်တို့ ခပ်
မြန်မြန် လိုက်ကြည့်ရအောင် .... "

ဟိုအိလောက် မျက်စိမျက်နှာ ပျက်သွားပြီး ....

"ကျုပ်တို့ လိုက်ကြည့်လို့ ဖြစ်ပါ့မလား ...., တော်ကြာ မဟူရာ သိုင်းသမားနဲ့ ကျုပ်တို့နဲ့ ရင်ဆိုင်တွေ့နေလို့ ဒုက္ခများနေပါဦးမယ် ... မဟူရာသိုင်းသမားဟာ ပြိုင်ဘက်ကင်း သိုင်းသမားကြီးတစ်ယောက် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ အေးအေးဆေးဆေးနေတာပဲ ကောင်းလိမ့်မယ် ထင်တယ် .... "

"ဒါနဲ့စန်းယိပန်းအဖွဲ့နဲ့ မဟူရာသိုင်းသမားဟာ ဘယ်လို ရန်ငြိုးရန်စများ ရှိခဲ့လို့လဲ .... ဘကြီးဟို သိသလား .... "

"တစ်ချိန်တုန်းက ရန်ငြိုးပဲ ဖြစ်မှာပေါ့ .... လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်တုန်းက မန်းစန်းတောင်ပေါ်မှာ မဟူရာသိုင်းသမားနဲ့ သိုင်းဂိုဏ်းပေါင်းစုံက ပြင်းပြင်းထန်ထန် တိုက်ပွဲ ဖြစ်ပွားခဲ့ကြတယ် .... ဒီတုန်းက သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းဘက်က စန်းယိပန်းအဖွဲ့ကလည်း ဝင်ပြီးကူခဲ့တယ်လို့ ကျုပ် ကြားဖူးတာပဲ .... ဟုတ်မဟုတ်တော့ မသိဘူး၊ မဟူရာသိုင်းသမားက အနှစ်နှစ်ဆယ်လုံးလုံး ဖာတ်မြုပ်နေခဲ့ပြီးမှ ရုတ်တရက် ပေါ်ထွက်လာတယ် .... စန်းယိပန်းအဖွဲ့ကို လက်စားချေ တိုက်ခိုက်တာနဲ့တူတယ် .... "

တိန့်ထောက် မျက်မှောင်ကြုတ်နေရာမှ ခေါင်းကို မသာမယာ ခါယမ်းလိုက်သည်။

မဟူရာသိုင်းသမားကြီးသည် သူ့ကို မန်းစန်းတောင်တိုက်ပွဲတုန်းက ပါဝင်ခဲ့သူများ၏စာရင်းကို ပေးထားသည်။ ထိုစာရင်းတွင် စန်းယိပန်းအဖွဲ့မှာ မပါရှိချေ။

ထိုသို့ဆိုလျှင် မဟူရာသိုင်းသမားအတုသည် မိမိ၏ဆရာ မဟူရာသိုင်းသမားကို နာမည်ပျက်စေရန်အတွက် ဤကဲ့သို့ လုပ်ဆောင်နေခြင်းမှာ ထင်ရှားလေပြီဟု တိန့်ထောက် တွေးမိသည်။



မဟူရာသိုင်းသမားအတု နောက်သို့ အမြန်ဆုံးလိုက်မှ ဖြစ်ပေလိမ့်မည်။

"ကိုင်း .... ဘကြီးဟို .... ကျွန်တော်တို့ မြို့အနောက်ဘက်ကို မြန်မြန် လိုက်သွားကြစို့ .... "

တိန့်ထောက်လည်း ပြောပြောဆိုဆို အနီးမှ အိမ်ခေါင်မိုးပေါ်သို့ကိုယ်ဖော့ပညာကို သုံး၍ ခုန်တက်လိုက်သည်။ ဟိုအိလောက်လည်း တိန့်ထောက်နောက်ကို ခုန်တက်လာသည်။

ထို့နောက် သူတို့နှစ်ယောက်သည် အိမ်ခေါင်မိုးများပေါ်မှ ခုန်ပွား၍ မြို့အနောက်ဘက်ဆီသို့ အပြေးနှင်လာခဲ့ကြသည်။

## အခန်း (၉)

## အိပ်ခန်းထဲမှ မိန်းမချော

မကြွာမီ မြို့အနောက်ဘက်တွင်ရှိသော ခြံဝင်းကျယ်ကြီးအနီးသို့ ရောက်လာသည်။ ခြံဝင်းကျယ်ကြီး အလယ်တွင် အိမ်ဂေဟာကြီး တစ်အိမ်မှာ ခမ်းနားစွာ တည်ရှိနေသည်။

အိမ်ကြီးထဲတွင်လည်း မီးရောင်တွေ ထိန်ထိန်လင်းအောင် ထွန်းထားသည်။

မဟူရာသိုင်းသမားအတု၏ အရိပ်အယောင်ကိုတော့ မတွေ့ရချေ။

တိန့်ထောက်တို့ နောက်ဘက်ကို လှည့်ပြန်မည်အပြုတွင် အိမ်ကြီးထဲမှ အော်ဟစ်ညည်းတွားသံလိုလို ကြားလိုက်ရ၏။

တိန့်ထောက်က အိမ်ကြီးဆီကို လှမ်းကြည့်လိုက်ပြီး ဟိုအိလောက်ကို မေးမြန်းလိုက်သည်။

"ဒီအိမ်ကြီးက ဘယ်သူ့အိမ်လဲ ဘကြီးဟို သိလား ...."

ဟိုအိလောက်က ခေါင်းညိတ်ပြီး ချက်ချင်း ပြန်ဖြေသည်။

"သိတာပေါ့ .... ဒါ မြင်းမွေးမြူရေး ခြံပိုင်ရှင် သူဌေးကြီး



ချင်းပိုင်ဝမ့်အိမ်ပဲ ...."

"ဟင် ...."

တိန့်ထောက် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

ဤခမ်းနားသော အိမ်ကြီးမှာ မိုးတိမ်သိုင်းသမားကြီး ချင်းကန့်၏အိမ် ဖြစ်သည်။ မဟူရာသိုင်းသမားအတုသည် အိမ်ထဲသို့ဝင်၍ မိုးတိမ်သိုင်းသမားကြီးကို တိုက်ခိုက်နေခြင်း ဖြစ်ပေလိမ့်မည်။

ထိုအတွေးနှင့်တိန့်ထောက်သည် ဟိုအိလောက်ကို ကမန်းကတန်း ပြောလိုက်၏။

"ဘကြီးဟို .... ဒါဆို ဒီအိမ်ကြီးထဲမှာ မဟူရာသိုင်းသမားဆိုတဲ့လူ ရောက်နေနိုင်တယ် .... ဘကြီးဟို ခြံအနောက်ဘက်ကနေဝင်၊ ကျွန်တော်က ခြံအရှေ့ဘက်ကနေ ဝင်မယ် .... အိမ်ထဲမှာဘာတွေ ဖြစ်ကုန်ပြီလဲဆိုတာ သွားကြည့်ကြရအောင် .... ထူးခြားချက်တစ်ခုခု တွေ့ရင် ကျွန်တော့်ကို အချက်ပေး ...."

ဟိုအိလောက်က ဘာမှ မပြောဘဲ ခြံအနောက်ဘက်ဆီကို ပြေးထွက်သွားသည်။

တိန့်ထောက်သည် အဘိုးကြီးဟိုအိလောက်ကို တမင်သက်သက် ခွဲ၍ လွှတ်လိုက်ခြင်းဖြစ်လေသည်။

ခမ်းနားသော အိမ်ဂေဟာကြီးအတွင်းရှိ ဧည့်ခန်းဆောင်ထဲ၌ မီးပုံးကြီးတစ်လုံးကို ထိန်ထိန်လင်းလင်းအောင် ထွန်းညှိထားသည်။

ဝတ်စုံနက် ဝတ်ဆင်ထားသော လူတစ်ယောက်မှာ ဧည့်ခန်းဆောင်၏ တံခါးဝတွင် ရပ်နေလေသည်။ သူ၏ မျက်နှာတွင် သားရေမျက်နှာဖုံးကို စွပ်ထားသည်။

သူသည် စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် ဧည့်ခန်းဆောင်အတွင်းသို့ ဝေ့ဝဲ အကဲခတ်ကြည့်နေသည်။

သူ့ခြေထောက်နားရှိ ကြမ်းခင်းပြင်ပေါ်တွင် သွေးရဲရဲနှင့် လူဆယ်ယောက်ခန့်မှာ လဲကျလျက် ရှိနေကြသည်။ အားလုံးမလှုပ်မယှက်ဖြစ်နေကြပြီး သေနေကြလေပြီ။ သူတို့အားလုံး အိမ်ဂေဟာမှ အမှုထမ်းများ ဖြစ်ကြလေသည်။

ဝတ်စုံနက်၏ လက်ထဲတွင် ကိုင်ထားသော ဓားမှာလည်း သွေးများ စွန်းထင်းနေသည်။ ထိုသူ၏ လက်ချက်နှင့် အိမ်ဂေဟာ အမှုထမ်းများ သေဆုံးသွားသည်မှာ ကြာသေးဟန်မတူချေ။

သူသည် ဧည့်ခန်းဆောင်ကြီး၏ အတွင်းကို ထပ်မံ၍ အကဲခတ်



ကြည့်လိုက်ပြီးနောက် အတွင်းသို့ ခြေတစ်လှမ်းချင်းလှမ်း ဝင်လာခဲ့သည်။

အတွင်းဘက်မှ လူကြီးတစ်ယောက် အထိတ်တလန့်နှင့်ပြေးထွက်လာသည်။ သူဌေးကြီး ချင်းပိုင်ဝမ့်(ခေါ်) မိုးတိမ်သိုင်းသမားကြီးချင်းကန့်ပင်ဖြစ်လေသည်။ သူသည် ဝတ်စုံနက်ကို တွေ့ရသောအခါ ပို၍ မျက်စိမျက်နှာ ပျက်သွားရသည်။

သွေးရဲရဲနှင့် သေဆုံးနေသော အိမ်ဂေဟာအမှုထမ်းများကိုလှမ်းတွေ့ရသောအခါ သူ့ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်သွားသည်။

သူသည် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် နောက်ကို ခြေတစ်လှမ်းချင်းပြန်ဆုတ်သည်။

ဝတ်စုံနက်က ရှေ့ကို ခြေတစ်လှမ်းချင်းတိုး၍ လျှောက်လာခဲ့သည်။ ဝတ်စုံနက်ထံမှ အေးစက်စက် ရယ်မောလိုက်သံနှင့်အတူစကားသံလည်း ပေါ်ထွက်လာသည်။

"ဘယ့်နှယ့်လဲ မိုးတိမ်သိုင်းသမားကြီး ချင်းကန့်ရဲ့ .... ခင်ဗျားက ဘယ်လိုပဲ သူဌေးကြီးချင်းပိုင်ဝမ့်အသွင်မျိုးနဲ့ နေပေမယ့် .... ကျုပ်ကတော့ သိပါတယ် .... အဲ .... အခု ခင်ဗျားဆီကိုလာရတဲ့ အကြောင်းကိုကော ခင်ဗျား သိရဲ့လား .... "

မိုးတိမ်သိုင်းသမားကြီးချင်းကန့်က တုတ်တုန်ယင်ယင်နှင့် ဝတ်စုံနက်ကို လက်ညှိုးထိုးပြီး ....

"ခင် .... ခင်ဗျား .... ဘယ် .... ဘယ်သူလဲ .... "

"ဟား .... ဟား .... ဟား .... ဟား .... ကျုပ်ကို ဘယ်သူဘယ်ဝါဆိုတာ သိရဲ့သားနဲ့ ဘာဖြစ်လို့ အပိုတွေလုပ်ပြီး မေးနေရတာ

လဲ မိုးတိမ်သိုင်းသမားကြီးရဲ့ .... အေးလေ မသိချင်ယောင်ဆောင်နေရင်လည်း ပြောပြရမှာပေါ့ .... ကျုပ်က မဟူရာသိုင်းသမားပဲ .... "

"မ .... မဟူရာသိုင်းသမား .... "

"မန်းစန်းတောင်ပေါ်မှာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတစ်ပွဲကိုတော့ ခင်ဗျား မေ့မှာ မဟုတ်ပါဘူးနော်၊ ဒီတုန်းက ဂိုဏ်းကြီးကိုးဂိုဏ်းဘက်က ကူပြီးဝိုင်းတိုက်ကြတဲ့ သိုင်းသမားတွေထဲမှာ ခင်ဗျားလည်း တစ်ယောက်အပါအဝင်ပေါ့ .... "

မိုးတိမ်သိုင်းသမားမှာ နောက်ကို ဆုတ်ရင်း ဆုတ်ရင်း နံရံတွင် ကျောကပ်မိနေပြီဖြစ်၍ ဆက်မဆုတ်တော့ချေ။

ဝတ်စုံနက်က အေးစက်စက်လေသံဖြင့် ထပ်ပြောသည်။

"ကျုပ် အခုလာခဲ့တာ ဒီ သွေးကြွေးကို ယူဖို့လာခဲ့တာ .... ခင်ဗျားရဲ့ခေါင်းကို ယူဖို့လာခဲ့တာ .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

"နှစ် .... နှစ်တွေလည်း ကြာခဲ့ပါပြီ .... ခင် .... ခင်ဗျား အဲ အဲဒီ ဖြစ်ပြီးခဲ့တဲ့ ကိစ္စအတွက် ကျွန် .... ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန် .... ကျွန်တော့်အသက်ကို ချမ်းသာပေးပါ .... "

ဝတ်စုံနက်က ခဏမျှ စဉ်းစားသလို ငြိမ်သွားပြီးမှ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ပြန်ပြောသည်။

"အင်း .... ခင်ဗျားရဲ့အသက်ကို ချမ်းသာပေးဖို့အတွက် နည်းလမ်းတစ်လမ်းတော့ ကျုပ် စဉ်းစားမိတယ် .... "

"ဟုတ်ကဲ့ .... ဟုတ်ကဲ့ .... ပြောပါခင်ဗျာ .... "

မိုးတိမ်သိုင်းသမားကြီး အနည်းငယ် ဝမ်းသာအားတက်သွားသည်။



ဝတ်စုံနက်က ဆက်ပြောသည်။

"ကျုပ်က မရှိဆင်းရဲတဲ့လူတွေကို အခု နှစ်ပိုင်းတွေမှာ စောင့်ရှောက် ကယ်တင်နေတယ် .... ဒီတော့ ကျုပ်မှာ သူတို့ကို ကယ်တင်ထောက်ပံ့နိုင်ဖို့အတွက် ရန်ပုံငွေလိုတယ် .... အဲ .... ကျုပ်လိုတဲ့ ရန်ပုံငွေကို ခင်ဗျားက ပေးနိုင်မယ်ဆိုရင်တော့ .... ခင်ဗျားရဲ့အသက်ကို ကျုပ် ချမ်းသာပေးလိုက်မယ် .... "

မိုးတိမ်သိုင်းသမား ချင်းကန့်၏ မျက်နှာတပြင်လုံး ဝင်းထိန်သွားသည်။

သူသည် တစ်စုံတစ်ခုကို သတိရမိသောကြောင့် ဖြစ်လေသည်။

"ခင်ဗျားကို ကျွန်တော် ပစ္စည်းတစ်ခုပြစရာရှိပါတယ် ... ဒီပစ္စည်းကို ကြည့်ပြီးတော့မှ ကြိုက်သလိုဆုံးဖြတ်ပါ ...."

ဝတ်စုံနက်က တွေသွားပြီး ...."

"ဘာပစ္စည်းလဲ ...."

မိုးတိမ်သိုင်းသမားသည် နှုတ်ဖြင့်ပြန်မပြောတော့ဘဲ အင်္ကျီရင်ဖုံးအိတ်ထဲသို့ လက်နှိုက်လိုက်သည်။

ပြီးနောက် ပစ္စည်းတစ်ခုကိုထုတ်ယူပြီး လက်ဝါးပေါ်တင်၍ ဝတ်စုံနက်ကို ပြသည်။ လက်ဝါးပေါ်မှ ပစ္စည်းမှာ တိန့်ထောက် ပေးခဲ့သော ကျောက်တုံးကလေးပင် ဖြစ်လေသည်။

"ဒီပစ္စည်းကို ခင်ဗျား ဘယ်ကရသလဲ"ဟု မေးလိမ့်မည် ဖြစ်ကြောင်း မိုးတိမ်သိုင်းသမားကြီး ထင်ထား၏။

ထိုအခါ သူက ထိုကျောက်တုံး မည်သို့ရကြောင်းကို ရှင်းပြမည်ဟု တွေးထားသည်။

သို့သော် ယခုမူ ဝတ်စုံနက်သည် ကျောက်တုံးကလေးကို ကြည့်ပြီးမှ မိုးတိမ်သိုင်းသမားကြီးကို ဖျတ်ခနဲ ပြန်ကြည့်ကာ ခပ်ဆတ်ဆတ် မေးသည်။

"ဒီကျောက်တုံးက ဘာလဲ .... ကျုပ်က ရန်ပုံငွေတောင်းတာ



ကို ခင်ဗျားက မခန့်လေးစား သဘောနဲ့ ဒီကျောက်တုံးကို ထုတ်ပေးတာလား ...."

"ဗျာ ...."

မိုးတိမ်သိုင်းသမားကြီး မျက်စိမျက်နှာ ပျက်သွားသည်။ ထိတ်လန့်စိုးရိမ်စိတ် ပြန်လည်ဖြစ်ပေါ်လာပြီး နဖူးပြင်မှ ချွေးသီးချွေးပေါက်များလည်း စို့ထွက်လာသည်။ ဝတ်စုံနက်က ဆက်ပြောသည်။

"ကဲ .... ဘယ်လိုလဲ .... ကျုပ်လိုချင်တဲ့ ငွေကြေး .... ဒါမှမဟုတ် စိန်ရွှေရတနာတွေကို ခင်ဗျားပေးမှာလား .... ဒီ ကျောက်တုံးကို ပြနေမယ်ဆိုရင်တော့ ခင်ဗျားကို သတ်ရလိမ့်မယ် ...."

မိုးတိမ်သိုင်းသမားကြီးက ကျောက်တုံးကလေးကို သူ့ရင်ဖုံးအိတ်ထဲ ကမန်းကတန်း ပြန်ထည့်ထားလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်၍ ....

"ပေးပါ့မယ် ခင်ဗျာ ပေးပါ့မယ် .... ခင်ဗျား လိုချင်တာကို ပေးပါ့မယ် .... ဘယ်လောက် လိုချင်တယ်ဆိုတာသာ ပြောပါ ...."

"လျှံငွေ တစ်သောင်း .... ဒါမှမဟုတ် လျှံငွေ တစ်သောင်းဖိုးလောက်တန်ဖိုးရှိမယ့်ပစ္စည်း .... ကဲ .... အချိန် ဆွဲမနေပါနဲ့ .... ပေးပါ့မယ်ဆိုရင် မြန်မြန်သာပေး ...."

"ဟုတ် ဟုတ်ကဲ့ ...."

မိုးတိမ်သိုင်းသမားကြီးက ဧည့်ခန်းဆောင်အတွင်းရှိ ဗီရိုကြီးတစ်လုံးရှိရာသို့ တုန်ယင်စွာ လျှောက်သွားသည်။

ဗီရိုကို သော့တစ်ချောင်းနှင့် ဖွင့်ကာ အတွင်းမှ ယွန်းသေတ္တာငယ်ကလေးတစ်လုံးကို ထုတ်ယူလိုက်သည်။

ပြီးနောက် ယွန်းသေတ္တာကလေးကို ဝတ်စုံနက်ထံ ယူလာ

ပြီး သေတ္တာအဖုံးကို ဖွင့်ပြသည်။

"ကြည့်ပါ ခင်ဗျာ .... ကြည့်ပါ .... သေတ္တာကလေးထဲက ကျောက်မျက်ရတနာတွေ့ရဲ့တန်ဖိုးဟာ လျှံငွေတစ်သောင်းမက တန်ပါတယ် .... အားလုံးပဲ ခင်ဗျား ယူသွားပါတော့ ...."

ယွန်းသေတ္တာကလေးထဲမှ ကျောက်မျက်ရတနာများမှာ အရောင်တဖျပ်ဖျပ် တောက်နေသည်။

ထို့အတူ ကျောက်မျက်ရတနာများထည့်ထားသော ယွန်းသေတ္တာကလေးကို လှမ်းယူလိုက်ပြီး ချိုင်းကြားထဲတွင် ညှပ်ထားလိုက်၏။ ပြီးမှ သူသည် ညာလက်တွင် ကိုင်ထားသောဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ....

"ကဲ .... မိုးတိမ်သိုင်းသမားကြီး ချင်းကန့်သည် မျက်နှာကွက်ခနဲ ပျက်သွားကာ နောက်ကို ခြေတစ်လှမ်းဆုတ်သွားပြီး ....

"ဟင် .... ဒါ ဒါ ဘယ်လိုသဘောလဲ .... ခင်ဗျား လိုချင်တဲ့ ဥစ္စာပစ္စည်းကို ကျွန်တော် ပေးပြီးပြီပဲ .... "

ဝတ်စုံနက်က တစ်ချက် ရယ်လိုက်ပြီး ....

"ဟုတ်တယ်လေ .... ဒါကြောင့်လည်း ကျုပ်က ခင်ဗျားကို ခုခံကာကွယ်ခွင့်ပေးတာပေါ့ .... နို့မို့ဆို အခု ခင်ဗျား သေနေပြီ"

မိုးတိမ်သိုင်းသမားကြီး၏မျက်နှာ စိုးရိမ်ထိတ်လန့်မှုအသွင်ကိုဆောင်နေရာမှ နာကျည်းခံပြင်းသောအသွင်ကို တစ်မုဟုတ်ချင်းပြောင်းသွား၏။



သူ့နှုတ်မှ တင်းမာသော စကားသံလည်း ပေါ်လာသည်။

"ခင်ဗျား လူယုတ်မာပဲ .... မဟုရာသိုင်းသမားက ဒီလောက်အထိ ယုတ်မာကောက်ကျစ်လိမ့်မယ်လို့ ကျုပ် ထင်မထားဘူး .... ရှိပါစေတော့ ခင်ဗျားသဘောပဲ .... ခင်ဗျား လက်ချက်ကြောင့် ကျုပ်သေသွားရလည်း မမှုတော့ဘူး .... ခင်ဗျားလည်း ဒီယုတ်မာမှုဒဏ်ကို မကြာမီ ပြန်ခံရပါစေလို့ ကျုပ် ကျိန်ဆိုခဲ့ပါတယ် ...."

"ကဲ .... ခင်ဗျား ပြောချင်တာက ဒါပဲ မဟုတ်လား .... ခုခံကာကွယ်ပေတော့ .... "

စကားဆုံးသည်နှင့် ဝတ်စုံနက်က ရှေ့ကို ခုန်လိုက်ပြီး သူ့လက်ထဲမှ ဓားကိုလည်း သုံးချက်ဆင့်၍ ထိုးလိုက်၏။

မိုးတိမ်သိုင်းသမားကြီးမှာ လက်နက် ကိုင်မထားပါချေ။ သူသည် ထိတ်လန့်တကြီး နောက်ကိုခုန်ဆုတ်လိုက်ရာ ရှစ်ပေအကွာသို့ ရောက်သွားသည်။

ထိုစဉ် ထန်းခနဲ ဓားဓားချင်းထိသံ ပေါ်ထွက်လာလေသည်။

ဝတ်စုံနက်မှာလည်း နောက်ကို ခြေသုံးလှမ်းမျှ ယိုင်သွားသည်။ လူရိပ်တစ်ရိပ်က ခုန်ဝင်လာပြီး ဓားဖြင့် သူ့ကို ပက်ထုတ်လိုက်သောကြောင့် ဖြစ်၏။

သူသည် ထိတ်ခနဲဖြစ်သွားပြီး ခုန်ဝင်လာသူကို သေချာစွာ

ကြည့်လိုက်၏။ ခုန်ဝင်လာသူမှာလည်း ဝတ်စုံနက်လိုပင် ဝတ်စုံနက် ဝတ်ထားသည်။

မျက်နှာတွင်လည်း သားရေမျက်နှာဖုံးကို စွပ်ထားလေသည်။

ဓားဖြင့်တစ်ချက် အပက်ခံရရုံနှင့်နောက်သို့ ခြေလှမ်းသုံးလှမ်း ယိုင်ထွက်လာရခြင်းကို ထောက်ချင့်ပြီး ခုန်ဝင်လာသော ဝတ်စုံနက်မှာ မိမိထက် သိုင်းပညာထက်မြက်သူဖြစ်ကြောင်း ဝတ်စုံနက် ခန့်မှန်းမိ သည်။ သူက ထိတ်လန့်စိုးရိမ်စွာဖြင့် မေးမြန်းလိုက်လေတော့သည်။

"ခင်ဗျား ဘယ်သူလဲ .... "

ခုန်ဝင်လာသော ဝတ်စုံနက်မှာ တိန့်ထောက်ပင် ဖြစ်လေ သည်။

သူသည် ဝတ်စုံနက်ကို စူးရှသောမျက်လုံးအစုံနှင့် ကြည့်ကာ အေးစက်စက် လေသံဖြင့် ပြန်ပြောသည်။

"ကျုပ် မဟူရာသိုင်းသမား .... "

ဝတ်စုံနက်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားပြီး ....

"ဟင် .... ခင်ဗျားက မဟူရာသိုင်းသမား ဟုတ်လား .... "

"ဟုတ်တယ် .... "

ဝတ်စုံနက်သည် နောက်ကို ခြေလှမ်းထပ်၍ ဆုတ်လိုက်ပြီးမှ

"မဖြစ်နိုင်တာပဲ .... "

တိန့်ထောက်က လေသံပြတ်ပြတ်ဖြင့် ပြန်ပြောသည်။

"ဟုတ်တယ် .... မဟူရာသိုင်းသမားဟာ နှစ်ယောက် မရှိ နိုင်ဘူး .... ရှိနေရင်လည်း တစ်ယောက်ဟာ အတုပဲ .... ခင်ဗျားကို ဘာဖြစ်လို့ ကျုပ်နာမည်ကို အလွဲသုံးစားလုပ်ပြီး မတရားတဲ့ အလုပ် တွေကို လျှောက်လုပ်နေရတာလဲ .... ကျုပ်ရဲ့နာမည် ပျက်အောင်



ဲ့လို့ လျှောက်လုပ်နေတာ မဟုတ်လား .... ဒီမယ် မှတ်ထား .... မဟူရာသိုင်းသမားဟာ ဘယ်တော့မှ မတရားသဖြင့် လူမသတ်ဘူး၊ ဓားပြမတိုက်ဘူး .... ခင်ဗျားလို လူယုတ်မာကိုလည်း ကျုပ် ခွင့်မလွှတ် ဘူး .... "

မိုးတိမ်သိုင်းသမားကြီးမှာ သူ့ ရှေ့မှ မဟူရာသိုင်းသမားနှစ် ယောက်ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေမိ၏။

သူ့စိတ်ထဲတွင် မည်သူက မဟူရာသိုင်းသမားအစစ်ဖြစ်ပါစေ ဟုလည်း ပတ်ထဲမှ ဆုတောင်းနေမိ၏။

"ကိုင်း .... ကျုပ် အယောင်ဆောင်တဲ့ လူယုတ်မာ ခုခံကာ ကွယ်ဖို့သာ ပြင်ပေတော့ .... "

တိန့်ထောက်က ကြိမ်းဝါးလိုက်ပြီး သူ့ ဓားကို ဝှေ့ယမ်းကာ ဝတ်စုံနက်ကို စဝင် တိုက်ခိုက်တော့၏။

ဝတ်စုံနက်ကလည်း ပြန်လည် ခုခံ၍ တိုက်ခိုက်သည်။

ဝတ်စုံနက်၏ ချိုင်းကြားတွင် ညှပ်ထားသော ရတနာများ ထည့်ထားသည့် ယွန်းသေတ္တာကလေးမှာလည်း လွင့်ကျသွားသည်။

နှစ်ယောက်သား သဲသဲမဲမဲ တိုက်ခိုက်ကြသည်။ နှစ်ဦးစလုံး၏ တိုက်ကွက်များက သွက်လက် ပြင်းထန်လွန်းလှသည်။

သိုင်းကွက် ဆယ်ကွက်သို့ ရောက်လာလျှင် ဝတ်စုံနက်မှာ နောက်ကို တဆုတ်တည်း ဆုတ်လျက် ရှိနေလေပြီ။

တိန့်ထောက်ကလည်း ဖိတိုက်သည်။

ဝတ်စုံနက်သည် အခြေအနေ မဟန်တော့မှန်း ရိပ်စားမိပြီး နောက်ကို ခုန်ဆုတ်လိုက်သည်။

တိန့်ထောက်က ခုန်မလိုက်သေးဘဲ အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

"ခင်ဗျားရဲ့ ဓားသိုင်းပညာကလည်း အတော့်ကို ထက်မြက်သားပဲ .... ဒါနဲ့များ ဘာဖြစ်လို့ မဟူရာသိုင်းသမားအယောင်ဆောင်ပြီး မတရားတဲ့ လုပ်ရပ်မျိုးတွေကို လုပ်နေရတာလဲ .... "

ဝတ်စုံနက် ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ရှေ့ကို ရုတ်တရက် ခုန်လိုက်ကာ တိန့်ထောက်၏ လည်ပင်းကို ဓားဖြင့် သုံးချက်ဆက်တိုက် ထိုး၍ တိုက်ခိုက်ပြန်သည်။

"အား .... "

ဝတ်စုံနက်ထံမှ အော်သံပေါ်လာပြီး သူ့ ခန္ဓာကိုယ်ကြီးမှာလည်း နောက်သို့ ယိမ်းယိုင်သွားသည်။

သူ့ ဘယ်ဘက်ပခုံးတွင် ဓားဒဏ်ရာ ရသွားပြီး သွေးများဖြာဆင်းကျလာသည်။

သူသည် တိန့်ထောက်ကို ထိတ်လန့်စွာဖြင့် ကြည့်နေသည်

တိန့်ထောက်က မဲ့ပြုံး ပြုံးလိုက်ပြီး ....



"ခင်ဗျားမျက်နှာက သားရေမျက်နှာဖုံးစွပ်ကို ချွတ်လိုက်စမ်းပါ .... ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ် သိချင်တယ် .... "

သို့သော် ဝတ်စုံနက်သည် နောက်ကို ရုတ်ခြည်း ကျွမ်းပစ်လိုက်ပြီး တံခါးပေါက်မှ ခုန်၍ ထွက်သွားသည်။

ကိုယ်ဖော့ပညာကောင်းလွန်းသူ တစ်ယောက်ဖြစ်သောကြောင့် ရိပ်ခနဲသာ မြင်လိုက်ရပြီး ပျောက်သွားသည်။

တိန့်ထောက်လည်း ခုန်ပြီး လိုက်သွားသည်။

သို့သော် လျင်မြန်လွန်းသော ဝတ်စုံနက်မှာ အမှောင်ထဲတွင် ပျောက်ကွယ်သွားပြီး ဖြစ်သဖြင့် မမြင်ရတော့ချေ။

တိန့်ထောက်သည် ခေါင်မိုးပေါ် ခုန်တက်ပြီး ကြည့်သေးသော်လည်း မတွေ့ရသဖြင့် ပြန်လည် ခုန်ဆင်းပြီး ခြံဝကို ပြန်ပြေးခဲ့၏။

ခြံဝသို့ ရောက်သောအခါ တိန့်ထောက်၏ မျက်နှာပေါ်တွင် သားရေမျက်နှာဖုံး မရှိတော့ချေ။

ကိုယ်ပေါ်တွင်လည်း အပြာရောင် ဝတ်စုံကိုသာ ဝတ်ထားသည်။

ခဏအကြာတွင် လူရိပ်တစ်ရိပ် သူ့ဆီကို ရောက်လာသည်။ အဘိုးကြီးဟိုအီလောက် ဖြစ်လေသည်။

ဟိုအီလောက်က တိန့်ထောက်ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပြောသည်။

"တကယ်ပဲ မဟူရာသိုင်းသမားဟာ ပြန်ပေါ်လာပြီ ငါ့တူ၊ မဟူရာသိုင်းသမား မသေဘူး .... ကျုပ် ကိုယ်တိုင် မြင်ခဲ့ရတယ်"

တိန့်ထောက်လည်း ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ....

"ဟုတ်ပါတယ် .... မဟူရာသိုင်းသမားကြီးမသေဘူးဆိုတာ ကျွန်တော်လည်းသိပါတယ် .... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် မဟူရာသိုင်းသမားကြီးကို တွေ့ဆုံသိကျွမ်းခဲ့ပြီးပါပြီ .... ဘကြီးဟိုကိုလည်း အခုမှ ကျွန်တော်ဘယ်သူဘယ်ဝါဆိုတာ ထုတ်ဖော်ပြောရဦးမယ် .... ကျွန်တော်ဟာ မကြာသေးခင်ကမှ သိုင်းလောကထဲကိုဝင်လာပြီး လှုပ်ရှားနေတဲ့ ရောင်ခြည်သိုင်းသမားပါပဲ .... "

ဟိုအိလောက်က ပြုံးလိုက်ပြီး ....

"တယ်ကောင်းတဲ့ ဘွဲ့နာမည်ပါလား .... ဒီနာမည်ဟာ မကြာခင် သိုင်းလောကမှာ ထွန်းတောက်လာဦးမှာပါ .... "

ထို့နောက် သူတို့နှစ်ဦးသား တည်းခိုခန်းသို့ ပြန်လာခဲ့ကြ၏။

တည်းခိုခန်းသို့အရောက်တွင် ဟိုအိလောက်က အိပ်ခန်းဆီသို့ မဝင်သေးဘဲ နောက်ဖေးဘက်သို့ ထွက်သွားသည်။



တိန့်ထောက်တစ်ယောက်တည်းသာ အိပ်ခန်းဆီသို့လာပြီး တံခါးကို ဆွဲဖွင့်လိုက်၏။

အိပ်ခန်းထဲတွင် လူတစ်ယောက်ထိုင်နေသည်။

တိန့်ထောက်ကို မဆို့တရို့ ပြုံးစစနှင့် ကြည့်နေသည်။

သူကား မိန်းမချောလေး ဖန်းပင်ပင်ဖြစ်လေသည်။

တိန့်ထောက် လွန်စွာအံ့ဩတကြီးဖြစ်သွားမိတော့သည်။

## အခန်း(၁၀)

## သွေးရိပ်သခင်မ၏လျှို့ဝှက်ချက်

မိန်းမချောလေးဖန်းပင်က တိန့်ထောက်ကိုမြင်သည်နှင့် ထိုင်ရာမှထရပ်လိုက်၏။

ပြီးမှ ချိုလွင်သောအသံဖြင့် ပြောသည်။

"မောင်လေးကို မမစောင့်နေတာတောင် အတော်ကြာသွားပြီ .... "

တိန့်ထောက်ကတော့ မပြုံးမရယ် မျက်နှာထားတည်တည်ဖြင့်သာ သူမကိုပြန်ကြည့်သည်။

ပြီးမှ လေသံဆတ်ဆတ်နှင့်လည်း ပြန်ပြောလိုက်သည်။

"ခင်ဗျား ဘာလာလုပ်တာလဲ .... ခင်ဗျားတို့ကို ကျုပ်မတွေ့ချင်ဘူး .... ပြန်ထွက်သွားပါ .... "

ဖန်းပင် မျက်နှာကလေး နီရဲသွားသည်။

သူမသည် တိန့်ထောက်ကို နှုတ်ခမ်းကလေးစူကာ ကြည့်၍ မဲ့တရှိ့ပြန်ပြောသည်။

"မမကိုတော့ ဒီလိုစိမ်းစိမ်းကားကား ရက်ရက်စက်စက် နှင်



ထုတ်ပါနဲ့ကွယ် .... "

တိန့်ထောက်ကမူ လေသံကို မလျော့ချေ။

"ကျုပ်ဟာ ရိုင်းရိုင်းစိုင်းစိုင်းလူတစ်ယောက်မဟုတ်လို့ ပါးစပ်နဲ့ပဲ နှင်လွှတ်တာ .... နို့မို့ဆို ခင်ဗျားကိုပါးစပ်နဲ့ နှင်မနေဘူး .... တိုက်ခိုက်ပြီး နှင်ထုတ်မိမှာပဲ .... "

ဖန်းပင်က စိတ်ဆိုးဟန်မပြဘဲ ပြုံးမြဲပြုံး၍ ....

"အေးလေ .... ဒါကတော့ မောင်လေးရဲ့ဆန္ဒပဲပေါ့ .... မမကလည်း အကြောင်းမဲ့လာတာမဟုတ်ပါဘူးကွယ် .... "

"ဘာလာလုပ်တာလဲ .... "

"မောင်လေးကို လာခေါ်တာပါ .... "

"ဘာ .... ကျုပ်ကို လာခေါ်တာ ဟုတ်လား .... ခင်ဗျားလာခေါ်တိုင်း ကျုပ်က လိုက်ရမှာလား .... မလိုက်နိုင်ဘူး .... "

"နားထောင်ပါဦး မောင်လေးရယ် .... မမကို သခင်မကြီးက စေလွှတ်လိုက်တာပါ .... သခင်မကြီးဟာ မောင်လေးနဲ့ တွေ့ဖို့ မြို့ပြင်မှာ စောင့်နေပါတယ် .... မောင်လေးကိုတောင်းပန်ပြီး မပါပါအောင်ခေါ်ခဲ့ပါလို့လည်း သေသေချာချာမှာလိုက်ပါတယ် .... "

"ဘယ်သူကပဲ ခေါ်ခိုင်းခေါ်ခိုင်း .... ကျုပ်မလိုက်နိုင်ဘူး"

"မမ တောင်းပန်ပါတယ်ကွယ် .... ဒီတစ်ခါတော့ မမနဲ့လိုက်ခဲ့ပါ .... မောင်လေးအပေါ်မှာ မမဟာ မကောင်းတဲ့စိတ်မျိုးမထားဘူးဆိုတာ .... သေချာစဉ်းစားကြည့်ရင် မောင်လေးလည်း သိမှာပါ .... "

တိန့်ထောက်မှာ သွေးရိပ်သခင်မ၏မျက်နှာလှလှကလေးကို မြင်ယောင်လာသည်။

ပြီးတော့ သူ့အပေါ် ဖန်းပင်က အနွံအတာခံခဲ့ပုံများကိုလည်း

ပြန်လည်မြင်ယောင်လာလေသည်။

"ကောင်းပြီလေ .... ဒီတစ်ခါတော့ ကျွန်တော့်လိုက်ခဲ့မယ် ခင်ဗျားက ရှေ့ကသွားပေတော့ .... "

မိန်းမချောကလေး ဖန်းပင်၏မျက်နှာကလေး ဝင်းလက်သွားပြီး ရှေ့ဆုံးမှထွက်ခွာသွားသည်။

တိန့်ထောက်လည်း နောက်မှလိုက်ပါလာခဲ့သည်။

ဖန်းပင်သည် တိန့်ထောက်ကို မြို့ပြင်ရှိ တောအုပ်ဆီသို့ ခေါ်ဆောင်လာသည်။

တောနက်ထဲတွင် ဝေါယာဉ်တစ်စီးရပ်ထားသည်။

ဖန်းပင်က ဝေါယာဉ်ဆီကို ခပ်သွက်သွက်လျှောက်သွားပြီး ဦးညွတ်ကာ ပြောလိုက်၏။

"သခင်မကြီး မောင်လေးတိန့်ထောက်ရောက်လာပါပြီရှင်"

တိန့်ထောက်က မလှမ်းမကမ်းတွင် ရပ်၍ အကဲခတ်ကြည့်နေသည်။



ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ၏လွှင်စီသောအသံပြန်ပေါ်လာသည်။

"တိန့်ထောက် .... အခုလိုမင်းလိုက်လာတဲ့အတွက် ဝမ်းသာပါတယ်ကွယ် .... ငါက မင်းကို တွေ့ချင်လွန်းလို့ ခေါ်ခိုင်းလိုက်တာပါ .... "

တိန့်ထောက်က လေသံတင်းတင်းနှင့် ပြန်ပြောသည်။

"ကျွန်တော်ကတော့ ခင်ဗျားကိုမတွေ့ချင်ဘူး .... ဆက်လည်း မဆက်ဆံချင်ဘူး .... ဒါပေမယ့် ပြောချင်တာကို ပြောရအောင် လိုက်လာခဲ့တာ .... "

"မင်းက ဘာပြောချင်လို့လဲ .... "

"ကျွန်တော်နဲ့ မျက်နှာအေးသီလရှင်ကြီးတို့ တိုက်ခိုက်နေကြတုန်းက နောက်နေချောင်းပြီး တိုက်ခိုက်ခဲ့တာကို ကျုပ်လုံးဝမကျေနပ်ဘူး .... ဒါဟာ သိုင်းသမားကောင်းတို့ရဲ့အပြုအမူမျိုးလည်းမဟုတ်ဘူး သွေးရိပ်သခင်မဆိုတဲ့ ခင်ဗျားရဲ့နာမည်ဂုဏ်ပုဒ်နဲ့ မလိုက်အောင် ရှက်စရာကောင်းတဲ့ လုပ်ရပ်တစ်ခုပဲ .... "

သွေးရိပ်သခင်မ၏ အသံက ဝေါယာဉ်ထဲမှ ပြန်ပေါ်လာသည်။

သူမ၏လေသံက ညင်သာစွာ ရှိနေသည်။

"ဒါကတော့ကွယ် .... အဲဒီအချိန်မှာ ငါ့အဖို့ ဒီလိုပဲ လုပ်ရမှာပဲ ငါ့ထက် မျက်နှာအေးသီလရှင်ကြီးရဲ့ သိုင်းပညာက ပိုပြီးအဆင့်မြင့်နေတော့ ဒီလိုမှမလုပ်ရင် သူ့လက်ထဲက ဘယ်လိုလုပ်ပြီး ငါလွတ်နိုင်ပါ့မလဲ ဒီလို မလုပ်ထိုက်ဘူးဆိုတာတော့ ငါလည်း သဘောပေါက်နားလည်ပါတယ် .... အခုလည်း ဒီအတွက် တောင်းပန်ချင်လို့ မင်းကိုအခေါ်လွှတ်လိုက်ရတာပါ .... "

"အခုမှ တောင်းပန်နေလို့လည်း အပိုပါပဲ .... ခင်ဗျားရဲ့လက်ချက်ကြောင့် ကျုပ်မြင်းလည်း သေသွားပြီ .... အေးလေ ကျုပ်နဲ့ မျက်နှာအေးသီလရှင်ကြီးတို့လည်း အရှောင်မမြန်ကြရင် မြင်းလိုပဲ သေချင်းဆိုးနဲ့ သေကြမှာပဲ .... "

မှောင်ရီမှာ သန်းစပြုလာနေပြီဖြစ်၏။

ဝေါယာဉ်တံခါးလည်း ပွင့်သွားသည်။

ဝေါယာဉ်ထဲတွင်ထိုင်နေသော ဒေသွးရိပ်သခင်မကို တိန့်ထောင် လှမ်းတွေ့ရသည်။

သူမ၏မျက်နှာမှာ ထွက်ပေါ်စ နေမင်းလို ဝင်းပနေ၏။ သူမသည် တိန့်ထောက်ကို ရွှန်းရွှန်းစားစားလှမ်းကြည့်ပြီး ညို့မြူသောအသံမျိုးဖြင့် ပြောလိုက်၏။

"ပွင့်ပွင့်လင်းလင်းပဲ ငါပြောမယ် တိန့်ထောက် .... လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက မင်းကိုမြင်မြင်ချင်း ငါနှစ်သက်ခဲ့တယ် .... သဘောကျခဲ့တယ် .... ဒါကြောင့်လည်း ငါရထားတဲ့ လျှို့ဝှက်သိုင်းကျမ်းထဲက ထက်မြက်တဲ့ပညာရပ်တွေကို သင်ပေးမယ်လို့ ငါဆုံးဖြတ်ချက်ချခဲ့တာပဲ .... မင်းကိုလည်း ပါအောင်ခေါ်လာခဲ့တယ် .... ဒါပေမယ့် ကံဆိုးချင်တော့ သစ်ကိုင်းနဲ့ ရိုက်မိပြီး မင်းကျန်နေခဲ့တယ် .... "



"ကျုပ်အတွက်တော့ အဲဒီလိုဖြစ်သွားတာက ကံကောင်းတာပါ .... "

"အေးလေ .... အခုတော့ မင်းက ပြောအားရှိနေပြီပေါ့။ ဒါနဲ့သို့တကယ်လို့ ဒီတုန်းကသာ ငါနဲ့အတူ မင်းပါလာမယ်ဆိုရင် မင်းနဲ့ အခုလိုစိမ်းစိမ်းကားကားဖြစ်နေကြတော့မှာ မဟုတ်ဘူး .... ဒါနဲ့လိုက် မင်းကို တောင်းပန်ပါရစေကွယ် .... ငါ့ကိုတော့ စိမ်းစိမ်းကားမဆက်ဆံပါနဲ့ .... "

"ဟား .... ဟား .... ဟား .... ဟား .... တယ်လည်နေကြပါလား .... "

ရယ်မောပြောဆိုသံကြီးနှင့်အတူ တောအုပ်ထဲမှ ‹ ယောက်လည်း ထွက်လာသည်။

အဘိုးကြီးတစ်ယောက်ဖြစ်ကာ အရပ်မြင့်ပြီး ခန္ဓာကိုယ်ဝကျိုင်းသန်မာသူတစ်ယောက်လည်းဖြစ်၏။

အနီးသို့ရောက်လာလျှင် သူသည် တိန့်ထောက်ကိုတစ်ချက်ကြည့်လိုက်ပြီးမှ သွေးရိပ်သခင်မကိုကြည့်၍ပြောသည်။

"သခင်မက ငယ်မူပြန်ချင်နေပြီလား .... "

သွေးရိပ်သခင်မက အဘိုးကြီးကို စူးစူးရှားရှား ပြန်ကြည့်ပြီး အေးစက်စက်ပြန်ပြောသည်။

"ရှင်က ဘယ်လိုသဘောနဲ့ ခုလိုလာပြောနေတာလဲ .... "

အဘိုးကြီးက ခံပြင်းစွာ ပြုံးလိုက်ပြီး ....

"ကျုပ် ဘာကိုဆိုလိုတယ်ဆိုတာ သခင်မသိပါတယ်လေ .... မသိချင်ယောင်ဆောင်မနေပါနဲ့ .... "

"ဘာမှမသိဘူး .... "

"သခင်မကို ကျုပ်လိုက်ရှာနေတာ .... ဆယ့်ငါးရက်လောက် ၎ါတောင် ရှိနေပြီ .... "

တော့ "ရှင်က ဘာဖြစ်လို့ လိုက်ရှာနေရတာလဲ .... "

ဒီလို "သခင်မကို စိုးရိမ်ပူပန်လို့ပေါ့ .... "

တယ် "ကျွန်မအတွက် ရှင် ဘာမှစိုးရိမ်နေစရာမလိုဘူး .... ကျွန်မ

လိုက် ကျွန်မ ကောင်းကောင်းကြီး ကာကွယ်နိုင်တယ် .... "

အဘိုးကြီး၏မျက်နှာ ညှိုးသွားသည်။ သူ့လေသံကိုလည်း ချက်ချေလိုက်ပြီး ....

နှာခေ "ခုလိုအချိန်မှာ သခင်မအနေနဲ့ ခရီးထွက်ဖို့ မသင့်ပါဘူး .... ဆိုးနဲ့ ဘင်းဆုံးက ကိုယ့်အိမ်မှာကိုယ်နေရင် ကောင်းပါလိမ့်မယ်"

ပြီးမှ အဘိုးကြီးက တိန့်ထောက်ကို မုန်းတီးဝန်တိုသော မျက်မျိုးဖြင့် စူးစူးရားရားကြည့်လိုက်ပြီး လက်ညှိုးဆတ်ခနဲထိုးကာ သွေးရိပ်သခင်မကို မေးမြန်းသည်။

"ဒီကောင်က ဘယ်ကကောင်လဲ .... "

တိန့်ထောက်စိတ်ထဲတွင် အဘိုးကြီးက သူ့ကိုရိုင်းရိုင်းစိုင်းစိုင်းပြောလိုက်သဖြင့် ခံပြင်းသွားသည်။ သူ့စိတ်ကို သူထိန်းပြီး ဆက်ငြိမ်နေသည်။

"ကျွန်မ အန္တရာယ်နဲ့တွေ့တုန်းက သူဝင်ကယ်လို့ အသက်ဘေးက လွတ်ခဲ့တာ .... "

"ဩော် .... သခင်မက ဒါကြောင့် ဒီကောင့်ကို မစိမ်းကားပါနဲ ရင်းရင်းနှီးနှီးနေပါဆိုတဲ့ စကားမျိုးတွေ ပြောနေရတာကိုး .... ဒီမယ် သခင်မ .... သခင်မရဲ့အသက်နဲ့ သူ့ရဲ့အသက်ဟာ မြေအဘွားလောက်ကွာခြားတယ်ဆိုတာ မေ့နေပြီလား .... "



"ရှင့်ပါးစပ် ပိတ်လိုက်စမ်း .... "

သူမ၏မျက်နှာထားမှာ လူသတ်တော့မည့်မျက်နှာပြင်မျိုးသို့ ပြောင်းလဲသွားသည်။

စိတ်ဆိုးလွန်းသဖြင့် တင်းမာခက်ထန်လာသည်။

သူမသည် တိန့်ထောက်ကို မလုံမလဲနှင့် တစ်ချက်ကြည့်လိုက်လေ၏။

တိန့်ထောက် ရင်ထဲတွင်မှု တုန်လှုပ်သွားသည်။

ယခုမှ သွေးရိပ်သခင်မ၏အသက်မှာ ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးခန့်ရှိလိမ့်မည်ဖြစ်ကြောင်း တိန့်ထောက်ရိပ်စားမိသွားသည်။

သိုင်းလောကတွင် ထူးထူးခြားခြားသိုင်းပညာရပ်မျိုးကို တတ်မြောက်ထားသူများအဖို့ အရွယ်တင်တတ်ကြကြောင်း ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီး ပြောပြထားသည်ကို သူကြားဖူးသည်။

ထိုသူတို့မှာ ရုပ်ရည်ထိန်းနည်းပညာရပ်ကို လေ့ကျင့်တတ်မြောက်ထားကြသည်။ ရုပ်ရည်ထိန်းခြင်းပညာဆိုသည်မှာ ရှိရင်းစွဲအရွယ်ထက် မကျအောင် ဆေးဝါးမှီဝဲခြင်း၊ လေ့ကျင့်ခြင်းတို့ဖြစ်၏။

ထိုသို့ မှီဝဲလေ့ကျင့်ပါက အသက်သာကြီးသွားမည်ဖြစ်ပြီး ရုပ်ရည်ကမူ နုပျိုနေမည်ဖြစ်၏။

ယခု သွေးရိပ်သခင်မသည် ဤကဲ့သို့ ရုပ်ရည်ထိန်းသိမ်းခြင်းပညာဖြင့် သူမ၏ရုပ်ရည်ကိုမကျအောင် စီမံထားခြင်းဖြစ်ပေလိမ့်မည်ဟု တိန့်ထောက်တွေးမိလေသည်။

အဘိုးကြီးကလည်း သွေးရိပ်သခင်မ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ....

"သခင်မ .... ဘယ်တုန်းကမှ သခင်မဟာ ကျုပ်ကို အခုလို



အော်ငေါက်ပြီး မပြောခဲ့ပါဘူး .... ခုမှ ဘာတွေအဆိပ်တတ်ပြီး အော်အော်ငေါက်ငေါက်လုပ်ရတာလဲ .... "

သွေးရိပ်သခင်မက ဒေါသနှင့် ပြန်ပြောသည်။

"ကွမ်းစွန်ချင်း .... ရှင်နဲ့ ကျွန်မ ဒီဘဝ ဒီအမျှနဲ့ပဲ ဖြတ်လိုက်ကြရင်ကောင်းမယ် .... "

ကွမ်းစွန်ချင်းဟူသောနာမည်ကိုကြားလိုက်ရသောအခါ တိန့်ထောက်မျက်မှောင်ကြုတ်သွားသည်။ ရင်ထဲတွင်လည်း လှုပ်ရှားသွားသည်။

ကွမ်းစွန်ချင်းဆိုသောနာမည်မှာ ဆရာဖြစ်သူမဟူရာသိုင်းသမားရေးပေးလိုက်သည့် နာမည်စာရင်းစာအုပ်ထဲတွင် ပါနေလေသည်။ ပိုပြီးသေချာရန် တိန့်ထောက်သည် အဘိုးကြီးကို လက်ဖမိုးယှက်၍ ရိုရိုကျိုးကျိုးပြောလိုက်သည်။

"ဆရာကြီး ဝိညာဉ်လိုက်သိုင်းသမားကြီးကွမ်းစွန်ချင်းမဟုတ်ပါလား ခင်ဗျာ .... "

အဘိုးကြီးက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြုံးလိုက်ပြီး ....

"မောင်ရင်က ကျုပ်ကိုသိနေတာကိုး .... နေစမ်းပါဦး မောင်ရင်က ဘယ်သူလဲ .... "

တိန့်ထောက်က ဦးညွှတ်လိုက်ပြီး ....

"ကျွန်တော်ဟာ မကြာသေးခင်ကမှ သိုင်းလောကမှာ ခြေချလာတဲ့ သိုင်းသမားတစ်ယောက်ပါခင်ဗျာ .... ကျွန်တော့်နာမည် တိန့်ထောက်ပါ .... "

"မင်းရဲ့ ဘွဲ့နာမည်ကော .... "

"ကျွန်တော့်ရဲ့ဘွဲ့နာမည်က ရောင်ခြည်သိုင်းသမားပါ ....

ကျွန်တော့်ကို ခွင့်ပြုကြပါဦး .... "

တိန့်ထောက်သည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ တောအုပ်ထဲသို့ ပြေးထွက်သွားသည်။

"တိန့်ထောက် နေဦးလေ .... ဘယ်သွားမှာလဲ .... "

သွေးရိပ်သခင်မက လှမ်းတားသော်လည်း တိန့်ထောက်သည် နောက်ကိုတစ်ချက်မှလှည့်မကြည့်ဘဲ တောအုပ်ထဲတွင် ပျောက်ကွယ်သွားတော့သည်။

သွေးရိပ်သခင်မသည် တိန့်ထောက်ကို လှမ်းခေါ်၍မရသော အခါ ဝိညာဉ်လိုက်သိုင်းသမားကြီး ကွမ်းစွန်ချင်းကို ဒေါသတကြီးနှင့် အော်ငေါက်လိုက်၏။

"ရှင် အခုချက်ချင်း ကျွန်မရဲ့မျက်စိအောက်က ထွက်သွားလိုက်စမ်း .... "

ကွမ်းစန်ချင်းကမူ သွေးရိပ်သခင်မကို စိတ်ဆိုးပုံမရဘဲ ချင်ခင်ကြင်နာသောလေသံမျိုးနှင့် ပြန်ပြောသည်။

"သခင်မရယ် .... သခင်မနဲ့ ကျုပ်တို့တစ်တွေဟာ ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင်နဲ့ နေခဲ့ကြတာတွေကို မေ့သွားပြီလား .... ကျုပ်အပေါ် သခင်မပြောခဲ့တဲ့ စကားတွေကိုတော့ ဘယ်တော့မှ ကျုပ်မမေ့ပါဘူး .... "

"ရှင် ဘာမှပြောမနေနဲ့တော့ .... ရှင့်ကို ကျွန်မစိတ်ကုန်နေတာ ကြာပြီ .... ဒီနေ့ကစပြီး ရှင်နဲ့ ကျွန်မ လမ်းစပြတ်ပြီ .... နောက်ထပ် ကျွန်မကို နှောင့်နှောင့်ယှက်ယှက် လုပ်မနေနဲ့တော့ .... "

အဘိုးကြီးကွမ်းစွန်ချင်း၏မျက်နှာမှာ ခံပြင်းမှုအသွင်ကို ဆောင်သွားပြီး ....



"ဘာလဲ သခင်မ .... သခင်မက စောစောက တိန့်ထောက် ...တဲ့ကောင်လေးကို ချစ်ခင်နှစ်သက်နေလို့ ကျုပ်ကို ဒီလိုစကားမျိုး ...တွေ ပြောတာပေါ့ ဟုတ်လား .... "

"ရှင်နဲ့မဆိုင်ပါဘူး .... ကျွန်မဟာ လွတ်လပ်သူတစ်ယောက် ... .... ရှင်နဲ့လည်း လူသိရှင်ကြား တရားဝင်မင်္ဂလာဆောင်ထားကြတာ ...လည်း မဟုတ်ဘူး .... ဒီတော့ ကျွန်မ ဘာပဲလုပ်လုပ် ရှင်တားပိုင်ခွင့် ...ရှိဘူး .... ရှင်လည်း ရှင်ကြိုက်တဲ့လမ်းကို ရှင့်ဘာသာရှင်သွား .... "

"ကောင်လေးက သခင်မရဲ့မြေးအရွယ်လောက်ပဲ ရှိသေး ...တယ်ဆိုတာလည်း သတိထားပါဦး .... "

"ရှင့်ပါးစပ်ကို ဝိတ်ထားစမ်း .... ကျွန်မကို စိတ်ဆိုးအောင် ...ဘာလုပ်မနေနဲ့ .... ကျွန်မအကြောင်းကို ရှင်ကောင်းကောင်းသိတယ် ...ဟုတ်လား .... "

"အို .... ဟိုမှာ ဘယ်သူလဲ .... "

မိန်းမချောလေးဖန်းပင်ထံမှ ထိတ်လန့်တကြားပြောဆိုသံ ...ပေါ်လာသည်။

သူမသည် တစ်နေရာသို့ လက်ညှိုးထိုးပြရင်း ပြောလိုက်ခြင်း ...ဖြစ်၏။

အားလုံး ဖန်းပင်လက်ညှိုးထိုးပြရာကို ကြည့်လိုက်သော် သစ် ...ပင်တစ်ပင်အောက်တွင် ရပ်နေသော ဝတ်စုံနက်နှင့် လူတစ်ယောက်ကို ...တွေ့ကြရလေ၏။

သူ့မျက်နှာတွင် သားရေမျက်နှာဖုံးကိုစွပ်ထားသည်။ သူ့မျက်လုံးအစုံက ဝိညာဉ်လိုက်သိုင်းသမားကြီး ကွမ်းစွန်ချင်းကို စူးစူးစိုက်စိုက်ကြည့်နေသည်။

ဝိညာဉ်လိုက်သိုင်းသမားကြီး ကွမ်းစွန်ချင်းသည် မျက်နှာကွက်ခနဲပျက်သွားပြီး စိုးရိမ်စိတ်နှင့် မေးမြန်းလိုက်၏။

"ခင်ဗျား ဘယ်သူလဲ .... "

ဝတ်စုံနက်က အေးစက်စက်လေသံနှင့် ပြန်ပြောသည်။

"ကျုပ်က မဟူရာသိုင်းသမားပဲ .... "

"ဗျာ .... မဟူရာသိုင်းသမား .... "

ကွမ်းစွန်ချင်းတစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသလို သွေးနီသခင်မလည်း မျက်လုံးအပြူးသားဖြစ်သွားလေတော့သည်။

## အခန်း(၁၁)

## အသေအကြေတိုက်ပွဲ

ကွမ်းစွန်ချင်းက မျက်စိပျက်မျက်နှာပျက်နှင့် နောက်ကို ခြေနှစ်လှမ်းဆုတ်လိုက်သည်။

ဝတ်စုံနက်က ရှေ့ကိုခြေနှစ်လှမ်းတိုးသည်။ ပြီးမှ အေးစက်စက်လေသံဖြင့် ပြောပြန်သည်။

"ဝိညာဉ်လိုက်သိုင်းသမားကြီး ကွမ်းစွန်ချင်း .... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက မန်းစန်းတောင်ပေါ်မှာ သိုင်းဂိုဏ်းကြီး ဂိုဏ်းဂိုဏ်းက ကျုပ်ကိုဝိုင်းတိုက်တော့ .... ခင်ဗျားကလည်း သူတို့ ဘက်က ကျုပ်ကိုဝိုင်းတိုက်ခဲ့တယ် .... မမေ့နိုင်တဲ့ဖြစ်ရပ်ကြီးတစ်ခုမို့ လို့ ခင်ဗျားကောင်းကောင်းမှတ်မိပါသေးတယ်နော် .... "

ဝိညာဉ်လိုက်သိုင်းသမားကြီးက တုန်တုန်ယင်ယင်ဖြင့် ခေါင်းကိုညိတ်လိုက်ပြီး ....

"ဟုတ် .... ဟုတ်ကဲ့ .... မှတ်မိပါတယ် .... ဒါ .... ဒါပေမယ့် ဒီတုန်းက ခင်ဗျားက သေသွားခဲ့ပြီ မဟုတ်လား .... "

"ဟား .... ဟား .... ဟား .... မသေလို့ အခု ခင်ဗျားရှေ့မှာ ရောက်နေပြီပဲ .... ဒီအတွက် ခင်ဗျားဆီမှာတင်နေတဲ့ သွေးကြွေးကို ပြန်ယူရလိမ့်မယ် .... ဒါကြောင့် ခင်ဗျားဆီကို ရောက်လာတာပဲ .... ကဲ ခင်ဗျားခုခံကာကွယ်ဖို့သာ ပြင်ပေတော့ .... "

"ဗျာ .... ဟို .... ဟို .... "

ဝိညာဉ်လိုက်သိုင်းသမားကြီးကွမ်းစွန်ချင်းသည် ထိတ်လန့်စွာဖြင့် နောက်ကိုဆုတ်သွားပြီး စကားလည်းမပြောနိုင်ချေ။

ဝတ်စုံနက်က ဆက်ပြောသည်။

"ခင်ဗျားဟာ ဒုစရိုက်ဂိုဏ်းသားကြီးတစ်ယောက် .... လူ့တကာအပေါ်မှာ ကြီးနိုင်ငယ်ညှဉ်းလုပ်ချင်တယ် .... အထက်ကိုဖားပြီး အောက်ကို ဖိနှိပ်ချင်တဲ့ စိတ်မျိုးရှိတယ် .... ထားပါလေ .... မန်းစန်းတောင်တိုက်ပွဲမှာ ကျုပ်အသက်မသေတဲ့အတွက် .... ခင်ဗျားရဲ့အသက်ကို သေတဲ့အထိတော့ ကျုပ်မတိုက်ပါဘူး .... အဲ .... ခင်ဗျားရှုံးရင်တော့ ခင်ဗျားရဲ့သိုင်းပညာတွေအသုံးချလို့ မရအောင် ကျုပ်လုပ်ခဲ့ရလိမ့်မယ် .... ကိုင်း ခင်ဗျားရဲ့ဓားကို ထုတ်ပေတော့ .... "

စကားဆုံးသည်နှင့် ဝတ်စုံနက်သည် ရှေ့သို့တစ်လှမ်းချင်း တိုးလျှောက်လာပြန်သည်။

ကွမ်းစွန်ချင်းသည် မည်သို့မျှ ရှောင်လွှဲ၍မရတော့သဖြင့် သူ၏ဓားကို ခါးမှရွှမ်းခနဲ ဆွဲထုတ်လိုက်ရတော့သည်။

သူ၏လက်ထဲသို့ဓားရောက်ရောက်ချင်း ဝတ်စုံနက်ထံ ခုန်ဝင်ပြီး ဓားဖြင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

ဝတ်စုံနက်က နောက်ဆုတ်ခြင်းလည်း မပြု၊ ရှောင်တိမ်းခြင်းလည်း မပြုဘဲ သူ့လက်တစ်ဖက်ကိုသာ ဝှေ့ယမ်းလိုက်သည်။



"အား .... "

ကွမ်းစွန်ချင်းထံမှ အော်ဟစ်သံပေါ်လာပြီး ဓားကိုင်လျက်မှ နောက်ကိုလည်း ဒယီးဒယိုင်နှင့် ခြေငါးလှမ်းဆုတ်သွားသည်။

သူ့မျက်နှာကြီးမှာ ရှုံ့မဲ့သွားကာ ပါးစပ်မှလည်း ဟွတ်ခနဲ သွေးတွေအန်ကျလာသည်။

အဖြစ်အပျက်မှာ မြန်ဆန်လှသည်။ မျက်စိတစ်မှိတ်ခန့်သာ ကြာလိုက်သည်။

သွေးရိပ်သခင်မသည် ထိတ်လန့်စိုးရိမ်စွာဖြင့် ဝတ်စုံနက်ကို ကြည့်နေသည်။

သူမသည် အနည်းငယ်မျှပင် မလှုပ်ရဲပါချေ။

ဝတ်စုံနက်က ဝိညာဉ်လိုက်သိုင်းသမားကြီးကွမ်းစွန်ချင်းကို စေ့စေ့ကြည့်ကာပြောသည်။

"ကျုပ်ဟာ မလွှဲမကင်းသာမှ သူ့အသက် ကိုယ့်အသက်လုရတဲ့အချိန်မျိုးကျမှ လူသတ်တယ် .... ဒါပေမယ့် အခုတော့ ဒီလိုစိတ်မျိုးတွေမရှိတော့ဘူး .... ခင်ဗျားကိုလည်း မသတ်ချင်ဘူး .... ဒီက ခပ်မြန်မြန်သာ ခင်ဗျားထွက်သွားပေတော့ .... "

ကွမ်းစွန်ချင်းလည်း ဘာတစ်ခွန်းမှပြန်မပြောရဲတော့ဘဲ ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားလေသည်။

ကွမ်းစွန်ချင်း ထွက်ခွာသွားသောအခါ ဝတ်စုံနက်သည် သွေးရိပ်သခင်မကို စူးစူးရဲရဲလှမ်းကြည့်သည်။

သွေးရိပ်သခင်မ မျက်နှာပျက်သွားပြီး ရင်ထဲမှာလည်း ထိတ်ခနဲဖြစ်သွားသည်။

သူမဘက်သို့ မြားဦးလှည့်လာမလားဟု တွေးကာ စိုးရိမ်

တကြီးဖြစ်သွားသည်။

သို့သော် ဝတ်စုံနက်သည် ချာခနဲလှည့်ပြီး ပြေးထွက်သွားလေသည်။

ထိုအခါမှ သွေးရိပ်သခင်မနှင့် ဖန်းပင်တို့သည် သက်ပြင်းရှည်ကြီးကို ချမိကြ၏။ အသက်ရှဲရှဲရှူရှိုက်ကြ၏။

သွေးရိပ်သခင်မက ဖန်းပင်ကို အမိန့်ပေးလိုက်၏။

"ဖန်းပင် တို့သွားကြစို့ ...."

ဖန်းပင်က မျက်နှာဖြူဖပ်ဖြူရော်ဖြင့် သွေးရိပ်သခင်မကိုလှမ်းပြောလိုက်သည်။

"သခင်မကြီး မဟူရာသိုင်းသမားကြီးရဲ့ သိုင်းပညာဟာ ကြားထားရတာထက်တောင် ပိုပြီးထက်မြက်ပါလား .... လက်သိုင်းကွက်တစ်ကွက်တည်းနဲ့ သခင်ကြီးကွမ်းစွန်ချင်းကို ဒဏ်ရာရအောင်လည်း လုပ်သွားတယ် .... သိုင်းပညာတွေကို ချေဖျက်ပြီးသားဖြစ်အောင်လည်း လုပ်သွားနိုင်တယ် .... သိပ်ကြောက်စရာကောင်းတာပဲ ...."

သွေးရိပ်သခင်မက ဖန်းပင်ကို မျက်နှာထားတင်းတင်းနှင့် တစ်ချက်ကြည့်လိုက်ပြီး ....

"ဖန်းပင် .... နောက်ကို ကွမ်းစွန်ချင်းကို သခင်ကြီးလို့ ခေါ်စရာမလိုဘူး .... သူနဲ့ ငါနဲ့ ဘာမှမဆိုင်တော့ဘူး .... နားလည်လား"

"ကောင်းပါပြီ သခင်မကြီး .... "

"အေး .... တို့နဲ့ မဟူရာသိုင်းသမားနဲ့ ဘာပြဿနာ ဘာရန်ငြိုးမှမရှိခဲ့ဘူး .... ဒါကြောင့် သူဟာ တို့ကို ရန်မူမသွားတာဘဲ .... ဒီအတိုင်းဆိုရင် မဟူရာသိုင်းသမားဟာ မန်းစန်းတောင်တိုက်ပွဲတုန်းက သူ့ကိုဝိုင်းတိုက်ခဲ့ကြတဲ့လူတွေကို ရှာပြီး ကလဲ့စားချေနေပြီနဲ့တူတယ်



.... ကဲ .... တို့တွေ သွားကြစို့ ...."

သွေးရိပ်သခင်မက ဝေါယာဉ်တံခါးကို ပိတ်လိုက်သည်။

ဝေါယာဉ်ကြီးဘေးတွင် တစ်ချိန်လုံးကျောက်ရုပ်ကြီးတွေလို နေကြသော လူသန်ကြီးနှစ်ယောက်က ဝေါယာဉ်ကိုထမ်းကာ ပြေးသားထွက်သွားကြ၏။

ဖန်းပင်ကမူ ဝေါယာဉ်ရှေ့မှ ဦးစွာ ပြေးသွားနှင့်လေသည်။

တည်းခိုခန်းသို့ တိန့်ထောက်ပြန်ရောက်လာသောအခါ သူ့ကို စောင့်မျှော်နေသော ဟိုအိလောက်ကို တွေ့ရသည်။

“ဘယ်ကိုသွားနေတာလဲ မောင်ရင်ရယ် .... ”

ဟိုအိလောက်က မေးသောအခါ တိန့်ထောက်က လိုးလွှဲ ဖြေသည်။

သူသည် ချက်ချင်းခရီးဆက်ရန်လည်း ပြင်ဆင်သည်။

“မောင်ရင်က ဘယ်ကိုခရီးဆက်မှာလဲ .... ”

“ကျွန်တော်က တောင်ဘက်ဒေသကို ခရီးဆက်ရပ့ါမယ် .... ဘကြီးဟို .... ”

“ဟာ ဒီလိုဆို အတော်ပဲ .... ကျုပ်လည်း တောင်ဘက်ဒေသ ကိုပဲ ခရီးဆက်ရမှာပဲ .... မောင်ရင်နဲ့ ကျုပ်နဲ့ လမ်းကြုံနေတော့ အတူတူပဲ သွားကြတာပေ့ါ .... ”

တိန့်ထောက် မျက်မှောင်ကြုတ်သွားသည်။ သူသည် လျှို့ဝှက် သောအစီအစဉ်ဖြင့် ခရီးသွားရမည်ဖြစ်သဖြင့် တစ်ဦးတည်းသာ သွား ချင်သည်။

“ကျွန်တော်နဲ့ ဘကြီးဟိုနဲ့ လမ်းကြုံတာမှန်ပေမယ့် အတူတူ သွားလို့ဖြစ်ပ့ါမလား .... ကျွန်တော်က ကိုယ်ရေးကိုယ်တာကိစ္စနဲ့သွား



ရမှာဆိုတော့ .... တစ်နေရာ တစ်ဒေသမှာ ဘယ်လောက်အထိကြာ ကြာနေရမယ်မသိဘူး .... ”

“ကိစ္စမရှိပါဘူး မောင်ရင်ရယ် .... ဒီတော့လည်း ကျုပ်တို့ နှစ်ယောက် လမ်းခွဲလိုက်ကြတာပေ့ါ .... အတူတူသွားလို့ရတဲ့နေရာ အထိတော့ အတူတူပဲ သွားကြစို့ .... ဒီမနက်စာကိုတော့ ကျုပ်ကပဲ ကောင်းကောင်းကျွေးပ့ါမယ် .... သွားစားကြစို့ .... ပြီးရင် ခရီးထွက်ကြ မယ် .... ဒီမြို့လယ်မှာ ‘ကျည့်အင်းလို’ဆိုတဲ့ စားသောက်ဆိုင်ရှိတယ် အချက်အပြုတ်အကောင်းဆုံးဆိုင်ပေ့ါ .... သွားကြစို့ .... ”

တိန့်ထောက်လည်း မငြင်းသာတော့ဘဲ သဘောတူလိုက်ရ လေသည်။

ထို့နောက် သူတို့နှစ်ဦးသည် ခရီးဆောင်အိတ်ကိုယ်စီကို လွယ် ပိုး၍ တည်းခိုခန်းမှ ကျသင့်ငွေကိုပေးချေကာ ထွက်လာခဲ့လေသည်။

မြို့လယ်ရှိ ကျင့်အင်းလိုစားသောက်ဆိုင်သို့ လာခဲ့ကြ၏။

မနက်စောစောအချိန်ဖြစ်သောကြောင့် စားသောက်ဆိုင်ထဲ တွင် လူအတော်ရှင်းနေသည်။

တိန့်ထောက်နှင့် ဟိုအိလောက်တို့သည် အကောင်းဆုံး မနက်စာကို စားသောက်ကြ၏။

သူတို့အနီးတွင် သီးသန့်ခန်းများလည်းရှိသည်။

တိန့်ထောက်သည် မည်သည့်စကားကိုမှမပြောဘဲ အစား အသောက်ကိုသာ ဂရုစိုက်၍ စားသောက်သည်။

အဘိုးကြီးဟိုအိလောက်လည်း ဗိုက်ဆာနေသောကြောင့် မြိန် မြိန်ယှက်ယှက်သာ စားသောက်နေသည်။

သူတို့နှစ်ဦး၏အနီးတွင်ရှိသော သီးသန့်ခန်းထဲမှ စကားပြော

သံများကိုမှ ကြားနေရသည်။

တိန့်ထောက်က လူတစ်ယောက်၏အသံကို မှတ်မိသလိုရှိ၍ နားစိုက်ထောင်လိုက်မိ၏။

သူကြားဖူးထားသောအသံက ခပ်သြသြဖြင့် ပေါ်လာသည်။

"ခုလို မိတ်ဆွေရဲ့ကို ဧည့်ခံကျွေးမွေးရတဲ့အတွက် ကျုပ်တော့ .... သိပ်ပြီး ဂုဏ်ယူမိတာပဲဗျာ .... အားပါးတရသာ စားသောက်ပါ .... "

ဒုတိယအသံက ....

"ဟား .... ဟား .... ဟား .... ကျွန်တော်လည်း နောင်ကြီးဝမ်းနဲ့ ဒီတစ်ခေါက် ခုလိုဆုံရတာ သိပ်ပြီးဝမ်းသာဂုဏ်ယူမိပါတယ်"

ထိုအသံကို တိန့်ထောက်မကြားဖူး၍ မည်သူမည်ဝါမှန်း မခန့်မှန်းနိုင်ချေ။

ပထမပြောလိုက်သောအသံကိုမူ တိန့်ထောက် ကောင်းကောင်းကြီးမှတ်မိသည်။ အသံရှင်ကိုလည်း ကောင်းကောင်းကြီးသိသည်။

ထိုသူမှာ ဝမ်ရဲ့ရဲတိုက်သခင်ကြီး၏ လက်ရုံးတစ်ဆူဖြစ်သော ဝမ်းချန်ပင်ဖြစ်သည်။

သူသည် ဝမ်ရဲ့ရဲတိုက်တွင် ထိုအသံကို နေ့စဉ်ရက်ဆက်ကြားခဲ့ရသဖြင့် နှစ်တွေမည်မျှပင် ကြာခဲ့ပြီဖြစ်သော်လည်း မေ့လိမ့်မည်မဟုတ်ပါချေ။

ဝမ်းချန်သည် သူ့အပေါ် ကောင်းကောင်းအနိုင်ကျင့်ခဲ့သူဖြစ်၏။ သူ့တပည့်သိုင်းသမားများကို စေခိုင်းကာ အမျိုးမျိုးလည်းနှိပ်စက်ခဲ့၏။



နောက်ဆုံးတွင် သူ့ကို ဖျာလိပ်ဖြင့်ပတ်ကာ စွန့်ပစ်၍ မြေခွေးစာကျွေးခဲ့သူမှာလည်း ဝမ်းချန်ပင်ဖြစ်လေသည်။

တိန့်ထောက်၏မျက်နှာမှာ တစ်မုဟုတ်ချင်း တင်းမာခက်ထန်သွားသည်။ သူသည် ဆက်လက်ပြီး စားသောက်၍လည်း မရတော့ချေ။

ချက်ချင်းပြောင်းလဲသွားသော တိန့်တောက်၏အမူအရာကြောင့် ဟိုအိလောက် နားမလည်နိုင်အောင် ဖြစ်သွားပြီး အသံကိုနှိမ့်ကာ ခပ်တိုးတိုးမေးလိုက်သည်။

"မောင်ရင် ဘာဖြစ်လို့လဲ .... "

တိန့်ထောက်သည် အံကိုတင်းတင်းကြိတ်ထားရာမှ သွားကြားမှထွက်သည့် လေသံမျိုးဖြင့် ပြန်ပြောလိုက်သည်။

"ဟိုအခန်းထဲက စကားပြောနေတဲ့လူတစ်ယောက်ကို ကျွန်တော်သတ်ချင်လို့ .... "

ဟိုအိလောက် မျက်လုံးပြူးသွားပြီး ....

"ဟေ ဘယ်သူလဲ .... တစ်ချိန်က မင်းနဲ့ ရန်ငြိုးရှိခဲ့လို့လား"

တိန့်ထောက်က နှုတ်မှပြန်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ခဏအကြာတွင် သီးသန့်ခန်းမထဲတွင် စားသောက်နေသူများ ထွက်သွားကြသည်။

သီးသန့်ခန်း၏တံခါးပေါက်မှာ တစ်ဖက်တွင်ရှိနေသဖြင့် ထွက်သွားသော လူစုမှာ တိန့်ထောက်တို့ကို မမြင်ရချေ။

ကျောခိုင်း၍ထွက်သွားကြခြင်းဖြစ်သဖြင့် တိန့်ထောက်တို့ကသာ လှမ်းမြင်ကြရ၏။

ရှေ့ဆုံးမှထွက်သွားသူနှစ်ယောက်မှာ ဝတ်စုံနက်ဝတ်ဆင်ထားသော အသက်ငါးဆယ်အရွယ်လူကြီးတစ်ယောက်နှင့် ဝတ်စုံပြဲဝတ်ဆင်ထားသော အသက်သုံးဆယ်အရွယ် လူတစ်ယောက်တို့ဖြစ်ကြလေသည်။

သူတို့နှစ်ယောက်နောက်မှ သိုင်းသမားလေးယောက်လည်း လိုက်ပါသွားကြ၏။

သိုင်းသမားလေးယောက်အနက် နှစ်ယောက်မှာ ဝတ်စုံနက်ကို ဝတ်ဆင်ထားကြသည်။

ဝတ်စုံနက်ဝတ်ဆင်ထားကြသူများမှာ ဝမ်ရဲ့ရဲတိုက်မှ အမှုထမ်းများဖြစ်ကြကြောင်း တိန့်ထောက်သိသည်။

တိန့်ထောက်က ဟိုအိလော့က်ကို အသံတိုးတိုးနှင့် ပြောလိုက်၏။

"ဘကြီးဟို .... ကျွန်တော်တို့နှစ်ယောက် ဒီကနေပဲ လမ်းခွဲသွားကြပါစို့ .... ဝတ်စုံနက်နဲ့လူတွေက ဝမ်ရဲ့ရဲတိုက်က လူတွေပဲ .... ကျွန်တော် သူတို့နဲ့ ရှင်းစရာလေးတွေရှိနေလို့ .... "

"ရှေ့ဆုံးက ဝတ်စုံဝါနဲ့လူဟာလည်း ကျုပ်လိုက်ရှာနေတဲ့ သူပဲ အခန့်သင့် ဒီမှာလာတွေ့နေရတယ် .... "

"အဲဒီလူက ဘယ်သူလဲ ဘကြီးဟို .... "

"ဒီလူဟာ တောင်ပိုင်းဒေသ ချီယွင်ရွာစုက ဂေဟာသခင်ကြီး နတ်နဂါးချူဝါးဟီးရဲ့ ညာလက်ရုံးပဲ .... သူ့နာမည်က ရဲ့ကျိထိန်တဲ့"

တိန့်ထောက်မှာ မျက်လုံးပြူးသွားသည်။

စိတ်ထဲမှာလည်း လှုပ်ရှားသွားသည်။

သူတို့မိသားစုကို ဒုက္ခပေးသွားသော ဝမ်ရဲ့ရဲတိုက်မှလူများ



နှင့် တောင်ပိုင်းချီယွင်ရွာစုမှလူများကို တစုတဝေးတည်း တွေ့နေရလေပြီ။

"ဘကြီးဟိုနဲ့ အဲဒီလူနဲ့ ရန်ငြိုးရန်စရှိခဲ့လို့လား .... "

"မဟုတ်ပါဘူး .... ရဲ့ကျိထိန်ဆီမှာ ကျုပ်သိချင်တဲ့လူတစ်ဦးရဲ့အကြောင်းကို မေးမြန်းစုံစမ်းမလို့ပါ .... "

"ကောင်းပြီလေ .... ဒီလိုဆို ဘကြီးဟိုက အဲဒီလူနောက်ကို နောက်ယောင်ခံပြီး လိုက်သွားပေါ့ .... ကျွန်တော်ကလည်း ဝမ်ရဲ့ရဲတိုက်က လူတွေရဲ့နောက်ကို နောက်ယောင်ခံပြီးလိုက်သွားမယ် .... ကျွန်တော့်ပြဿနာကိုရှင်းပြီးတာနဲ့ ဘကြီးဟိုဆီကို ကျွန်တော်လာခဲ့မယ် .... ကျွန်တော်လည်း ရဲ့ကျိထိန်နဲ့ တွေ့ချင်သေးတယ် .... "

"ကောင်းပြီလေ .... ဒီလိုဆို သွားကြစို့ .... သူတို့တွေတောင်အောက်ထပ်ကို ရောက်သွားကြပြီ .... "

ဟိုအိလော့က်က ကျသင့်ငွေကို အမြန်ရှင်းလိုက်သည်။

ပြီးနောက် နှစ်ယောက်သား အောက်ထပ်ကို ခပ်သွက်သွက်ဆင်းလာခဲ့ကြ၏။

ဆိုင်ရှေ့တွင် ဝတ်စုံနက်ဝတ်ထားသော ဝမ်းချန်သည် မြင်းတစ်စီးကိုစီးကာ မြို့အနောက်ဘက်သို့ ထွက်ခွာသွားသည်ကို တိန့်ထောက် လှမ်းတွေ့လိုက်ရ၏။

သူ့နောက်မှ ဝတ်စုံနက်ဝတ် သိုင်းသမားနှစ်ယောက်လည်း မြင်းကိုယ်စီနှင့် လိုက်ပါသွားကြ၏။

ဝတ်စုံဝါများဝတ်ထားကြသည့် ရဲ့ကျိုထိန်တို့လူစုမှာမူ မြင်းကိုယ်စီဖြင့် မြို့အရှေ့ဘက်ကို ထွက်သွားကြ၏။

တိန့်ထောက်သည် ဝမ်းချန်တို့နောက်ကို နောက်ယောင်ခံပြီး လိုက်ခဲ့၏။

မြို့တံခါးဝသို့ရောက်သောအခါ ကြိုတင်စောင့်နေဟန်တူသော လူဝကြီးတစ်ယောက်နှင့် ဝမ်းချန်တို့လူစု ဆုံမိကြ၏။ လူဝကြီးမှာ အရပ်ပုပြီး ဝက်တစ်ကောင်ကဲ့သို့ ဝလေသည်။

ဝမ်းချန်က မြင်းပေါ်မှဆင်းပြီး ထိုလူပုကြီးနှင့် စကားတီးတိုးပြောသည်။

သူတို့၏မျက်နှာအမူအရာကြီးများကို မြင်ရရုံဖြင့် အရေးကြီးသော ကိစ္စတစ်ရပ်ကို ပြောနေခြင်းဖြစ်ကြောင်း တိန့်ထောက်သိလိုက်၏။

ထို့နောက် ဝမ်းချန်တို့လူစုသည် လူပုကြီးနှင့် ခွဲ၍ မြို့ပြင်ဘက်



သို့ ဆက်ပြီးထွက်သွားလေရာ တိန့်ထောက်လည်း နောက်မှလိုက်ခဲ့သည်။

မြို့ပြင်ရှိ တောအုပ်ထဲသို့ရောက်လျှင် တိန့်ထောက်ကပင် လှမ်းခေါ်လိုက်၏။

"ဆရာကြီးဝမ်း ခဏနေပါဦး ...."

ဝမ်းချန်က သူ့မြင်းကို ရပ်လိုက်၏။

တိန့်ထောက်လည်း ပြေးလွှားလာပြီး မြင်းရှေ့သို့ ရောက်လာသည်။

တိန့်ထောက်နှင့် ဝမ်းချန်တို့သည် တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နေကြသည်။

ချက်ချင်းပင် ဝမ်းချန်သည် တိန့်ထောက်ကို မှတ်မိသွားဟန်ဖြင့် အံ့သြတကြီးဖြစ်သွား၏။

ပြီးမှ မျက်နှာတစ်ချက်မဲ့လိုက်ပြီး ....

"မင်း တိန့်ထောက်မဟုတ်လား ...."

"ဟုတ်တယ် ...."

တိန့်ထောက်က ခပ်ပြတ်ပြတ်ပြန်ပြောသည်။ ဝမ်းချန်မျက်နှာ ပိုမိုရှုံ့မဲ့သွားပြီး ....

"မင်းက မသေသေးဘဲကိုးကွ .... ပြီးတော့ ဓားတွေ ဘာတွေနဲ့ .... ဘယ်လိုဖြစ်နေတာလဲ .... ဟား .... ဟား .... မင်းလည်း မတောက်တခေါက် သိုင်းပညာကလေး တတ်ထားပြီနဲ့တူတယ် ...."

တိန့်ထောက်က အံကိုတင်းတင်းကြိတ်၍ ....

"ကျုပ်ရဲ့ပညာဟာ မတောက်တခေါက်ဟုတ် မဟုတ်သိရအောင် ခင်ဗျားနဲ့ကျုပ် ယှဉ်ပြီး တိုက်ခိုက်ချင်တယ် ...."

ပြွက်လုံးတစ်ခုကို ကြားလိုက်ရသကဲ့သို့ ဝမ်းချန်သည် အားပါးတရ ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... ဘာပြောတယ် မင်းက ငါနဲ့ယှဉ်ပြိုင်ပြီး တိုင်ချင်တယ် ဟုတ်လား .... ခွေးကောင် ဒီတစ်ခါတော့ မင်းကို မသေမရှင်နဲ့ မြေခွေးစာမကျွေးဘူး .... တစ်ခါတည်းသေအောင် သတ်ပြီးမှ မြေမြှုပ်ပစ်မယ် ...."

ဝမ်းချန်၏နောက်လိုက်နှစ်ယောက်မှာလည်း မလှမ်းမကမ်းမှ အကဲခတ်၍ကြည့်နေကြ၏။

သူတို့နှစ်ယောက်စလုံး တိန့်ထောက်ကိုသိကြသဖြင့် မဲပြုံးပြုံးနေကြသည်။

"ကောင်းပြီ .... ကျုပ်ကို မြေမြှုပ်နိုင်အောင် အသေသာတိုက်ပေတော့ ...."

တိန့်တောက်သည် စကားဆုံးသည်နှင့် ဝမ်းချန်ထံသို့ ခုန်ဝင်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

## အခန်း(၁၂)

## ဝူတန်ဂိုဏ်းချုပ်နှင့် တွေ့ဆုံခြင်း

တိန့်ထောက်၏သွက်လက်ထက်မြက်သော သိုင်းကွက်ကိုမြင်ရသောအခါ ဝမ်းချန်သည် မျက်စိမျက်နှာပျက်သွားသည်။

မြင်းပေါ်မှလည်း ကမန်းကတန်းဆင်းပြီး ခုန်ရှောင်လိုက်ရသည်။

ပြီးနောက် ဝမ်းချန်သည် တိန့်ထော်ကအား တရကြမ်းပြန်လည်တိုက်ခိုက်လေသည်။ သို့သော် သိုင်းကွက်သုံးကွက်သာ တိုက်ခိုက်ရသေးပြီး တိန့်ထောက်က သူ့လက်ဖြင့် တွန်းထုတ်လိုက်သောအခါ ဝမ်းချန်မှာ ယိမ်းယိုင်သွားကာ နောက်ကိုလည်း ခုန်ဆုတ်လိုက်ရ၏။

ဝမ်းချန်သည် တိန့်ထောက်ကို မယုံကြည်နိုင်သောအကြည့်မျိုးဖြင့်ကြည့်ပြီး အံ့သြတကြီးစကားဆိုသည်။

"မင်း .... မင်းရဲ့သိုင်းပညာက သိပ်ပြီးထက်မြက်နေပါလား နှစ်နှစ်အတွင်းမှာ ဘယ်လိုနည်းနဲ့ ထက်မြက်တဲ့ သိုင်းပညာကို မင်းသင်နိုင်တာလဲ .... ငါတော့ ဘယ်လိုမှ မစဉ်းစားတတ်ဘူး ...."

တိန့်ထောက်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ....

"မစဉ်းစားတတ်လည်း မစဉ်းစားနဲ့ပေါ့ဗျာ .... နို့မဟုတ်ရင် သေခါနီးမှာ ဦးနှောက်ခြောက်နေဦးမယ် .... ကဲ လာပြီ .... ဟိုင်း"

တိန့်ထောက်က စကားအဆုံးတွင် မာန်သွင်းအော်ဟစ်လိုက်ပြီး ဝမ်းချန်ထံ ခုန်ဝင်၍ တိုက်ခိုက်ပြန်သည်။

ဘုန်းခနဲမြည်သံပေါ်လာပြီး ဝမ်းချန်မှာ နောက်ကို ဒယိမ်းဒယိုင်နှင့် ဆုတ်သွားသည်။ သူ့ပါးစပ်မှလည်း သွေးများပွက်ခနဲထွက်လာသည်။

တိန့်ထောက်က ဆက်ပြီးမတိုက်တော့ဘဲ လေသံမာမာဖြင့်သာ ပြောလိုက်၏။

"ခင်ဗျားကို ကျုပ်ဒီလောက်ပဲ ဆုံးမလိုက်မယ် .... ဒါပေမယ့် ခင်ဗျားကို ကျုပ်သိချင်တာကတော့ မေးရလိမ့်မယ် .... အမှန်မှန်ဖြေဖို့တော့ လိုတယ် .... "

ဝမ်းချန်မှာ ဒဏ်ရာရထားသော်လည်း အံကြိတ်၍ တိန့်ထောက်ကိုကြည့်ကာ ပြန်ပြောသည်။

"မင်းမေးချင်တာ မေး ... မင်းအမေနဲ့ပတ်သက်တဲ့မေးခွန်းဆိုရင် .... ဘာမှ ငါမဖြေနိုင်ဘူး .... "

"ကျုပ်မေးမှာလည်း ကျုပ်အမေနဲ့ ပတ်သက်လို့ မေးမှာပဲ အင်း .... ခင်ဗျားမဖြေဘူးဆိုရင်တော့ ခင်ဗျားရဲ့ဓားကို ဆွဲထုတ်ပေတော့ .... "

တိန့်ထောက်က ပြောပြောဆိုဆို သူ့ခါးမှဓားကိုဆွဲထုတ်လိုက်၏။

ဝမ်းချန်ကလည်း သူ့ခါးမှဓားကိုဆွဲထုတ်ကိုင်လိုက်သည်။ သူ့



လူနှစ်ယောက်ကိုလည်း မေးဆတ်၍ အချက်ပြလိုက်သည်။

ဝတ်စုံနက်နှစ်ယောက်ကလည်း ဓားကိုယ်စီကိုင်ပြီး တိန့်ထောက်ထံ ခုန်ဝင်လာသည်။

တိန့်ထောက်က ခုန်ဝင်လာသော ဝတ်စုံနက်နှစ်ဦးအနက် တစ်ဦးကို သွက်လက်သော ဓားချက်တစ်ချက်ထိုးသွင်းပြီး ကျန်တစ်ယောက်ကို နောက်ဆုတ်သွားအောင် ဓားဖြင့် ပယ်ခုတ်လိုက်သည်။

ပြီးနောက် တိန့်ထောက်လည်း ဝမ်းချန်ထံ ခုန်လိုက်၏။

ဓားရောင်တစ်ချက် ဝင်းခနဲလက်သွားသည်။

တိန့်ထောက်၏ဓားချက်ကို ဝမ်းချန်လုံးဝကာကွယ်နိုင်ခြင်းမရှိချေ။

"အွန့် .... "

ဝမ်းချန်ထံမှ ခပ်အုပ်အုပ်ညည်းတွားသံပေါ်ထွက်လာသည်။ ပြီးမှ နောက်ကို ဒယီးဒယိုင်နှင့် ဆုတ်သွားသည်။ သူ၏မျက်နှာမှာ မဲ့ရှုံ့ပြီး တဆတ်ဆတ်တုန်နေသည်။ သူ့လက်ထဲမှဓားမှာ လွတ်ကျသွားပြီး သူ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့် အုပ်ထားသည်။ လက်နှစ်ဖက်ကြားမှ သွေးများစိမ့်ထွက်နေသည်။

ဝမ်းချန်သည် ဝေဒနာခံစားနေရသည့်ကြားမှ သူ့လူနှစ်ယောက်ထံ ကြည့်လိုက်ရာ တစ်ဦးမှာ လဲကျငြိမ်သက်နေပြီး တစ်ဦးမှာ ထိတ်လန့်စွာ ကျောက်ရုပ်ကြီးလို ရပ်နေသည်ကို တွေ့ရသည်။

တိန့်ထောက်သည် ဓားကို ပြန်သိမ်းလိုက်ပြီး အေးစက်စက်လေသံဖြင့် ဝမ်းချန်ကို ပြောလိုက်သည်။

"တကယ်တော့ ခင်ဗျားဟာ ကျုပ်ကို အရွယ်နဲ့မလိုက်အောင် ရပ်စက်အနိုင်ကျင့်ခဲ့တဲ့လူ .... ခင်ဗျားလိုလူမျိုးကိုအသေသတ်လိုက်ဖို့

ပဲ ကောင်းတယ် .... ဒါပေမယ့် ရှိပါစေတော့ ကျုပ်မသတ်ပါဘူး .... ကျုပ်မေးတဲ့ မေးခွန်းတစ်ခုကိုပဲ ဖြေပါ .... ကျုပ်အမေဟာ ဘယ်လို စိတ်ညစ်စရာတွေဖြစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေရတာလဲ .... "

ဝမ်းချန်မှာ သူ့ကို တိန့်ထောက်က အချိန်မရွေးသတ်နိုင်ပြီ ဖြစ်ကြောင်းကို သိသွားပြီဖြစ်၏။ ထို့ကြောင့် သိပ်ပြီးမတင်းမာရဲတော့ချေ။

သူသည် မျက်နှာတစ်ချက်ရှုံ့မဲ့လိုက်ပြီးမှ ....

"မင်းအမေ ကိုယ့်ကိုယ်ကို သတ်သေချင်လောက်အောင်ဖြစ်ရတာက သခင်ကြီးရဲ့စော်ကားတာကို ခံရလို့ပါပဲ .... သခင်ကြီးဟာ မင်းအမေကို အဓမ္မ .... "

"ဟော်တော့ .... "

တိန့်ထောက်နားက ကြားနိုင်အားမရှိသဖြင့် ဝမ်းချန်စကားမဆုံးခင် ဖြတ်ပြောလိုက်သည်။

သူ့ခန္ဓာကိုယ်လည်း ဝမ်းချန်အနီးသို့ လှစ်ခနဲရောက်လာပြီး လက်ဖြင့် လွှဲရိုက်လိုက်သည်။

"ဖြန်း .... "

"အား .... "

ဝမ်းချန် ခွေလဲကျသွားသည်။

တိန့်ထောက်သည် သူ့ဒေါသကို ချက်ချင်းပြန်ထိန်းလိုက်ရ၏။ မထိန်းလိုက်ပါက ဦးစွာ ဝမ်းချန်ကို သတ်မိပေလိမ့်မည်။

သေဆုံးသွားပြီဖြစ်သော မိခင်ကြီးအတွက်လည်း ရင်နာခြင်းဖြစ်ရ၏။

သူသည် ခံပြင်းစွာဖြင့် ဝမ်းချန်ကို ပြောလိုက်၏။



"ခင်ဗျားတို့ ဝမ်ရဲ့ရဲတိုက်ကလူတွေအားလုံး ဒုစရိုက်အလုပ်တွေကို လုပ်ရုံသာမကဘူး .... ကမ်းကုန်အောင် ယုတ်မာကြတဲ့လူတွေပဲ .... ခင်ဗျားတို့ရဲ့သခင်ကြီးကို ပြောလိုက်စမ်း .... ကျုပ်မိခင်အတွက် အကြွေးပြန်ယူဖို့ မကြာခင် ကျုပ်လာခဲ့မယ်လို့ .... "

တိန့်ထောက်သည် မည်သူ့ကိုမှမကြည့်တော့ဘဲ ချာခနဲလှည့်ပြီး ထွက်လာခဲ့၏။

သူ့ရင်ထဲမှာ တမြည့်မြည့်ခံစားနေရသော်လည်း သူသည် စိတ်ကို ထိန်းပြီး ခပ်သွက်သွက်ပြေးလာခဲ့သည်။ ခဏနှင့် အနောက်ဘက် မြို့တံခါးဆီ ရောက်လာသည်။

သူသည် မြို့ထဲသို့ မဝင်တော့ဘဲ မြို့ပြင်မှာပင် ပတ်ပြေး၍ အရှေ့ဘက် မြို့တံခါးဆီသို့ အမြန်ဆုံးရောက်အောင် လာခဲ့သည်။

ချိုယွင်ဂေဟာမှ ရဲ့ကျိုထိန်တို့လူစုကိုမီရန် အပြေးနှင်ခဲ့ခြင်းဖြစ်လေသည်။ သူ့တွင် ရဲ့ကျိုထိန်ကို မေးစရာတွေအများကြီးရှိနေမည်။

အရှေ့မြို့ရိုးတံခါးကိုရောက်ပြီး ငါးလီခန့်ရောက်လာသော်လည်း ရဲ့ကျိုထိန်တို့လူစု၏ အရိပ်အယောင်ကို မတွေ့ရသေးချေ။

သူသည် ဆက်လက်၍ပင် တစ်နေကုန် ခရီးနှင်ခဲ့ရာ နေဝင်မိုးချုပ်တော့မည့်အချိန်တွင် အီချွမ်းမြို့သို့ ရောက်လာသည်။ အီချွမ်းမြို့ကိုကျော်ပြီးသွားမည်ဆိုလျှင် တုန်းထိန်ရေအိုင်ဒေသသို့ ရောက်နိုင်မည်ဖြစ်သော်လည်း တိန့်ထောက်သည် ပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ ဆက်လက်ပြီး သွားရန်မတတ်နိုင်တော့ချေ။

သူသည် မြို့ထဲမှတည်းခိုခန်းတစ်ခန်းတွင် နားနေလိုက်ရတော့၏။

မနေ့ညကလည်း တစ်ညလုံး မအိပ်ခဲ့ရသဖြင့် မည်သို့မျှ မတတ်နိုင်တော့ဘဲ စောစောကပင် အိပ်ရာဝင်လိုက်ရတော့၏။



နောက်ဆုံးတွင် တောင်ဘက်ဒေသသို့ ဦးတည်ကာ ခရီးဆက်ခဲ့သည်။

ဆယ်ရက်ခန့်အထိ ခရီးနှင်ခဲ့သော်လည်း သူသည် ရဲ့ကျိုထိန်တို့၏အရိပ်အယောင်ကို မတွေ့ရသေးချေ။

ကျင်မြို့သို့ တိန့်ထောက်ရောက်လာသည်။ မြို့အနောက်ဘက်သို့သွားလျှင် ဝူတန်ဂိုဏ်းတည်ရှိရာ ဝူတန်းတောင်သို့ရောက်မည်ဖြစ်၏။

တောင်ဘက်သို့သွားမည်ဆိုလျှင် ဖိန်းစန်းတောင်သို့ ရောက်ပြီး ထိုမှလွန်လျှင် ယင်အန်းမြို့၊ တန်ယန်းမြို့များသို့ ရောက်ပေလိမ့်မည်။

ထိုမြို့များမှလွန်လျှင်မူ တိန်ဂူရေအိုင်ဒေသို့ ရောက်ပေလိမ့်မည်။

တိန့်ထောက်သည် ကျင်မြို့အနောက်ဘက်တွင်ရှိသော ဝူတန်းတောင်သို့ဦးစွာသွားရောက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ဝူတန်းတောင်ပေါ်တွင် ဝူတန်းဂိုဏ်းကြီးတည်ရှိသည်။

ဝူတန်းဂိုဏ်းကြီးသည် တစ်ချိန်က မဟူရာသိုင်းသမားကို တိုက်ခိုက်သုတ်သင်ရာတွင် ဂိုဏ်းကြီးကိုးဂိုဏ်းအနက် တစ်ဂိုဏ်းအဖြစ် ပါဝင်ခဲ့လေသည်။

မဟူရာသိုင်းသမားကြီးက တိန့်ထောက်ကို ဝူတန်းဂိုဏ်းသို့သွားကာ ဝူတန်းဂိုဏ်းချုပ်ကြီးနှင့် တွေ့ဆုံဖို့ အမှာရှိလိုက်သောကြောင့် ဤနေရာကို ရောက်တုန်းသွားရောက်ရန် ဆုံးဖြတ်မိခြင်းဖြစ်၏။

နောက်တစ်နေ့တွင် တိန့်ထောက်သည် ဝူတန်းတောင်သို့ ထွက်လာခဲ့၏။

ညအမှောင်ဖုံးသည်နှင့် သူသည် ဝူတန်းတောင်ဆီသို့ ရောက်လာသည်။

တိန့်ထောက်သည် ဝတ်စုံနက်ကိုဝတ်ပြီး သားရေမျက်နှာဖုံးကိုလည်း မျက်နှာတွင်စွပ်လိုက်သည်။ သူ့အသွင်ပုံသဏ္ဌာန်မှာ မဟူရာသိုင်းသမားကြီး၏ အသွင်ပုံသဏ္ဌာန်အတိုင်းဖြစ်သွားသည်။

သူသည် တောင်ပေါ်ကို အပြေးကလေး တက်လာသည်။ ကိုယ်ဖော့ပညာကိုသုံး၍ တက်လာခဲ့ခြင်းကြောင့် သန်းခေါင်ယံမတိုင်ခင် ဝူတန်းကျောင်းတော်ကြီးတည်ရှိရာ တောင်ပေါ်သို့ ရောက်လာသည်။

သူသည် ဝါးရုံတောကိုဖြတ်၍ ကျောင်းတော်ကြီးဆီသို့ လာခဲ့၏။

ထိုစဉ် လူရိပ်တစ်ရိပ်သည် အမှောင်ထဲမှ ခုန်ထွက်လာပြီး တိန့်ထောက်ရှေ့တွင် ပိတ်ရပ်လိုက်သည်။ တိန့်ထောက်က ခြေလှမ်းကို တန့်ခနဲရပ်လိုက်ပြီး ကြည့်လိုက်ရာ အသက်သုံးဆယ်အရွယ်ရှိသော ရသေ့တစ်ပါးဖြစ်နေသည်ကို တွေ့ရလေသည်။

ရသေ့ထံမှ မေးမြန်းသံလည်း ပေါ်ထွက်လာသည်။

"အချိန်မတော်ကြီး ကျောင်းတော်ကို လာနေတာ ဘယ်သူလဲ .... "

တိန့်ထောက်က ရသေ့ကို ရိုရိုသေသေပင် ပြန်ပြောသည်။

"ဝူတန်းဂိုဏ်းချုပ်ဆရာတော် ရသေ့ကြီးနဲ့ဆုံတွေ့ဖို့ တပည့်တော်လာခဲ့တာပါ .... "

"ဒကာကြီးရဲ့အမည်နာမကို ပြောပါဦး .... "

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က မန်းစန်းတောင်ပေါ်မှာ သိကျွမ်းခဲ့တဲ့ ဒကာဟောင်းတစ်ယောက်လို့ပဲ ဂိုဏ်းချုပ်ဆရာတော်ကို လျှောက်လိုက်ပါ ဘုရား .... ဒါဆိုရင် ဆရာတော်က သိပါလိမ့်မယ် .... "



"ဒါဆိုရင် ကျုပ်သွားပြီး လျှောက်ထားလိုက်ဦးမယ် .... ဂိုဏ်းချုပ်ဆရာတော်လည်း မကျိန်းသေးပါဘူး .... ကျုပ်သွားပြီး လျှောက်တင်လိုက်ပါ့မယ် .... "

စကားဆုံးသည်နှင့် ရသေ့လည်း လှည့်ထွက်သွားလေသည်။

တိန့်ထောက်သည် ရောက်သည့်နေရာမှာပင် ရပ်စောင့်ပြီး ကျန်ခဲ့သည်။

ခဏအကြာတွင် စောစောက ရသေ့ပြန်ရောက်လာသည်။

"ဒကာကြီးရဲ့ အမည်နာမကို ပြောပါဦးလို့ ဆရာတော်က အမှာရှိလိုက်တယ် .... ဒကာတွေက များနေတော့ နာမည်မပြောဘဲ မမှတ်မိအောင် ဖြစ်နေတယ်တဲ့ .... "

တိန့်ထောက် သက်ပြင်းတစ်ချက်ချပြီး ....

"နာမည်ကို မပြောရင် ဂိုဏ်းချုပ်ဆရာတော်က တပည့်တော်ကို မတွေ့ဆုံဘူးလို့ မှာလိုက်လို့လား ဘုရား .... "

"ဒီလိုလည်း မဟုတ်ပါဘူး .... ကဲ ဒီလိုဆို ကျုပ်နောက်က လိုက်ခဲ့ပေတော့ .... "

ပြောပြောဆိုဆို ရသေ့က ရှေ့မှဦးဆောင်၍ ခေါ်သွားလေရာ တိန့်ထောက်လည်း နောက်မှလိုက်လာခဲ့သည်။

ကျောင်းတော်ကြီး၏တံခါးဝသို့ရောက်လျှင် ရသေ့ရွယ်က ရပ်လိုက်ပြီး လက်ကိုဖြန့်ကာ တိန့်ထောက်ကို ပြောသည်။

"ကျောင်းတော်ကြီးထဲကိုဝင်မယ့်လူစိမ်းဆိုရင် .... လက်နက်ယူဆောင်သွားခွင့်မရှိပါဘူး .... ဒကာကြီးဆီမှာပါလာတဲ့ဓားကို

ကျုပ်ကို ပေးထားပါ ....”

တိန့်ထောက်က ခေါင်းကိုခါယမ်းလိုက်ပြီး ....

“သည်းခံပါ ဘုရား .... တပည့်တော်ဟာ ဘယ်ကိုပဲသွားသွား တပည့်တော်ရဲ့ဓားကို ကိုယ်နဲ့မကွာ ထားတတ်ပါတယ် ....”

ရသေ့ရွှယ်လည်း ခေါင်းကိုခါယမ်းလိုက်ကာ ....

“ဒါဆိုရင်တော့ ဘယ်လိုမှမဖြစ်ဘူး .... ဓားကို ကျုပ်လက်ထဲ မအပ်ဘူးဆိုရင်တော့ ကျောင်းတော်ကြီးထဲဝင်ပြီး ဂိုဏ်းချုပ်ဆရာတော်နဲ့တွေ့ဖို့ မမျှော်လင့်နဲ့တော့ ....”

“ဒီလိုဆိုလည်း တပည့်တော် ဒီကပဲ စောင့်နေပါ့မယ် ဘုရား ဂိုဏ်းချုပ်ဆရာတော်ကို ဒီမှာလာတွေ့ဖို့ လျှောက်ထားပေးပါ ....”

“ဘာ .... ဂိုဏ်းချုပ်ဆရာတော်ကြီးက ဒကာကြီးကို ဒီမှာ လာတွေ့ရမယ်ဟုတ်လား .... မဖြစ်နိုင်တာဘဲ .... မဖြစ်နိုင်တာတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ ....”

“ဖြစ်နိုင်လို့ တပည့်တော်ပြောနေတာပါ .... ဒါမှမဟုတ်ရင်တော့ တပည့်တော် ကျောင်းထဲကို အတင်းဝင်ရလိမ့်မယ် ....”

“ရပ်လိုက် ....”

ရသေ့ရွှယ်က အော်ဟစ်အမိန့်ပေးလိုက်သည်။

ကျောင်းတော်ကြီးထဲမှ အသက်ငါးဆယ်ပတ်ဝန်းကျင်ရှိ ရသေ့ကြီးဆယ်ပါးလည်း ခုန်ထွက်လာကြပြီး တိန့်ထောက်ကိုဝိတ်ရပ်လိုက်သည်။

ရသေ့ကြီးဆယ်ပါးထဲမှ ဦးစီးဦးဆောင်ဖြစ်ပုံရသော ရသေ့ကြီးက တိန့်ထောက်ကို စူးစူးရှားရှားကြည့်ပြီး ပြောဆိုလိုက်၏။

“ကျောင်းတော်ရဲ့စည်းကမ်းကို မလိုက်နာဘဲ ကျောင်းတော်



ကြီးထဲကို ဘာဖြစ်လို့ ဇွတ်တရွတ်ဝင်ချင်ရတာလဲ .... ဒကာကြီး စည်းကမ်းချက်ကို မလိုက်နာဘဲနဲ့တော့ ဒကာကြီးကို ကျုပ်တို့ ဝင်ခွင့်မပေးနိုင်ဘူး ....”

တိန့်ထောက်က လက်အုပ်ချီလိုက်ပြီး ....

“ဂိုဏ်းချုပ်ဆရာတော်ကြီးနဲ့ တပည့်တော် အရေးတကြီးတွေ့ဖို့ရှိနေလို့ပါ ဘုရား .... ကျောင်းတော်ထဲကို ဝင်တွေ့ဖို့အတွက် တပည့်တော်ရဲ့ ဓားကိုလည်း ဘယ်သူ့လက်မှ မအပ်နိုင်ပါဘူး .... ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာ တပည့်တော်အတွက် အချိန်မရွေး အန္တရာယ်ပေါ်လာနိုင်လို့ပါ ....”

“ဒကာကြီးက ဘယ်သူလဲ .... ဘာဖြစ်လာလို့လဲ ....”

တိန့်ထောက်သည် ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့်တွေ့မှ နာမည်ထုတ်ဖော်ပြောမည်ဟု ကြံရွယ်ထားသော်လည်း ယခုအခါ အခြေအနေက တင်းမာလာပြီဖြစ်သောကြောင့် ဖွင့်ပြောရန် ဆုံးဖြတ်လိုက်ရတော့သည်။

“တပည့်တော်ရဲ့နာမည်ကို ပြောဖို့လိုအပ်တယ်ဆိုရင်လည်း ခုပဲ ပြောပါတော့မယ် ဘုရား .... တပည့်တော်ဟာ မဟူရာသိုင်းသမားပါ ....”

“ဘာ .... မဟူရာသိုင်းသမား ....”

“မဟူရာသိုင်းသမားဆိုပါလား ....”

“ဘုရား .... ဘုရား ....”

ရသေ့ကြီးများထံမှ ရေရွတ်သံများနှင့်အတူ သူတို့၏ ခြေလှမ်းများကိုလည်း နောက်သို့တစ်လှမ်းစီ ဆုတ်ပေးလိုက်ကြ၏။ သူတို့ကိုယ်သူတို့ ခုခံကာကွယ်ရန်လည်း ပြင်လိုက်ကြလေသည်။

ရသေ့ကြီးများအားလုံးမှာ မဟူရာသိုင်းသမားကို မမြင်ဖူးကြသော်လည်း မဟူရာသိုင်းသမားအကြောင်းကို ကောင်းကောင်းကြီးကြားသိထားကြသူများဖြစ်ကြသည်။

အခန်း(၁၃)

## အဆေးအယူ

တိန်ထောက်က လက်အုပ်ချီပြီး ရိုသေစွာ လျှောက်ထားလိုက်၏။

"ဒီကို အခုလို တပည့်တော်လာခဲ့တာဟာ ရန်ပြုဖို့လာတာ မဟုတ်ပါဘူး ဘုရား .... ဂိုဏ်းချုပ်ဆရာတော်ကြီးနဲ့ ပြေပြေလည်လည် ဖြစ်အောင် အရေးကြီးတဲ့ကိစ္စတစ်ရပ်ကို ဆွေးနွေးချင်လို့ပါ .... ဖြစ်နိုင်မယ်ဆိုရင် တပည့်တော်ရောက်နေတယ်ဆိုတာ ဂိုဏ်းချုပ်ကြီးကို လျှောက်ထားပေးပါ .... "

ရသေ့ကြီးဆယ်ပါးထဲမှ ခေါင်းဆောင်ရသေ့ကြီးမှာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ....

"ကောင်းပါပြီ .... ဒီမှာ ဒကာကြီးခဏစောင့်နေပါ .... ကျုပ်ကိုယ်တိုင် ဆရာတော်ကြီးကို သွားပြီး လျှောက်ထားလိုက်ပါ့မယ်"

စကားအဆုံးတွင် ရသေ့ကြီးသည် ချာခနဲလှည့်ပြီးလျှင် ကျောင်းတော်ကြီးအတွင်းသို့ ခပ်သုတ်သုတ်ဝင်သွားတော့၏။

တိန်ထောက်က ခပ်အေးအေး အမူအရာဖြင့်ပင် စောင့်ကျန်နေခဲ့သည်။

ရသေ့ကြီးကိုးပါးမှာ မျက်စိမျက်နှာပျက်ဖြစ်နေကာ သတိကြီးစွာဖြင့် တိန့်ထောက်ကို စောင့်ကြည့်နေ၏။

မကြာမီ လှရိပ်နှစ်ရိပ်အပြေးနှင်လာနေကြသည်ကို တိန့်ထောက်မြင်လိုက်ရသည်။ အနီးသို့ရောက်လာသောအခါ ရသေ့အိုကြီးများဖြစ်ကြောင်း တွေ့ရလေသည်။

ရှေ့ဆုံးမှ ရသေ့အိုကြီး၏ မုတ်ဆိတ်ဖြူဖြူမှာ ရသေ့၏ရင်ဘတ်အထိ တွဲကျနေသည်။ သူသည် တိန့်ထောက်၏သွင်ပြင်ကို မြင်ရသောအခါ မျက်နှာကွက်ခနဲပျက်သွားပြီး ထိတ်လန့်တကြားရေရွတ်လိုက်၏။

"ဟင် .... မဟာရာသိုင်းသမား .... "

တိန့်ထောက်သည် ရောက်လာသော ရသေ့အိုကြီးများကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ရှေ့ဆုံးမှ ရသေ့ကြီးမှာ ဝူတန်းဂိုဏ်းချုပ်ရသေ့ကြီးလင်းချီဖြစ်ရမည်ဟု တွေးဆလိုက်မိသည်။

တိန့်ထောက်သည် ၎င်းရသေ့အိုကြီးကို လက်အုပ်ချီ ရှိခိုးလိုက်ပြီးမှ စကားဆိုလိုက်သည်။

"ဆရာတော်လင်းချီကို ခုလိုကျန်းကျန်းမာမာနဲ့ တွေ့ရတဲ့အတွက် တပည့်တော် ပီတိဖြစ်ရပါတယ် ဘုရား .... "

ရှေ့ဆုံးမှ ရသေ့အိုကြီးမှာ တကယ်လည်း ဝူတန်းဂိုဏ်းချုပ်လင်းချီဖြစ်သည်။

မဟာရာသိုင်းသမားကြီးက တိန့်ထောက်ကို အမည်နာမများ ပြောလိုက်ရုံသာမက ရသေ့ကြီးလင်းချီ၏ပုံပန်းသဏ္ဌာန်ကိုပါ ပြောလိုက်ခြင်းဖြစ်သဖြင့် တိန့်ထောက် တွက်ဆနိုင်ခြင်းဖြစ်သည်။ ဂိုဏ်းချုပ်ဆရာတော်ရသေ့ကြီးလင်းချီက တုန်ယင်သောအသံဖြင့် ပြန်ပြော၏။



"ဒကာကြီးက တကယ်ပဲ မသေဘူးကိုး .... ဒကာကြီးမသေဘဲ သိုင်းလောကမှာပြန်ပြီး လှုပ်ရှားနေတယ်ဆိုတဲ့ သတင်းကို ကျုပ်ကြားရတုန်းက မယုံခဲ့ဘူး .... အခုတော့ မယုံလို့ မဖြစ်တော့ဘူး"

ရသေ့ကြီးလင်းချီသည် နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပြီးမှ ထပ်ပြောလိုက်သည်။

"နေပါဦး .... အခု ဒကာကြီး ကျုပ်ဆီကိုရောက်လာတာက မန်းစန်းတောင်ပေါ်မှာ ဖြစ်ခဲ့တဲ့ကိစ္စအတွက် ကျုပ်ကို လက်စားချေဖို့လား .... ဒီတုန်းက ကျုပ်တို့ရဲ့လုပ်ရပ်ဟာ မှန်ပါတယ်လေ .... "

တိန့်ထောက်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"တပည့်တော် ခုရောက်လာတာက လက်တုံ့ပြန်လက်စားချေဖို့ရောက်လာတာ မဟုတ်ပါဘူး ဘုရား .... ဒီတုန်းက တပည့်တော်ကိုယ်တိုင်လည်း ဆရာတော်တို့ ကျေနပ်အောင် ရှင်းလင်းမပြောခဲ့တော့ အားလုံးရဲ့အထင်လွဲစရာဖြစ်ရတာပေါ့ .... "

"ဘယ်လိုဒကာကြီးရဲ့ .... အထင်လွဲစရာဟုတ်လား .... နေပါဦး ဂိုဏ်းကြီးကိုးဂိုဏ်းရဲ့နဂါးကိုးကောင် ရွှေတံဆိပ်တုံးကိုယူပြီး ဂိုဏ်းကြီးကိုးဂိုဏ်းက ကိုယ်စားလှယ်တွေကို သတင်းပေးသွားတာ ဒကာကြီးမဟုတ်ဘူးလား .... "

တိန့်ထောက်က ခေါင်းခါယမ်းလိုက်ပြီး ....

"ဒီအမှုကို တပည့်တော်မကျူးလွန်ရတာ အမှန်ပါပဲ ဘုရား တစ်ဦးဦးက တပည့်တော်ရဲ့နာမည်ပျက်အောင်နဲ့ ဂိုဏ်းကြီးကိုးဂိုဏ်းပြိုကွဲပျက်စီးသွားအောင် လုပ်ကြံတာပဲဖြစ်ပါတယ် .... တပည့်တော်လည်း တရားခံအစစ်ကို အမှန်အတိုင်း ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေဆဲပါ .... "

ရသေ့အိုကြီး လင်းချိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အဲဒီတုန်းက ဒကာကြီးအနေနဲ့ တစ်ခါတည်း ရှင်းပြဖို့ ကောင်းတယ် .... ခုတော့ ဒကာကြီးစကားကို တုံးတိတိပဲပြောခဲ့တော့ ပိုပြီး အထင်လွဲမှားစရာတွေ ဖြစ်ကုန်တာပေါ့ .... ဒါပေမယ့် ဒကာကြီးရဲ့ရှင်းပြတာလောက်ကို ကျုပ်တို့ အမှန်မယူနိုင်သေးဘူး .... မန်းစန်းတောင်တိုက်ပွဲမှာ ချူစန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ခုံးလိန်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးတွေဟာ ကျဆုံးသွားခဲ့ကြရတယ် .... ဒါကြောင့် ကျန်တဲ့ဂိုဏ်းကြီးခုနစ်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးတွေဟာ နဂါးကိုးကောင် ရွှေတံဆိပ်တုံးကို ပြန်ရဖို့ ဒီနေ့အထိ ကြိုးစားနေကြတုန်းပဲ .... "

"တပည့်တော်လည်း ကြိုးစားပါ့မယ် ဘုရား .... အစွမ်းကုန်ကြိုးစားပါ့မယ် .... "

"ကောင်းပြီလေ .... ဒီအမှုကို ဒကာကြီး ကျူးလွန်ရတာမဟုတ်ဘူးဆိုတာကိုသာ အထောက်အထားနဲ့ သိပါရစေ .... အားလုံးက ဒကာကြီးအပေါ် အထင်မှားနေတဲ့ကိစ္စကို သိုင်းလောကသားတွေသိအောင် ကျုပ်တို့တွေ ကြေညာဖော်ထုတ်ပေးပါ့မယ် .... ဘယ့်နှယ်လဲ ကျေနပ်ရဲ့လား .... "

တိန့်ထောက်က ခေါင်းညိတ်၍ ....

"တပည့်တော် ကျေနပ်လက်ခံပါတယ် ဘုရား .... ဒီအမှုကို ကျူးလွန်တဲ့ တရားခံအစစ်ကို သက်သေအထောက်အထားနဲ့ ဖော်ထုတ်နိုင်ဖို့လည်း အမြန်ဆုံး ကြိုးစားပါ့မယ် .... အရှင်ဘုရားတို့သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းကလည်း လူတွေဖြန့်ပြီး ဒီကိစ္စအမှန်ကို တစ်ဖက်တစ်လမ်းက ဖော်ထုတ်နိုင်အောင် ကြိုးစားကြပါ .... "

"ကောင်းပြီ .... ဒကာကြီး .... ကျုပ်လည်း ဒကာကြီးရဲ့



ောင်းဆိုချက်ကို သဘောတူပါတယ် .... ကျန်တဲ့သိုင်းဂိုဏ်းကြီး ရှစ်ဂိုဏ်းကိုလည်း အကြောင်းကြားလိုက်ပါ့မယ် .... "

"တပည့်တော် ကျေနပ်ပါပြီ ဘုရား .... တပည့်တော်ကို ခွင့်ပြုပါဦး .... "

ဂိုဏ်းချုပ်ဆရာတော် ရသေ့ကြီးလင်းချိုက တိန့်ထောက်ကို ားနေတည်းခိုရန်ပင် လောကွတ်စကားမဆိုပါချေ။

သူ့စိတ်ထဲတွင် ယနေ့ထက်ဘိုင် မဟူရာသိုင်းသမားအပေါ် မယုံမရဲဖြစ်နေ သောကြောင့်ဖြစ်၏။

တိန့်ထောက်လှည့်ထွက်သွားသောအခါမှ ရသေ့အိုကြီးလင်းချိုသည် သက်ပြင်းချနိုင်လေတော့သည်။

တိန့်ထောက်သည် ဂူတန်းတောင်ခြေသို့ ရောက်လာသောအခါ သူ့ကိုယ်ပေါ်မှ ဝတ်ရုံနက်နှင့် သားရေမျက်နှာဖုံးကို ချွတ်ပြီး ကျင်မြို့ဆီသို့ ပြန်လာခဲ့၏။

မြို့ထဲရှိတည်းခိုခန်းကိုရောက်မှ အနားယူအိပ်စက်ပစ်လိုက်သည်။

နောက်ဆုံးတွင် တိန့်ထောက်သည် မန်းစန်းတောင်သို့ ခရီးဆက်ထွက်ခဲ့သည်။ သူသည် အားလုံးသိသိုင်းသမားကြီးချုပ်ကြည်အတွက် ဆောင်ရွက်ပေးရဦးမည်ဖြစ်သည်။

မိုးကြိုးသိုင်းသမားကြီး လီခုံးချိုကိုရှာဖွေတွေ့ဆုံကာ မိုးကြိုးဓားကိုရအောင်ငွားရမ်းရပေဦးမည်။

မှန်းတည့်ချိန်၏နေရောင်ကား ပူပြင်းလှပေသည်။

တိန့်ထောက်သည် ပူပြင်းသော နေရောင်အောက်တွင် လျှောက်နေရာမှ ရှေ့တွင်တွေ့နေရသော တောအုပ်ဆီသို့ အရိပ်ခိုရန် အပြေးနှင်လာခဲ့၏။

တောအုပ်အတွင်းသို့ ရောက်လာသောအခါ ခဏမျှနားနေလိုက်သည်။

ထိုစဉ် တောအုပ်ထဲမှ ဖြတ်ပြေးသွားသော လူရိပ်တစ်ရိပ်ကို တိန့်ထောက်တွေ့လိုက်ရသည်။ ထိုလူမှာ လူပုကြီးတစ်ယောက်ဖြစ်ပြီး ထိုလူပုကြီးမှာလည်း ယို့ယန်းမြို့အနောက်ဘက် မြို့တံခါးဝတွင် ဝမ်ရဲ့ရဲတိုက်ကြီးမှ ဝမ်းချန်နှင့် တိတ်တဆိတ်တွေ့ဆုံဆွေးနွေးခဲ့သော လူပုကြီးဖြစ်ကြောင်းလည်း တိန့်ထောက် ချက်ချင်းအမှတ်ရလိုက်သည်။

ယခုလည်း လူပုကြီး၏လှုပ်ရှားပုံမှာ ထူးခြားနေသည်။

တိန့်ထောက်လည်း တွေဝေစဉ်းစားမနေတော့ဘဲ ကိုယ်ဖော့ပညာကို အသုံးပြုကာ လူပုကြီးနောက်သို့ နောက်ယောင်ခံ၍ ပြေးလိုက်ခဲ့တော့၏။

လူပုကြီးသည် ခပ်သွက်သွက်ပင် ရှေးကြီးသုတ်ပျာ ခရီးနှင်နေသည်။

နောက်ဘက်မှ တိန့်ထောက် နောက်ယောင်ခံလိုက်လာ



သည်ကို အနည်းငယ်မျှ ရိပ်စားမိခြင်းမရှိချေ။

သူတို့သည် ရွာနှစ်ရွာကို ကျော်ဖြတ်ခဲ့ကြသည်။ လူပုကြီးမှာ ထိုရွာနှစ်ရွာတွင် ဝင်နားခြင်းမရှိဘဲ ရှေ့ကိုသာ ခရီးဆက်နှင်သည်။

နေဝင်မိုးချုပ်လုချိန်တွင် တောအုပ်တစ်အုပ်ကို ဖြတ်နေကြပြန်သည်။

ဤနေရာတစ်ဝိုက်မှာ မြို့နှင့်လည်း မနီးသဖြင့် လူပုကြီးမည်သည့်အရပ်ကိုသွားနေကြောင်း တိန့်ထောက် မခန့်မှန်းတတ်ပါချေ။ ထို့ကြောင့် ချက်ခြည်မပြတ်အောင် အထူးဂရုစိုက်ပြီး လိုက်ခဲ့ရသည်။

ကြာမီ တောအုပ်ထဲမှ မီးရောင်ကို တိန့်ထောက်လှမ်းတွေ့ရသည်။

လူပုကြီးသည်မီးရောင်ဆီသို့ဦးတည်သွားနေခြင်းဖြစ်ကြောင်းလည်း သိလာသည်။

နောက်ဆုံးတွင် တိန့်ထောက်သည် အဆောက်အအုံပျက်ကြီးတစ်ခုအတွင်းမှ မီးရောင်ပေါ်ထွက်နေခြင်းဖြစ်ကြောင်းကို မြင်လာရသည်။

ရှေ့မှ လူပုကြီးသည် ခြံဝင်းကြီးထဲသို့ ဝင်သွားကာ တံခါးပေါက်ရှေ့တွင် ရပ်လိုက်၏။ တံခါးမှာ ပိတ်ထားသည်။ မီးရောင်မှာ တံခါးမကြီးရှေ့တွင် ချိတ်ဆွဲထားသော မီးပုံကြီးမှပေါ်ထွက်နေသည့် မီးရောင်ပင်ဖြစ်၏။

လူပုကြီးသည် တံခါးမကြီးမှ သံကွင်းကိုဆက်၍ ခေါက်လိုက်သည်။

"ဘယ်သူလဲ ...."

အဆောက်အအုံကြီးထဲမှ မေးမြန်းသံပေါ်ထွက်လာသည်။

လူပုကြီးက ပြန်ဖြေသည်။

"ကျုပ် လူပုကြီး ကျယ်စူပါ .... "

ချက်ချင်းပင် တံခါးမကြီးပွင့်သွားသည်။ တံခါးဖွင့်ပေးသူကိုမူ တိန့်ထောက် မတွေ့ရချေ။

လူပုကြီးကျယ်စူက အထဲကိုလှမ်းဝင်လိုက်သည်နှင့် တံခါးမကြီးလည်း ပြန်ပိတ်သွားတော့၏။

တိန့်ထောက် ခြံဝင်းအတွင်းသို့ ပြေးဝင်လာကာ အဆောက်အဦကြီး၏ ခေါင်မိုးပေါ်သို့ ကိုယ်ဖော့ပညာသုံး၍ ခုန်တက်လိုက်သည်။ သူသည် ခေါင်မိုးပေါ်မှ လာခဲ့ရာ အဆောင်အဦကြီး၏ အလယ်တွင် မြေကွက်လပ်ကြီးတစ်ခုကို မြင်ရသဖြင့် လုံးဝအသံမထွက်အောင် ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။

မြေကွက်လပ်ကလေးမှာ ဥယျာဉ်ဟောင်းဖြစ်ပြီး ဥယျာဉ်၏ အလယ်တွင် အိပ်ခန်းဆောင်များ ရှိနေသည်။ အိပ်ခန်းဆောင်များ အားလုံး မှောင်ငုင့်မည်းမည်း ဖြစ်နေသော်လည်း အစွန်ဆုံးရှိ အိပ်ခန်းဆောင်မှာမူ မီးလင်းနေသည်ကို တွေ့ရသည်။

တိန့်ထောက် အသာအယာ ကပ်သွားပြီး အိပ်ခန်းအတွင်းသို့ ချောင်းကြည့်လိုက်ရာ ဆံပင်များ ဖွေးဖွေးဖြူနေပြီဖြစ်သော အဘိုးကြီး တစ်ဦး တင်ပျဉ်ခွေ၍ ထိုင်နေသည်ကို ဦးစွာတွေ့ရသည်။ ထိုအဘိုးကြီးမှာ သေးသွယ်သော ခန္ဓာကိုယ်ရှိပြီး သူ့မျက်နှာမှာ အရုပ်ဆိုးလွန်းလှလေသည်။

ထိုရုပ်ဆိုးအဘိုးကြီး၏ ရှေ့တွင်မူ လူပုကြီး ကျယ်စူသည် ရိုသေကျိုးနွံသော အမူအရာဖြင့် ထိုင်နေသည်ကို တိန့်ထောက် တွေ့ရပြန်သည်။



လူပုကြီးကျယ်စူက လက်ဖုမိုးနှစ်ဖက်ကို ယှက်၍ ရိုကျိုးသော လေသံဖြင့် ပြောလိုက်၏။

"ထူးခြားချက်ရှိနေတာတော့ အမှန်ပါပဲ ဆရာကြီး .... "

ရုပ်ဆိုးအဘိုးကြီးက တည်ငြိမ်သော အေးစက်စက်လေသံဖြင့် ပြန်မေးသည်။

"ဘယ်လို ထူးခြားချက်ရှိတာလဲ ကျယ်စူ .... "

"ချီယွင်ဂေဟာက ရဲ့ကျိုထိန်ဆိုတဲ့ ဝမ်ရဲ့ရဲတိုက် စေလွှတ်ခဲ့ပါတယ် .... ဒါကြောင့် ထူးခြားတယ်လို့ ကျွန်တော် ပြောတာပါ၊ ဝမ်ရဲ့ရဲတိုက်သခင်ကြီးရဲ့ ညာလက်ရုံး ဝမ်းချန်နဲ့ ကျွန်တော်လည်း တွေ့ဆုံဆွေးနွေးပြီးပါပြီ .... တန်ဖိုး မဖြတ်နိုင်တဲ့ ရတနာတွေကို ပေးပါ့မယ်တဲ့ .... "

ရုပ်ဆိုးအဘိုးကြီးက မျက်မှောင်ကြုတ်လိုက်ပြီး ....

"ရှင်းရှင်းပဲ ပြောစမ်း ကျယ်စူ .... ငါ့ဆီကို မင်းလာတဲ့ရည်ရွယ်ချက်က ဘာလဲ .... "

"ဆရာကြီးကို ကျွန်တော် လာခေါ်တာပါ .... ကျွန်တော် ချီယွင်ဂေဟာက ရဲ့မောင်ထိန်ကို တစ်မျိုးတစ်မည် အကြောင်းပြပြီး မပါပါအောင် ခေါ်ထုတ်ခဲ့ပါ့မယ် .... ဆရာကြီးက တစ်နေရာက စောင့်ပြီး သူ့ကို အပြတ်ရှင်းပါ .... ဒီကိစ္စအောင်မြင်ရင် ကျွန်တော်တို့နှစ်ယောက်အတွက် ကျေနပ်လောက်တဲ့ အခကြေးငွေများများ ရပါလိမ့်မယ် .... "

ရုပ်ဆိုးအဘိုးကြီးက စကား ပြန်မပြောသေးဘဲ ခဏမျှ စဉ်းစားနေလိုက်သေးသည်။ ပြီးမှ အမေးစကားဆိုသည်။

"ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းလို ပုဂ္ဂိုလ်မျိုးက "

ရဲ့ကျိန်ထိန်လို လူကိုတောင် အပျောက်မရှင်းနိုင်ဘူးလား .... "

"အပျောက်မရှင်းနိုင်လို့ မဟုတ်ပါဘူး ဆရာကြီး .... ရဲ့ကျိန်ထိန်သေတာဟာ ချီယွင်ဂေဟာရဲ့ အထင်လွဲမှား ခံရမှာကိုလည်း စိုးရိမ်ပါတယ် .... ရဲ့ကျိန်ထိန်ကိုလည်း အပျောက်ရှင်းချင်ပါတယ် .... "

"နေပါဦး ကျယ်စု .... ရဲ့ကျိန်ထိန်ဆိုတဲ့ လူရဲ့ ပညာအဆင့်ကကော ....

"ချီယွင်ဒဂဟာမှာတော့ ဂေဟာသခင်ကြီး အားထားရတဲ့ လက်ရုံးတစ်ဆူပါပဲ ဆရာကြီး .... ဒါပေမယ့် ဆရာကြီးအနေနဲ့ သူ့ကို လွယ်လွယ်ကလေး အနိုင်ယူတိုက်နိုင်မှာလား .... "

"အင်း .... ခက်တာပဲ .... ငါကလည်း သိုင်းလောကထဲကို ရှုပ်ရှုပ်ထွေးထွေးနဲ့ ပြန်မဝင်ချင်တော့ဘူး .... အခုလို ခပ်အေးအေး နေတာပဲ စိတ်ချမ်းသာတယ် .... "

"ဆရာကြီး .... ဒီတစ်ခါတော့ ဒီကိစ္စကို ဆောင်ရွက်ပေးပါဦး၊ တကယ်လို့ တစ်ဘက်လူက ဟိုလူ့ကိုသာ ရှာလို့ တွေးသွားမယ်ဆိုရင် ဆရာကြီးအတွက် အခက်တွေ့သွားနိုင်ပါတယ် .... "

ရုပ်ဆိုးအဘိုးကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... ဒီလူလည်း ဘာဖြစ်လို့ သတင်းအစအန မရလောက်အောင် ပျောက်နေတာပါလိမ့် .... "

"ဝမ်ရဲ့ရဲတိုက်ကတော့ ဒီလူကိုတွေ့နိုင်ဖို့ ခုထက်ထိကြိုးစားနေကြတုန်းပါပဲ ဆရာကြီး .... "

"ဒါနဲ့မင်းနဲ့ ငါ့ရဲ့အကြောင်းကို ဘယ်သူတွေ သိသေးသလဲ"

"ဘယ်သူမှ မသိကြပါဘူး ဆရာကြီး .... အခုလည်း အကြောင်းရှိလို့ ဆရာကြီးကို လာခေါ်ရတာပါ .... "



ရုပ်ဆိုးကြီးအဘိုးကြီးက အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ....

"ရဲ့ကျိထိန်ဆိုတဲ့ လူက အခု ဘယ်မှာလဲ .... "

"မနက်ဖြန်ဆိုရင် ရဲ့ကျိထိန်က လန့်ယန်းမြို့ကို ရောက်လာပါလိမ့်မယ် ဆရာကြီး .... ဝမ်ရဲ့ရဲတိုက် သခင်ကြီးက လန့်ယန်းမြို့မှာပဲ ရဲ့ကျိထိန်ကို အပျောက်ရှင်းစေချင်ပါတယ် .... "

"ဒါဆို ခုချက်ချင်း တို့တွေ ခရီးထွက်ကြမှ ဖြစ်မယ် .... နို့မို့ မနက်ဖြန် ညနေတောင် တို့တတွေ လန့်ယန်းမြို့ကို ရောက်မှာ မဟုတ်ဘူး .... နောက်ကျသွားလိမ့်မယ် .... "

ရုပ်ဆိုးအဘိုးကြီးက လူပုကြီးကျယ်စု လာပြောသောကိစ္စကို သဘောတူဟန်ဖြင့် ပြောလိုက်ရာ လူပုကြီး ကျယ်စုလည်း ဝမ်းသာအားရ ဖြစ်သွားတော့၏။

တိန့်ထောက်သည် ပြတင်းပေါက်မှ အထဲသို့ချောင်းကြည့်၍ နားထောင်နေခြင်း ဖြစ်လေရာ ဝမ်ရဲ့ရဲတိုက်သခင်ကြီးက ချီယွင်ဂေဟာမှာ သခင်ကြီး၏ လက်ရုံးတစ်ဆူဖြစ်သော ရဲ့ကျိထိန်ကို အပျောက်ရှင်းရန် ကြံစည်နေခြင်းအတွက် အံ့ဩ၍ မဆုံးအောင် ဖြစ်ရလေသည်။

ဝမ်ရဲ့ရဲတိုက်နှင့် ချီယွင်ဂေဟာမှာ မဟာမိတ်များ ဖြစ်ကြောင်း တိန့်ထောက်ကောင်းစွာ သိထားသည်။ မိမိ၏ မိသားစုကို လုပ်ကြံတိုက်ခိုက်ရာတွင် သူတို့တွေ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြသေးသည်။ ယခုမှ အဘယ့်ကြောင့် ရဲကျိထိန်ကို အပျောက်ရှင်းလိုကြသနည်း။

တိန့်ထောက် စဉ်းစား၍ မရပါချေ။

သူသည် ရုပ်ဆိုးအဘိုးကြီးနှင့်လူပုကြီးကျယ်စု နောက်သို့ ထက်ကြပ်မကွာ နောက်ယောင်ခံလိုက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

တိန့်ထောက်က ဦးစွာ အဆောက်အဦကြီးထဲမှ ပြန်ထွက်လာသည်။ အပြင်ဘက်မှသာ စောင့်နေသည်။

မကြာမီ အဆောက်အဦကြီးထဲမှ ရုပ်ဆိုးအဘိုးကြီးနှင့် လူပုကြီး ကျယ်စုတို့ ထွက်လာကြသည်။ သူတို့နှစ်ဦးထွက်သွားရာ နောက်သို့ တိန့်ထောက်သည် ထက်ကြပ်မကွာ နောက်ယောင်ခံ၍ လိုက်ပါလာခဲ့တော့၏။

## အခန်း(၁၄)

## လန့်ယန်းမြို့မှာ

တိန့်ထောက်သည် နောက်ယောင်ခံလိုက်ရင်းမှ စဉ်းစားမိသည်။ ရဲ့ကျိုထိန်၏ အသက်ကို မိမိကသာ ကယ်တင်နိုင်မည်ဆိုလျှင် ချီယွင်ဂေဟာ၏ ယုံကြည်ခြင်းကိုလည်း ခံရမည်ဟု တွေးမိသည်။ မိမိအနေနှင့် ချီယွင်ဂေဟာကို ချဉ်းကပ် ဝင်ရောက်နိုင်ဖို့ လွယ်ကူသွားလိမ့်မည် ဖြစ်၏။ ချီယွင်ဂေဟာတွင် သူသိလိုသမျှကို ကောင်းစွာ စုံစမ်းနိုင်ပေလိမ့်မည်။

ထိုအတွေးမျိုး ဝင်လာသောအခါ တိန့်ထောက်သည် ရုပ်ဆိုးအဘိုးကြီးနှင့်အတူ လူပုကြီးကျယ်စုတို့ကို ပိုပြီးမျက်ခြည်အပြတ် မခံတော့ပါချေ။

နောက်တစ်နေ့ညနေတွင် သူတို့သည် လန့်ယန်းမြို့သို့ ရောက်လာခဲ့ကြ၏။

လန့်ယန်းမြို့ကား ကုန်းလမ်း ရေလမ်းဆုံရာ မြို့ကြီးတစ်မြို့ဖြစ်သောကြောင့် ကုန်အရောင်းအဝယ်ဖြစ်ထွန်းကာ စည်းကားသည်။

ရုပ်ဆိုးအဘိုးကြီးနှင့် လူပုကြီးကျယ်စုတို့သည် စားသောက်

ဆိုင်တစ်ဆိုင်သို့ဝင်ကာ စားသောက်နေကြ၏။

တိန့်ထောက်ကလည်း မှောင်ရိပ်ကျကျ စားပွဲတစ်လုံးတွင် ထိုင်ပြီး အစားအသောက်များကို မှာယူစားသောက်သည်။

သူတို့ စားသောက်နေစဉ် သူတောင်းစားကြီးတစ်ဦးကဲ့သို့ အဝတ်အစား စုတ်ပြဲပေကျံနေသော လူကြီးတစ်ဦး ဆိုင်ထဲသို့ ဝင်လာကာ လူပုကြီးကျယ်စုနှင့် တီးတိုးစကား ပြောကြသည်။

ထို့နောက် ထိုလူကြီးနှင့်အတူ လူပုကြီးကျယ်စုတို့ စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားကြသည်။

ခဏအကြာတွင် လူပုကြီးကျယ်စုတစ်ယောက်တည်း ဆိုင်ထဲကို ပြန်ဝင်လာသည်။ ရုပ်ဆိုးအဘိုးကြီးနှင့် စကားခဏပြောပြီး ကျသင့်ငွေများကိုရှင်းကာ နှစ်ယောက်စလုံး ဆိုင်ထဲမှ ထွက်သွားကြ၏။

တိန့်ထောက်လည်း ကမန်းကတန်း ကျသင့်ငွေကို ရှင်းကာ သူတို့နှစ်ဦးနောက်မှ နောက်ယောင်ခံပြီး လိုက်ခဲ့သည်။

တစ်နေရာသို့အရောက်တွင် လူပုကြီးကျယ်စုက လမ်းချိုးတစ်ခုကို ကွေ့ဝင်သွားပြီး ရုပ်ဆိုးအဘိုးကြီးတစ်ဦးတည်းသာ ကမ်းနားလမ်းဘက်ဆီသို့ ဆက်လျှောက်သွားကြောင်း တိန့်ထောက် မြင်ရသည်။

တိန့်ထောက် အခက်တွေ့သွားသည်။

ရုပ်ဆိုးအဘိုးကြီးနောက် လိုက်ရမလား၊ လူပုကြီး ကျယ်စုနောက် လိုက်ရမလား ဝေခွဲမရ ဖြစ်သွားသည်။ နောက်မှ ရုပ်ဆိုး အဘိုးကြီးနောက်သို့ လိုက်လျှင် သင့်တော်လိမ့်မည်ဟုတွေးကာ ကမ်းနားဘက်ဆီသို့သာ လိုက်ရ၏။

အကြောင်းမူ ရဲကျိုထိန်ကို သတ်ဖြတ်သုတ်သင်ရာတွင် ရုပ်ဆိုး



အဘိုးကြီးမှာ အဓိကကျသော လူတစ်ယောက်ဖြစ်နေသောကြောင့်ပင် တည်း။

မိုးချုပ်စအချိန်သို့ပင် ရောက်လာပြီ ဖြစ်၏။

တိန့်ထောက်သည် ရုပ်ဆိုးအဘိုးကြီးနောက်သို့သာ နောက်ယောင်ခံလိုက်ခဲ့၏။

တစ်နေရာတွင် လူတစ်ယောက်နှင့် ပက်ပင်းသွားတွေ့သည်။ အဘိုးကြီး ဟိုအီလောက်ပင် ဖြစ်လေသည်။

တိန့်ထောက်ကိုတွေ့သောအခါ ဟိုအီလောက်က ဝမ်းသာအားရ ဖြစ်သွားပြီး–

"မောင်ရင် အမီလိုက်လာနိုင်ခဲ့တာကိုး .... အတော်ပဲ ကျုပ်နဲ့ လိုက်ခဲ့ပါလား .... "

တိန့်ထောက်က လက်ကာပြပြီး ....

"အခုတော့ ကျွန်တော် မလိုက်နိုင်သေးဘူး ဘကြီးဟို .... အရေးကြီးတဲ့ လူတစ်ယောက်နောက်ကို ကျွန်တော့် နောက်ယောင်ခံပြီး လိုက်နေပါတယ် .... နောက်မှ တွေ့ကြသေးတာပေါ့ .... "

တိန့်ထောက်လည်း ပြောပြောဆိုဆို ရှေ့ကိုလျှောက်ပြီး လာခဲ့၏။

ဟိုအီလောက် ကျန်နေခဲ့သည်။

တိန့်ထောက်သည် ရုပ်ဆိုးအဘိုးကြီးကို မျက်ခြည်ပြတ်မခံဘဲ ဆက်ပြီး လိုက်လာခဲ့ရာ မကြာမီ ကမ်းနားဆီသို့ ရောက်လာသည်။

ဆိပ်ကမ်းတလျှောက်တွင် လူသူကင်းရှင်းနေသည်။

ရုပ်ဆိုးအဘိုးကြီးက ခရီးသည်များ နားနေရန်အတွက် ဆောက်ထားသည့် အကာမရှိသော တဲကြီးတစ်လုံး အောက်သို့ဝင်သွား

သည်။ ပြီးနောက် တဲထဲတွင် တင်ပျဉ်ခွေထိုင်နေလိုက်၏။

တိန့်ထောက်ကလည်း .... တဲကြီးနှင့် မနီးမဝေးတွင်ရှိသော သစ်ပင်ကြီးတစ်ပင် နောက်ကွယ်တွင်ရပ်၍ အခြေအနေကို စောင့်ကြည့်နေသည်။

အချိန်အတော်ကြာသွားပြီးသည့်တိုင်အောင် ထူးခြားမှုကို မတွေ့ရတော့ချေ။ တိန့်ထောက် စိတ်ရှည် လက်ရှည် ဆက်ပြီး စောင့်သည်။



အတန်ကြာသွားသောအခါ .... ဆိပ်ကမ်း လမ်းမအတိုင်း လျှောက်လာသော လူရိပ်နှစ်ရိပ်ကို တိန့်ထောက် လှမ်းပြီးတွေ့ရလေသည်။ တိန့်ထောက်သည် မျက်တောင်ပင်မခတ်ဘဲ စူးစိုက်ပြီး ကြည့်နေသည်။ သူပုန်းနေသောနေရာမှာ လုံခြုံသဖြင့် အခြားလူများမှာ မမြင်နိုင်ချေ။

လူရိပ်နှစ်ရိပ်အနီးသို့ ရောက်လာသောအခါ လူပုကြီးကျယ်စူနှင့် ရဲ့ကျိုထိန်တို့ ဖြစ်နေကြောင်း တိန့်ထောက် တွေ့ရလေသည်။ သူတို့နှစ်ဦးသည် စကားတပြောပြောဖြင့် အေးဆေးစွာ လျှောက်လာနေကြခြင်း ဖြစ်၏။

တိန့်ထောက် ခန့်မှန်းကြည့်ရသည်မှာ လူပုကြီးကျယ်စူက ရဲ့ကျိုထိန်ကို အကြောင်းတစ်ခုခုပြကာ ဖြားယောင်းသွေးဆောင်၍ ခေါ်လာပုံရ၏။ သူထင်သည့်အတိုင်းလည်း ဖြစ်နေကြောင်း မကြာမီ သိရလေသည်။

ရုပ်ဆိုးအဘိုးကြီးထိုင်နေသော တဲကြီးရှေ့သို့ သူတို့နှစ်ဦး ရောက်လာသောအခါ လူပုကြီးကျယ်စူသည် တဲကြီးအတွင်းမှ ရုပ်ဆိုးအဘိုးကြီးကို လှမ်းကြည့်လိုက်ပြီး ရဲ့ကျိုထိန်ကို ပြောလိုက်၏။

"ဟိုတဲကြီးထဲမှာထိုင်နေတဲ့လူကြီးကို ကြည့်စမ်းပါဦး အရုပ်

ဆိုးလိုက်တာဗျာ .... ညဘက်ကြီးဆိုတော့ သူ့ကိုမြင်ပြီး တစ္ဆေသရဲလို့ တောင် ထင်လိုက်မိတယ် .... "

ရဲ့ကျိုထိန်က ....

"လာပါ နောင်ကြီးရယ် .... ကျွန်တော့်ကို သတင်းပေးမယ့် လူက စောင့်နေတယ်ဆို .... "

နှစ်ဦးသား ဆက်လျှောက်လာကြသည်။

"နေကြဦး .... စောစောက ငါ့ကို တစ္ဆေသရဲနဲ့ တူတယ်လို့ ပြောလိုက်တာ ဘယ်ကကောင်လဲ .... "

တဲကြီးအတွင်းမှ ရုပ်ဆိုးအဘိုးကြီးက လှမ်းပြောလိုက်ပြီး ခုန် ထွက်လာလေသည်။

လူပုကြီး ကျယ်စူနှင့် ရဲ့ကျိုထိန်တို့ တန့်ခနဲ ရပ်သွားကြသော အခါ ရုပ်ဆိုးအဘိုးကြီးလည်း သူတို့နှစ်ဦးရှေ့ကို ဖျတ်ခနဲ ရောက်လာ သည်။

ရဲ့ကျိုထိန်သည် ရုပ်ဆိုးအဘိုးကြီး၏ထက်မြက်သော ကိုယ် ဖော့ပညာကို အံ့ဩသွားသည်။ သူတို့ရှေ့သို့ ချက်ချင်းရောက်လာသော ကြောင့် ဖြစ်လေသည်။

လူပုကြီး ကျယ်စူက လေသံမာမာနှင့် ပြောလိုက်၏။

"အဘိုးကြီး .... ကျုပ်တို့ရှေ့က လမ်းဖယ်စမ်းပါ .... ကျုပ်တို့ မှာ အရေးတကြီး ချိန်းထားတာ ရှိနေလို့ .... "

ရုပ်ဆိုးအဘိုးကြီးက တွီခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီး

"မောင်တို့မှာ ကိစ္စရှိရင်လည်း အေးအေးဆေးဆေး သွားကြ ပါလား .... ဘာဖြစ်လို့ ငါ့ကို တစ္ဆေသရဲနဲ့တူတယ်လို့ ပုတ်ခတ်ပြီး ပြောသွားရတာလဲ .... မင်းကိုယ်မင်းလည်း ပြန်ကြည့်ပါ ဂျပု၊ ""



လူစဉ်မမီတဲ့အကောင်ကများ ငါ့ကို ကဲ့ရဲ့စကား ဆိုရသေးတယ် .... ထွီ .... "

ရဲ့ကျိုထိန်က တောင်းပန်စကား ဝင်ပြောသည်။

"အမှတ်တမဲ့ ပြောလိုက်မိတာပါ ဘကြီးရယ် .... စော်ကား မော်ကားလုပ်တဲ့သဘော မဟုတ်ပါဘူး .... ဒီအတွက် ကြားကပဲ ကျွန်တော် ဘောင်းပန်ပါတယ် .... "

လူပုကြီး ကျယ်စူက လေသံမာမာဖြင့် ဝင်ပြောသ်ည။

"ဒီမှာသူရဲကြီး .... ကျုပ်ကို လူစဉ်မမီဘူးလေး ဘာလေးနဲ့ ခင်ဗျားပြောတာကကော စော်ကားတာ မဟုတ်ဘူးလား .... တောက် ကျုပ်တို့မှာ ချိန်းထားတဲ့ကိစ္စရှိနေလို့ .... နို့မို့ရင် ခင်ဗျားကို ကောင်း ကောင်းကြီး ပညာပေးခဲ့ရမယ် .... "

ချောင်း၍ ကြည့်နေသော တိန့်ထောက်သည် ရုပ်ဆိုးအဘိုး ကြီးနှင့် လူပုကြီးကျယ်စူတို့ ကြိုတင်အကွက်ရိုက်၍ ပြဿနာဘက်ရန် အစပျိုးနေခြင်းဖြစ်ကြောင်း သိလိုက်၏။ သူတို့နှစ်ဦးသည် နိုက်ရန် ဒေါသဖြစ်မွှားကြပြီး ရဲ့ကျိုထိန်ကို သုတ်သင်ရန် စီစဉ်ထားကြပုံရ၏။

တိန့်ထောက်သည် ဆက်လက်ပြီးသာ အခြေအနေကို စောင့် ကြည့်နေသည်။

ရုပ်ဆိုးအဘိုးကြီးက ဒေါသတကြီးဖြင့် ပြန်အော်ပြောသည်။

"ဟေ့ .... ဂျပု .... မင်းက ငါ့ကို စော်ကားပြီးရင်း စော်ကား ရင်းပါပဲလားကွ .... မင်းရဲ့ပညာလေး မတောက်တခေါက်နဲ့ ငါ့ကို မှဉ်ချင်တယ်ပေါ့ .... "

ရဲကျိုထိန်က ဝင်ပြီး တောင်းပန်ပြန်သည်။

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ .... ကျွန်တော်တို့ကို

လမ်းဖယ်ပေးပါ .... ချိန်းထားတဲ့ လူနဲ့ လွဲနေမှာစိုးလို့ပါ .... "

ရုပ်ဆိုးအဘိုးကြီးက ဒေါသဖြင့် ပြန်အော်သည်။

"မဖယ်နိုင်ဘူးဟေ့ .... မဖယ်နိုင်ဘူး .... ဒီဂျပုက ငါ့ကို ပညာပေးပြီးမှ သွားချင်တယ်တဲ့ .... ကဲ .... ဂျပု .... ငါ့ကို ပညာပေးပြီးမှ မင်းတို့ သွားစရာရှိတာ ဆက်သွားကြ .... နို့မို့ဆက်သွားဖို့ စိတ်မကူးနဲ့ .... "

"ကဲကွာ .... ကဲကွာ .... "

လူပုကြီး ကျယ်စူက ဒေါသတကြီးဖြင့် အော်လိုက်ပြီး လက်နှစ်ဖက်ဖြင့် ရု ဆိုးအဘိုးကြီးကို ရိုက်လိုက်၏။

"ဖြောင်း .... "

"အား .... "

ရိုက်လိုက်သူမှာ လူပုကြီးကျယ်စူဖြစ်သော်လည်း အော်ဟစ်ပြီး လဲကျသွားသူမှာလည်း လူပုကြီး ကျယ်စူပင် ဖြစ်နေလေသည်။

ရုပ်ဆိုးအဘိုးကြီးက ပိုမိုသွက်လက်စွာ လှုပ်ရှား၍ ရိုက်ထုတ်လိုက်ခြင်း ဖြစ်သဖြင့် လူပုကြီး ကျယ်စူမှာ နောက်သို့ ယိမ်းယိုင်သွားပြီး ဖင်ထိုင်လျက် လဲကျသွားတော့၏။

သူ့အဖော် လူပုကြီးကျယ်စူ၏အဖြစ်ကို မြင်ရသောအခါ ရဲ့ကျိုထိန်းလည်း ဒေါသထွက်သွားသည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ .... "

"ဘယ်လိုလုပ်ရမှာလဲ .... မင်း မမြင်ဘူးလား .... ဂျပုရဲ့ အဖော် မင်းကိုလည်း ဆုံးမရဦးမယ် .... "

ပြောပြောဆိုဆို ရုပ်ဆိုးအဘိုးကြီးက ရှေ့ကို ခုန်တိုးလိုက်သည်။



ရဲ့ကျိုထိန်က နောက်ကို ခြေသုံးလှမ်းခုန်ဆုတ်ပြီး သူ့ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။

အမှန်တော့ ရုပ်ဆိုးအဘိုးကြီးကို တိုက်ခိုက်ရန် မဟုတ်ဘဲ ဟန့်တားရုံသက်သက်သာ ဓားကို ဆွဲထုတ်ကိုင်လိုက်ခြင်းပင် ဖြစ်၏။

သို့သော် ရုပ်ဆိုးအဘိုးကြီးသည် နောက်ကို ပြန်ဆုတ်မသွားဘဲ လူချင်းပူးအောင် ခုန်ဝင်ကာ လက်ဝါးဖြင့် တွန်းရိုက်လိုက်၏။

" နှီး .... "

" ခွင် .... "

ရဲ့ကျိုထိန်နောက်ကို ခြေသုံးလှမ်းခန့် ယိုင်ထွက်သွားလေသည်။

ရုပ်ဆိုးအဘိုးကြီးမှာ အတွင်းအား ပြည့်ဝသူတစ်ယောက်ဖြစ်ကြောင်းလည်း သိသွားသည်။

ရဲ့ကျိုထိန်သည် ရုပ်ဆိုးအဘိုးကြီး၏ ရိုက်ချက်ကို ခံလိုက်ရသည့်အတွက် လွန်စွာ ဒေါသဖြစ်သွားသည်။ သူသည် ရုပ်ဆိုးအဘိုးကြီး၏ ပြာလဲ့လဲ့မျက်လုံးအစုံကို ကြည့်နေရင်းမှ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ ခဏအကြာတွင် သူသည် ကောင်းစွာ မတ်တတ် မရပ်နိုင်တော့ဘဲ ဒူးညွှတ် ခွေလဲကျတော့မလို ဖြစ်လာသည်။

ရဲ့ကျိုထိန်သည် သူ့အား စိတ်ညှို့ခြင်းပညာကို အခြေခံကာ တိုက်ခိုက်လျက်ရှိနေပြီဖြစ်ကြောင်း ယခုမှ သတိရသော်လည်း ပြန်လည် စိတ်အားတင်းရန် အချိန်မမီတော့ချေ။

ဘေးမှကြည့်နေသော တိန့်ထောက်ကမူ ရုပ်ဆိုးအဘိုးကြီး၏ ဆန်းပြားသော ပညာရပ်ကို အံ့သြနေမိသည်။

"အား .... ဟင်း .... ဟင်း"

"ဝေါ် .... ဝေါ်"

ရဲ့ကျိထိန်ထံမှ ညည်းတွားသံ ပေါ်လာပြီး မကြာမီ ပါးစပ်မှ သွေးများလည်း အန်ထွက်လာသည်။ မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။

ရုပ်ဆိုးအဘိုးကြီးလည်း လဲကျသွားသော ရဲ့ကျိထိန်ထံ ခုန်၍ ရောက်လာပြီး လက်ထဲမှ ဓားကိုဆွဲယူလိုက်သည်။

ရဲ့ကျိထိန်သည် မည်သို့မျှ ပြန်လည်မခုခံနိုင်ဘဲ မြေတွင် လူးလှိမ့်လျက် ရှိနေလေသည်။

ရုပ်ဆိုးအဘိုးကြီးက သူ့လက်ထဲမှ ဓားဖြင့် ရဲ့ကျိထိန်ကို ခုတ်ပိုင်းချရန် ရွယ်လိုက်သည်။

"ရပ်လိုက်စမ်း .... "

စူးရှကျယ်လောင်၍ ပြတ်သားသောအသံတစ်သံ ပေါ်ထွက်လာသည်။

ရုပ်ဆိုးအဘိုးကြီးမျက်နှာ ကွက်ခနဲပျက်သွားပြီး ဓားကို မြှောက်ရွယ်ထားရာမှ အသံလာရာကို လှည့်ကြည့်လိုက်သည်။

လူငယ်တစ်ယောက် သူ့ဘေးနားတွင် ရောက်နေကြောင်းကို မြင်ရသည်။

ထိုလူငယ်ကား တိန့်ထောက်ပင် ဖြစ်လေသည်။

အခန်း(၁၅)

## ရန်သူ့ရှာ သွေးဆိုး

ရုပ်ဆိုးအဘိုးကြီး၏ မျက်နှာက တင်းမာသွားသည်။

"မင်းက ဘယ်သူလဲ .... သူနဲ့ ဘယ်လိုပတ်သက်သလဲ .... ...ရဲ့ မိတ်ဆွေလား .... "

တိန့်ထောက်က ခေါင်းကိုခါယမ်းလိုက်ပြီး ....

"ကျွန်တော်နဲ့ သူနဲ့ဘာမှ မပတ်သက်ဘူး .... မိတ်ဆွေလည်း ...ဟုတ်ဘူး .... ကျွန်တော်ဟာ ခရီးသွားတစ်ယောက်ပဲ .... "

"ဒါဖြင့် မင်းက ဘာဖြစ်လို့ ဝင်ပြီးဟန့်တားရတာလဲ .... "

"ဆရာကြီးကို လုံးလုံးပြန်ပြီး မခုခံနိုင်တော့ကဲ့ လူတစ်...ယောက်ကို ခုလို ထပ်ပြီး အနိုင်ကျင့်တာတော့ မကောင်းပါဘူးဆရာ...ကြီး .... သိုင်းသမားကောင်းတစ်ယောက်လည်း မပီသပါဘူး .... "

"ဟေ့သူငယ် .... မင်းက ဘာသိလို့လဲ .... ဒီကောင်ဟာ ...ဓရိုက်သမားတစ်ယောက်ကွ .... လူကောင်းတွေကို ဒုက္ခပေးနေတဲ့ ...ကောင် .... ဒီလိုကောင်မျိုးကို အသက်ချမ်းသာခွင့် ပေးလိုက်လို့ ...ဆိပ်ပင်ရေလောင်းသလိုပဲ ဖြစ်နေလိမ့်မယ် .... မင်းဖယ်ပါ .... "

"မဖယ်နိုင်ပါဘူး ဆရာကြီး .... တကယ်တော့ ဆရာကြီး ဟောဟိုက လူပုကြီးတို့ဟာ တစ်ကိုက်တည်း တစ်ဉာဏ်တည်း ဆ တပည့်တွေဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ် .... အ လည်း ဆရာကြီးတို့နှစ်ယောက် ဉာဏ်ဆင်ပြီး ဒီနောင်ကြီးကိုအပျော ရှင်းကြမလို့ မဟုတ်လား .... "

တိန့်ထောက် တိတိကျကျ ပြောလိုက်သောအခါ ရုပ်ဆ အတိုးကြီးမှာ မျက်စိမျက်နှာ ပျက်သွားသည်။ သူသည် ချက်ချင်းပ ဣန္ဒြေဆယ်လိုက်ပြီး ....

"မင်း ပေါက်ကရတွေ လာပြောမနေနဲ့ .... မင်းက ဘယ် လဲ .... "

တိန့်ထောက်က အေးစက်စက်လေသံဖြင့် ပြန်ပြောသည်

"ကျွန်တော်က သိုင်းလောကထဲကို ခြေချတာ မကြာသေး ဘူး .... ကျွန်တော့်နာမည်က တိန့်ထောက် .... ဘွဲ့နာမည်က ရော ခြည်သိုင်းသမား .... "

"မင်းက ဘယ်ဂိုဏ်းကလဲ .... "

"ကျွန်တော့်မှာ ဂိုဏ်းမရှိဘူး .... အဖွဲ့မရှိဘူး .... "

"မင်းရဲ့ဆရာက ဘယ်သူလဲ .... "

"ဒါတော့ ပြောခွင့်မရှိပါဘူး .... "

"ဒါဆိုရင်တော့ မင်းနဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်မရှုပ်နဲ့၊ ခုချက်ချ ထွက်သွားစမ်း .... နို့မို့ မင်းပါ အဆစ်ပါသွားမယ် .... "

"ကျွန်တော် မသွားနိုင်ပါဘူး .... ဆရာကြီးတို့သာ ထွက်သွ ကြပါ .... ဒီနောင်ကြီးရဲ့အသက်ကို ရန်ရှာမယ်ဆိုရင်တော့ ကျွန်တော် ကြည့်နေမှာ မဟုတ်ပါဘူး .... "



လဲကျနေသော ရဲ့ကျိုတိန်လည်း အားယူပြီး ထထိုင်သည်။ သည် ပြင်းထန်သော ဝေဒနာကို ခံစားရဟန်ဖြင့် မျက်နှာရှုံ့မဲ့နေ သည်။ သူသည် အားယူ၍ အားကိုးသောမျက်လုံးအစုံဖြင့် မော်ကြည့် သည်။

"ဩော် .... မင်းလိုကောင်လေးက ငါ့ကို ယှဉ်မလို့ပေါ့ .... ဟော့ ငါ့ကိုကြည့်စမ်း .... "

ရုပ်ဆိုးအတိုးကြီးက ခက်ထန်စွာ ပြောလိုက်၍ တိန့်ထောက် လည်း သူ့မျက်နှာကို အမှတ်တမဲ့ လှမ်းကြည့်မိသည်။

ရုပ်ဆိုးအတိုးကြီး၏မျက်လုံးအစုံမှာ အပြာရောင်တောက်ပ သည်။

တိန့်ထောက် တုန်လှုပ်သွားသည်။ ရဲ့ကျိုတိန်၏အဖြစ်ကို တိရလာပြီး စိတ်ကိုတင်းကာ ဓားကိုဆွဲထုတ်လိုက်၏။

"ဟိတ် .... "

သူသည် မာန်သွင်းအော်ဟစ်လိုက်ပြီး ရုပ်ဆိုးအတိုးကြီးကို းဖြင့် ဝင်ပိုင်းသည်။ ရုပ်ဆိုးအတိုးကြီးက တတိုက်ကရိုက် နောက်ကို ဆုတ်ပြီး သူ့လက်ထဲမှ ဓားဖြင့် ပြန်တိုက်သည်။

"ထန်း .... ထန်း .... ထန်း"

"ချွမ်း .... ချွမ်း"

ကျယ်လောင် ပြင်းထန်သော ဓားဓားချင်း ထိခတ်သံက တိတ်ဆိတ်သောညတွင် စူးရှစွာ ပေါ်ထွက်လာသည်။

တိန့်ထောက်ကို ပေါ့ပေါ့တန်တန် သဘောထားခဲ့သော ဆိုးအတိုးကြီးမှာ စိုးရိမ်ထိတ်လန့်လာရသည်။ တိန့်ထောက်၏ ဓား င်းသည် သူထင်ထားသည်ထက် လွန်စွာအဆင့်မြင့်လှသောကြောင့်

ဖြစ်လေသည်။

သိုင်းကွက်နှစ်ဆယ်ခန့် ရောက်လာသောအခါ ရုပ်ဆိုးအဘိုး ကြီးက သူ့သိုင်းကွက်ကို ရုတ်ခြည်းပြောင်းလဲလိုက်သည်။ သိုင်းကွက် တစ်ကွက်တည်းနှင့် ဓားချက်သုံးချက်ပြောင်းလဲလိုက်သည်။ သိုင်း ကွက် တစ်ကွက်တည်းနှင့် ဓားချက်သုံးချက်ပြောင်းကာ တိုက်ခိုက်ခြင်း ဖြစ်၏။

တိန့်ထောက်ကလည်း သူ့ဓားကွက်ကို ပြောင်းလိုက်၏။ သူသည် သိုင်းကွက်တစ်ကွက်တည်းဖြင့် ဓားချက်ခြောက်ချက်ကို ထုတ်၍ တိုက်ခိုက်နိုင်သည်။

ရုပ်ဆိုးအဘိုးကြီး မျက်လုံးပြူးကျယ်သွားသည်။

တိန့်ထောက်၏ ဓားရိပ်များက သူ့ကိုယ်ပေါ် လွှမ်းခြုံနေ သည်။

"ဟာ .... ဘယ်လိုသိုင်းကွက်လဲ၊ မြန်လှသွက်လှချည်လား"

ရုပ်ဆိုးအဘိုးကြီးက စိုးရိမ်စွာ ရေရွတ်လိုက်သည်။ အခြေအနေ မဟန်တော့မှန်းလည်း သိလိုက်၏။

ရုပ်ဆိုးအဘိုးကြီးသည် ကတိုက်ကရိုက် နောက်ကို ခုန်ဆုတ် လိုက်သည်။ သူ့လက်ထဲမှ ဓားလည်း လွတ်ကျ လွင့်စဉ်သွားသည်။ သူသည် မည်သူ့ကိုမှ ဂရုစိုက်၍ ကြည့်မတော့ဘဲ တရှိန်ထိုး ထွက်ပြေး သွားတော့၏။



မလှမ်းမကမ်းတွင် အခြေအနေကို စောင့်ကြည့်နေသော လူပု ကြီး ကျယ်စူးလည်း သူ့ဆရာကြီး၏အခြေအနေကို မြင်ရသောအခါ တွေ ဝေ တုံ့ဆိုင်းမနေတော့ဘဲ နောက်မှပြေး၍ လိုက်သွားသည်။

ရုပ်ဆိုးအဘိုးကြီးနှင့်လူပုကြီးကျယ်စူတို့ အမှောင်ထဲတွင် ပျောက်ကွယ်သွားတော့မှ တိန့်ထောက်သည် ရဲ့ကျိုထိန်ဆီသို့လာကာ တွဲယူလိုက်၏။ ရဲ့ကျိုထိန်က ဒယီးဒယိုင်ဖြင့် ထရပ်သည်။

ရဲ့ကျိုထိန်က လေသံသဲ့သဲ့ဖြင့် ဦးစွာကျေးဇူးတင်စကား ပြော သည်။

"ကျေးဇူးတင်ပါတယ် ညီလေးရယ် .... ကျုပ်မှာ ညီလေး ကယ်တင်တဲ့အသက်ပဲ ရှိပါတော့တယ် .... ညီလေးရဲ့ကျေးဇူးကို ဘယ် တော့မှ မမေ့ပါဘူး .... ညီလေးသာ ရောက်မလာရင် ခုဆိုကျုပ်တော့ သေနေပါပြီ ...."

တိန့်ထောက်က ညင်သာစွာ ပြောသည်။

"ကျွန်တော်လည်း ကြုံကြိုက်လို့ ကယ်ခွင့်ရှိတာပါခင်ဗျာ .... ဒီအဖြစ်မျိုးနဲ့ကြုံရင် ဘယ်သူမဆို နောင်ကြီးဘက်က ရပ်တည်ကြမှာပါ၊ ကျေးဇူးတင်စရာ မလိုပါဘူး .... နောင်ကြီး လမ်းလျှောက်နိုင်ရဲ့လား"

"အင်း .... အားတင်းပြီး လျှောက်မယ်ဆိုရင်တော့ လျှောက်

နိုင်ပါလိမ့်မယ် .... "

"ဒါဆို နောင်ကြီးလည်း ဘေးကင်းရာကို အမြန်ဆုံး ပြန်ပါတော့ .... ကျွန်တော်လည်း သွားတော့မယ် .... "

တိန့်ထောက်က မြေတွင်ကျနေသော ရဲ့ကျိုထိန်၏ဓားကို ကောက်ယူ၍ ရဲ့ကျိုထိန်လက်ထဲ ပြန်ထည့်ပေးသည်။ ပြီးမှ ရဲ့ကျိုထိန်ကို နှုတ်ဆက်၍ လှည့်ထွက်မည်ဟန်ပြင်သည်။

"နေပါဦး ညီလေး .... "

ရဲ့ကျိုထိန်ကပြောလိုက်သဖြင့် တိန့်ထောက်လည်း နောက်ပြန်လှည့်သည်။

"ဘာပြောစရာရှိသေးလို့လဲ နောင်ကြီး .... "

"ကျုပ်နဲ့ လိုက်ခဲ့ပါဦးလား .... ကိုယ့်ရဲ့အသက်သခင်ကျေးဇူးရှင်တစ်ယောက်ကို ကျုပ်က ကောင်းကောင်းမွန်မွန် ဧည့်ခံပြုစုချင်သေးလို့ပါ .... "

"ကိစ္စမရှိပါဘူး နောင်ကြီး .... ကျွန်တော့်မှာ ခရီးဆက်စရာရှိနေသေးလို့ပါ .... "

"စပ်စုတယ်လို့တော့ မထင်ပါနဲ့ဦးလေ....ညီလေးက ဘယ်ကို ခရီးဆက်ရမှာလဲ .... "

"ကျွန်တော်က တုန်းထိန်ဟူရေအိုင်ဒေသကို သွားမလို့ပါ နောင်ကြီး .... အလည်အပတ်သက်သက်ဆိုပါတော့ .... "

ရဲ့ကျိုထိန်၏မျက်နှာမှာ ဝင်းလက်သွားသည်။ သူက ဝမ်းသာအားရဖြင့် ပြန်ပြောသည်။

"ဟာ .... ဒါဆိုရင်တော့ အတော်ပဲညီလေး .... ကျုပ်လည်း တုန်းထိန်ရေအိုင်ဒေသမှာနေတဲ့သူပါပဲ .... တကယ်လို့ ညီလေးမှာ



ဝန်မလေးဘူးဆိုရင် ဒီခရီးကို ကျုပ်နဲ့အတူတူသွားဖို့ ပြောချင်ပါတယ်၊ ညီလေးဆီက အကူအညီကိုလည်း လိုချင်လို့ပါ .... "

"ဘယ်လို အကူအညီမျိုးလဲ နောင်ကြီး .... "

"အခု ကျုပ်မှာ အတွင်းဒဏ်ရာ ရထားပါတယ် .... လမ်းမှာ စောစောက လူယုတ်မာတွေနဲ့ ထပ်တွေ့ရင် ကျုပ် အသက်ဆုံးရှုံးရပါလိမ့်မယ် .... သူတို့ကို ဘယ်လိုမှ ပြန်ပြီးခုခံနိုင်မှာ မဟုတ်ပါဘူး .... ဒီတော့ ညီလေးသာ ကျုပ်နဲ့အတူ ခရီးသွားနိုင်မယ်ဆိုရင် ကျုပ်ကိုလည်း ကာကွယ်စောင့်ရှောက်နိုင်တာပေါ့ .... ဒါကြောင့် ကျုပ်နဲ့တစ်ခရီးတည်းသွားပါလို့ ညီလေးကို မေတ္တာရပ်ခံပါရစေ .... "

တကယ်တော့ တိန့်ထောက်သည် ရဲ့ကျိုထိန်နှင့်ခင်မင်ရင်းနှီးကာ တစ်ခရီးတည်းသွားလိုသဖြင့် အသက်ကို ဝင်ရောက်ကယ်တင်ခြင်းဖြစ်၏။ သူကစပြီး တစ်ခရီးတည်းသွားရန် ပြောဆိုလျှင် ရဲ့ကျိုထိန်က မသင်္ကာဖြစ်မည်စိုး၍ ဟန်ဆောင်၍ခွဲထွက်မည့် အမူအရာမျိုးလုပ်နေခြင်း ဖြစ်၏။

ယခုကဲ့သို့ ရဲ့ကျိုထိန်က လိုလိုလားလား ဖိတ်ခေါ်မှသာ မလွှဲမကင်းသာသည့်ပုံစံမျိုးဖြင့် လိုက်သွားရပေလိမ့်မည်။

တိန့်ထောက်က မေးမြန်းသည်။

"နောင်ကြီးနဲ့ ဟိုလူပုကြီးနဲ့ ဘယ်လို အဆက်အသွယ်ဖြစ်ပြီး သူ ခေါ်ရာကို ပါလာတာလဲ .... "

"ဒီလူပုကြီးကို ကျုပ်လည်း မသိပါဘူး .... ကျုပ်သိပ်ပြီး သိချင်နေတဲ့လူတစ်ယောက်ရဲ့အကြောင်းကို သတင်းပေးမယ့်လူရှိတယ်ဆိုပြီး .... ခေါ်လာခဲ့တာနဲ့ ကျုပ်လည်း လိုက်လာခဲ့တာပဲ .... ခုလိုဖြစ်လိမ့်မယ်လို့ ကျုပ် လုံးဝ မထင်ထားဘူးလေ .... "

"နောင်ကြီး အခု ဘယ်မှာတည်းခိုသလဲ .... "

"ဒီမြို့ထဲမှာပါပဲ .... ညီလေးကော .... "

"ကျွန်တော် အခုမှ တည်းခိုမလို့ပါ .... ကဲလေ .... နောင်ကြီး အတွက် လိုအပ်နေတယ်ဆိုရင်တော့ ကျွန်တော်လည်း အတူလိုက်ခဲ့ပါ့မယ် .... လျှောက်နိုင်တယ် မဟုတ်လား .... "

"ဖြည်းဖြည်းလျှောက်ရင် ရပါတယ် .... "

တိန့်ထောက်သည် ရဲ့ကျိုထိန်ကိုတွဲ၍ ခပ်ဖြည်းဖြည်းလျှောက်ခဲ့ရာ နောက်ဆုံးတွင် ရဲ့ကျိုထိန် တည်းခိုသော တည်းခိုခန်းဆီသို့ ရောက်လာလေသည်။

တည်းခိုခန်းတွင် ကျန်ရစ်ခဲ့သော ရဲ့ကျိုထိန်၏လူနှစ်ယောက်က စိုးရိမ်တကြီးဖြင့် ရဲ့ကျိုထိန်ကို ပြုစုကြသည်။

တိန့်ထောက်သည် ၎င်းတည်းခိုခန်းတွင်ပင် အခန်းငှားပြီး အနားယူ အိပ်စက်လိုက်သည်။

နောက်တစ်နေ့တွင် တိန့်ထောက်သည် ချီယွင်ဂေဟာမှ ရဲ့ကျိုထိန်တို့လူစုနှင့်အတူ မြင်းကိုယ်စီစီးကာ ခရီးထွက်လာခဲ့ကြသည်။

ခရီးစဉ်တလျှောက်လုံးတွင် ရဲ့ကျိုထိန်က တိန့်ထောက်ကို ခင်မင်ရင်းနှီးစွာ ဆက်ဆံလေသည်။ သူသည် ချီယွင်ဂေဟာမှ သိုင်းလေ့ကျင့်ရေးမှူးတစ်ယောက်ဖြစ်ပြီး နာမည်မှာ ရဲ့ကျိုထိန်ဟုခေါ်ကြောင်း၊ ဂေဟာသခင်ကြီး နတ်နဂါးချူပွားဟီ၏ လူယုံ လက်ရုံးတစ်ဆူလည်းဖြစ်ကြောင်း ပြောပြသည်။

သူ့အသက်ကို ကယ်တင်သူတစ်ယောက်အနေနှင့် ချီယွင်ဂေဟာကို ခရီးကြို့တုန်း လိုက်လည်ပါရန်လည်း အတင်းအကျပ် ဖိတ်ခေါ်သည်။



ရဲ့ကျိုထိန်သည် တိန့်ထောက်၏ အနေမှန်မှုကြောင့် ယုံကြည်ခင်မင်နေပြီ ဖြစ်လေသည်။

ဤဒေသသို့ တိန့်ထောက် လာခဲ့သည်မှာလည်း တစ်ချိန်က သူ့မိသားစုကို တိုက်ခိုက်သတ်ဖြတ်သွားသော ရန်သူများကို ချီယွင်ဂေဟာတွင် စုံစမ်းရှာဖွေရန် လာခဲ့ခြင်း ဖြစ်၏။ အဓိကရန်သူတော်ကြီးမှာ ချီယွင်ဂေဟာသခင်ကြီး နတ်နဂါးချူပွားဟီပင် ဖြစ်၏။

ထို့ကြောင့် ရဲ့ကျိုထိန်၏ ဖိတ်ခေါ်ချက်ကို နောက်ဆုံးတွင် လက်ခံလိုက်လေတော့၏။ သူ့စိတ်ထဲတွင် အကြံအစည် အောင်မြင်တော့မည် ဖြစ်သဖြင့် ဝမ်းသာအားတက်လျက် ရှိနေလေသည်။

## အခန်း(၁၆)

# အိပ်မပျော်သော ည

တောင်ပိုင်းနယ်တွင် တုန်းထိန်ဟူ ရေအိုင်ဒေသမှာ လွန်စွာထင်ရှားကျော်ကြားလှပြီး စည်ကားသော မြို့ရွာကြီးများလည်း ရှိသည်။

တုန်းထိန်ရေအိုင်ဒေသတွင် ချီယွင်ဂေဟာကြီးလည်း ရှိလေသည်။ ဂေဟာကြီးအနီးဝန်းကျင်တွင် အိမ်ကလေးများလည်း ဝိုင်းရံ၍ ရှိနေလေရာ ရွာစုလေးလို ဖြစ်နေသည်။

တိန့်ထောက်နှင့်ရဲ့ကျိုထိန်တို့လူစုသည် ချီယွင်ဂေဟာဆီသို့ ရောက်လာခဲ့ကြသည်။

ရဲ့ကျိုထိန်သည် တိန့်ထောက်ကို ခမ်းနားကျယ်ဝန်းလှသော ဧည့်ခန်းဆောင်ကြီးထဲတွင်ထိုင်စေကာ သူ၏ဂေဟာသခင်ကြီးချူဟွားဟီကို အကြောင်းကြားရန်အတွက် အတွင်းဘက်သို့ ဝင်သွား၏။

မကြာမီ ဂေဟာသခင်ကြီး ချူဟွာဟီးကိုယ်တိုင် ဧည့်ခန်းဆောင်ကို ထွက်လာပြီး တိန့်ထောက်ကို ဧည့်ခံစကားပြောလေသည်။

နတ်နဂါးချူဟွားဟီသည် အသက်ခြောက်ဆယ်ကျော်ရှိပြီး ဖြူဖွေးသော မုတ်ဆိတ်မွေးများနှင့် ခန့်ညားသော ရုပ်သွင်ရှိသူ ဖြစ်၏။



တိန့်ထောက်သည် နတ်နဂါးချူဟွားဟီကို တွေ့သောအခါ နာကြည်းခံပြင်းခြင်းဖြစ်ရသည်။ ဣန္ဒြေဆယ်ပြီးသာ စိတ်ကို ထိန်းချုပ်၍ ဆက်ဆံပြောဆိုနေရသည်။

ဖခင်ဖြစ်သူကို နတ်နဂါးချူဟွားဟီသည် မကောင်းမှု ဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်ရန် စည်းရုံး၍ မရသဖြင့် သူ့ဘက်တော်သားများ၊ သိုင်းသမားများကိုလွှတ်ကာ တိုက်ခိုက်သုတ်သင်ခဲ့ကြောင်း တိန့်ထောက် ကောင်းစွာသိထားသည်။

တိန့်ထောက် ချီယွင်ဂေဟာတွင် တွေ့လိုသူများမှာ သူ့ဖခင်ကို ကိုယ်ထိလက်ရောက် တိုက်ခိုက်သုတ်သင်သွားကြသူများကို ဖြစ်၏။

ချီယွင်ဂေဟာသခင်ကြီး နတ်နဂါးချူဟွားဟီသည် တိန့်ထောက်ကို အထူးဧည့်သည်တစ်ယောက်ကဲ့သို့ ဆက်ဆံဧည့်ခံလေသည်။ သူ ဂေဟာထဲတွင် စိတ်တိုင်းကျ တည်းခိုနေထိုင်ရန် ဖိတ်ခေါ်သည်။

တိန့်ထောက်မှာ အကြံနှင့်လာသူဖြစ်သဖြင့် ချီယွင်ဂေဟာတွင် တည်းခိုနေထိုင်ရန် သဘောတူလိုက်၏။ ရဲ့ကျိုထိန်မှာ ဝမ်းသာအားရ ဖြစ်နေသည်။

တိန့်ထောက်ကို ကောင်းမွန်သပ်ရပ်သော အိပ်ဆောင်တစ်ဆောင်တွင် နေရာချထားပေးသည်။ ထိုနေ့ညက ခရီးပန်းလွန်းသဖြင့် တိန့်ထောက် အိပ်လိုက်သည်။

နောက်တစ်နေ့ညနေတွင် ရဲ့ကျိုထိန်သည် တိန့်ထောက်ကို သူ့အခန်းဆောင်ထဲခေါ်ပြီး စားသောက်ပွဲကလေးဖြင့် ဧည့်ခံလေသည်။

“မနေ့ကတော့ ကျုပ်ရဲ့ဒဏ်ရာကို ဆေးလူးဆေးစားပြီး

အနားယူနေလို့ ညီလေးတိန့်နဲ့ စကားမပြောနိုင်ခဲ့ဘူး .... ခုတော့ .... အများကြီး သက်သာသွားပါပြီ .... ဒါကြောင့် ညီလေးတိန့်ကို ဖိတ်ခေါ်ရည့်ပရတာပဲ .... "

တိန့်ထောက်ကလည်း ပြုံးလိုက်ပြီး ....

"နောင်ကြီး ရဲ့,ရဲ့ ဒဏ်ရာတွေ သက်သာသွားတဲ့အတွက် ကျွန်တော် အများကြီး ဝမ်းသာပါတယ် .... "

"အဲဒီနေ့က ညီလေးတိန့်ရောက်လာပြီး ကျုပ်အသက်ကို ကယ်ပေလို့ပေါ့ .... နို့မို့ ခုလို ညီလေးနဲ့စားသောက်ရင်း စကားပြောနေနိုင်မှာ မဟုတ်ဘူး .... "

"ဒါနဲ့ စပ်စုတယ်လို့တော့ မထင်ပါနဲ့ နောင်ကြီး ရဲ့ .... စကားစပ်မိလို့ ကျွန်တော် မေးတာပါ .... "

"ဘာသိချင်လို့လဲ ညီလေးတိန့်ရဲ့ မေးပါ .... "

"နောင်ကြီး ရဲ့တို့ မြောက်ပိုင်းဒေသကို ခရီးထွက်သွားကြတာ ဘယ်လိုကိစ္စကြောင့်လဲ .... ဂေဟာသခင်ကြီးက အကြောင်းထူးနဲ့ စေလွှတ်လိုက်လို့လား .... "

ရဲ့ကျိုထိန် တွေဝေသွားသည်။ အတန်ကြာအောင် ပြောသင့်မပြောသင့် စဉ်းစားနေသည်။ နောက်မှ ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ပြီး ....

"အင်းလေ .... ညီလေးတိန့်ကိုတော့ ဖုံးကွယ်စရာ မလိုဘူးလို့ ကျုပ်ယူဆပါတယ် .... ညီလေးတိန့်ကို ကျုပ်က ယုံကြည်စိတ်ချပါတယ် .... အဲ .... ကျုပ်က သခင်ကြီးရဲ့ စေခိုင်းချက်ကြောင့် ဝမ်ရဲ့ရဲတိုက်ကိုသွားပြီး အကူအညီတောင်းတာပါ .... လူတစ်ဦးကို ဝိုင်းကူပြီး ရှာဖွေစုံစမ်းပေးဖို့ပါ .... "



"ဘယ်သူပျောက်နေလို့လဲ နောင်ကြီး ရဲ့ .... "

"ကျုပ်တို့ဂေဟာက သစ္စာဖောက်တစ်ယောက်ပါ .... "အဲဒီလူရဲ့ သိုင်းပညာအဆင့်က ညီလေးတို့ ကျုပ်တို့ထက်တောင် ပိုလိမ့်မယ် .... သူ့ရဲ့နာမည်ကိုလည်း ညီလေးတိန့် ကြားဖူးချင် ကြားဖူးမှာပါ"

"သူ့နာမည်က ဘယ်သူလဲ နောင်ကြီး ရဲ့ .... "

"တိမ်နဂါး ကျောက်ယွင်စိမ်းတဲ့ .... "

တိန့်ထောက်ရင်ထဲတွင် များစွာ လှုပ်ရှားသွားသည်။ ခေါင်းထဲတွင်လည်း ဆူဝေသွားသည်။

တိမ်နဂါးကျောက်ယွင်စိမ်းမှာ လွန်ခဲ့သော ဆယ့်ခြောက်နှစ်ခန့်က သူတို့မိသားစုကို လာရောက်တိုက်ခိုက်သုတ်သင်သော လူစုထဲတွင် ပါဝင်သူတစ်ဦး ဖြစ်နေလေသည်။

ရဲ့ကျိုထိန်က ဆက်ပြောသည်။

"တိမ်နဂါးကျောက်ယွင်စိမ်းက အစတုန်းကတော့ ကျုပ်တို့ ချီယွင်ဂေဟာမှာ အုပ်ချုပ်ရေးမှူးကြီး တစ်ယောက်ပေါ့ .... နောက်တော့ ကျုပ်တို့သခင်ကြီးရဲ့ အချစ်ဆုံးသားကို သတ်ပြီး ထွက်ပြေးတိမ်းရှောင်သွားတယ်လေ .... "

တိန့်ထောက် အံ့အားသင့်သွားပြီး ....

"ဟာ .... ဘယ်လိုဖြစ်တာလဲ နောင်ကြီး .... သူ သစ္စာဖောက်တာကလည်း ရိုးရိုးတန်းတန်း ထွက်ပြေးသွားတာ မဟုတ်ဘဲနဲ့ သခင်ကြီးရဲ့သားကို ဘာဖြစ်လို့ သတ်သွားရတာလဲ .... သူ့နောက်ကို အန္တရာယ် လိုက်လာမယ်ဆိုတာ သူ မသိဘူးလား .... "

ရဲ့ကျိုထိန်က သက်ပြင်းတစ်ချက်ချပြီး ....

"နောက်မှ ကျုပ်တို့လည်း သိရတာ .... ဒီလူဟာ သခင်ကြီးရဲ့ ရန်ငြိုးရန်ဘက် တစ်ဦးရဲ့ စေခိုင်းချက်အရ .... ကျုပ်တို့သခင်ကြီးဆီမှာ အယုံသွင်းပြီး လာနေခဲ့တဲ့လူပဲ .... သူဟာ .... သခင်ကြီးရဲ့သားကို သတ်သွားတာ .... မျိုးဆက်တုံးသွားအောင် လုပ်လိုက်တဲ့သဘောပဲ .... "

"သခင်ကြီးမှာ အဲဒီသားတစ်ယောက်ပဲ ရှိလို့လား .... "



"သမီးတစ်ယောက်လည်း ရှိပါသေးတယ် .... "

တိန့်ထောက် ခဏမျှ ငြိမ်သွားပြီးမှ မေးပြန်သည်။

"ဒါနဲ့ နောင်ကြီးရဲ့ .... တိမ်နဂါး ကျောက်ယွင်စိမ်းဟာ မြောက်ဘက်ပိုင်းကို ထွက်ပြေးသွားတယ်လို့ သတင်းရလို့လား"

ရဲ့ကျိုထိန်က ခေါင်းကိုညိတ်၍ ....

"ဟုတ်တယ် .... ညီလေးတိန့် .... ရှင်းရှင်းပြောရရင် ဝမ်ရဲ့ရဲတိုက်မှာ ကျောက်ယွင်စိမ်းကို ခိုလှုံခွင့် ပေးထားတယ်လို့ ကျုပ်တို့ သတင်းရတာလို့ မသိချင်ယောင်ဆောင်ပြီး သွားခဲ့တာပါ .... ရဲတိုက်သခင်ကြီးဆီမှာလည်း ကျောက်ယွင်စိမ်းကို တွေ့အောင် ရှာဖွေ စုံစမ်းပေးဖို့ အကူအညီတောင်းခံခဲ့တယ် .... "

တိန့်ထောက် မျက်မှောင်ကြုတ်သွားကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ....

"အင်း .... ဒီတိုင်းဆိုရင်တော့ .... ဝမ်ရဲ့ရဲတိုက်ဟာ နောင်ကြီးရဲ့တို့ ချီယွင်ဂေဟာအပေါ်မှာ စိတ်သဘောထား မမှန်ဘူးလို့ ယူဆရာ ဖြစ်နေပြီ .... "

"ဟုတ်တယ် ညီလေးတိန့် .... ဒီလိုပဲ ယူဆရမလို ဖြစ်နေပြီ .... ဒါပေမယ့် တိတိကျကျတော့ စွပ်စွဲလို့ မဖြစ်သေးဘူးလေ .... သေသေချာချာသိရမှ ဆုံးဖြတ်လို့ ရမှာပဲ .... ဝမ်ရဲ့ ရဲတိုက်သခင်ကြီးကလည်း ကျောက်ယွင်စိမ်းကိုတွေ့ရင် ဖမ်းပြီး ကျုပ်တို့သခင်ကြီးဆီ အရောက်ပို့လိုက်ပါမယ်တဲ့ .... တွေ့အောင်လည်း စုံစမ်းရှာဖွေပေးပါ့မယ်တဲ့ .... "

တိန့်ထောက် စိတ်ထဲတွင်မူ ဝမ်းရဲ့ ရဲတိုက်သခင်ကြီးသည် ချီယွင်ဂေဟာပေါ်တွင် စိတ်သဘောထား မမှန်ကန်ကြောင်း သေချာ

ပေါက် တွက်ဆမိနေပြီ ဖြစ်၏။

ဤသို့ တွက်ဆမိသည်မှာ ဝမ်ရဲ့ ရဲတိုက်သခင်ကြီးက ဝမ်းချွန်မှတစ်ဆင့် ရုပ်ဆိုးအဘိုးကြီးနှင့် လူပုကြီးကျယ်စူကို ငှားရမ်း၍ ရဲ့ကျိုထိန်ကို သတ်နိုင်းကြောင်း သိထားသောကြောင့် ဖြစ်လေသည်။

ထိုသို့ဆိုလျှင် ရုပ်ဆိုးအဘိုးကြီးနှင့် လူပုကြီးကျယ်စူတို့နှစ်ယောက်ချင်း ပြောနေကြသော ဟိုလူဆိုသူမှာ တိမ်နဂါးကျောက်ယွင်စိမ်းပင် ဖြစ်လိမ့်မည်ဟု ယခုမှ တိန့်ထောက်တွေးမိလေသည်။

ဝမ်ရဲ့ ရဲတိုက်သခင်ကြီးသည် တိမ်နဂါးကျောက်ယွင်စိမ်းကို ခိုလှုံခွင့်ပေးပြီး ချီယွင်ဂေဟာအပေါ်တွင် ကြံစည်ချက်တစ်ခုခု ပြုလုပ်တော့မည်မှာ မလွဲပါချေ။

တိန့်ထောက်သည် အတွေးကိုဖြတ်ပြီး ဆက်မေးသည်။

"ဒါနဲ့ နောင်ကြီးရဲ့ တိမ်နဂါးကျောက်ယွင်စိမ်း တိမ်းရှောင်ထွက်ပြေးသွားတာ ဘယ်လောက်ကြာသွားပြီလဲ ...."

"ဆယ်နှစ်ကျော်တောင် ရှိသွားပါပြီ ညီလေးတိန့် ...."

"ဟင် .... အတော်ကြာသွားပြီပဲ ...."

တိန့်ထောက် စိတ်ထဲတွင်လည်း အတွေးတစ်ခုဝင်လာသည်။

ဂေဟာသခင်ကြီးသည် တိမ်နဂါးကျောက်ယွင်စိမ်းကို သူတို့မိသားစုအား တိုက်ခိုက်သုတ်သင်ခဲ့သည့်အတွက် အပြင်သို့ မပေါက်ကြားစေရန် နှုတ်ပိတ်ရန် ကြံစည်လေသလား၊ ထိုသို့ ကြံစည်သည့်အတွက် ကျောက်ယွင်စိမ်းသည် လက်ဦးအောင် ဂေဟာသခင်ကြီး၏သားကို သတ်၍ထွက်ပြေးတိမ်းရှောင်သွားခြင်းပဲလားဟူ၍ တိန့်ထောက် စဉ်းစားမိသည်။

ယခုအချိန်အထိ ထွက်ပြေးသွားသော ကျောက်ယွင်စိမ်းကို



ရှာဖွေဖမ်းဆီးနေခြင်းမှာလည်း သူလျှို့ဝှက်ချက်များ ပေါ်သွားမည်စိုးသောကြောင့် ဖြစ်လိမ့်မည်ဟု တွေးမိပြန်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် သိုင်းလောကအကြောင်း ရောက်တတ်ရာရာ စကားများကိုသာ ပြောကြပြီး အစားအသောက်ကို ဂရုစိုက် စားသောက်ကြလေသည်။

ထိုညက တိန့်ထောက်သည် တော်တော်နှင့် အိပ်မပျော်ပါချေ။

ဝါးရုံတောဘိုးဘိုး ပြောပြခဲ့သော ချီယွင်ဂေဟာမှ စေလွှတ်လိုက်သည့် လူသတ်သမားများအကြောင်းကို စဉ်းစားနေမိ၏။ ထိုလူသတ်သမား ထဲမှ တိမ်နဂါးကျောက်ယွင်စိမ်း၏ သတင်းကိုမူ သူ ကြားရလေပြီ။ ကျောက်ယွင်စိမ်းမှာ ဝမ်ရဲ့ ရဲတိုက်တွင် တိတ်တဆိတ် ခိုလှုံပြီး ရှိနေနိုင်သည်။

ကျန်လူများမှာလည်း ချီယွင်ဂေဟာတွင် မည်သို့သော နည်းနှင့်မျှ ရှိနေနိုင်လိမ့်မည် မဟုတ်တော့ချေ။ ဂေဟာသခင်ကြီး ချူဖွားဟီ၏ လက်ချက်ဖြင့် သေသူသေ၊ မသေပါကလည်း ထွက်ပြေးတိမ်းရှောင်ခြင်း ပြုနေလောက်ပေပြီ။

တိန့်ထောက်သည် သူ့ဖခင်ကို လာရောက်တိုက်ခိုက်သတ်ဖြတ်သွားသူများထဲမှ သေမင်းတမန် ဘီလူးကိုလည်း သတိရလိုက်၏။ သေမင်းတမန်တော်ဘီလူးမှာ ဝမ်အူစန်းတောင်ပေါ်တွင် သူနှင့်ကြုံခဲ့ဖူးသေးသည်။

ထိုစဉ်က ဝါးရုံတောဘိုးဘိုးကိုပင် တိုက်ခိုက်သွားသေးသည်။

ထိုသို့ဆိုလျှင် သေမင်းတမန် ဘီလူးသည်လည်း ထွက်ပြေးတိမ်းရှောင်နေခြင်းပင် ဖြစ်နိုင်လေသည်။

တိန့်ထောက်သည် စဉ်းစားနေရာမှ ယခုညတွင်ပင် ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။ သူ သိလိုသမျှကို မေးမြန်းစုံစမ်းရပေလိမ့်မည်။

## အခန်း(၁၇)

## စိတ်သက်သာရာ ရသွားသူ

ဝါးနှစ်ချက်တီးအချိန်တွင် ချီယွင်ဂေဟာခြံဝင်းကြီးထဲတွင် လူရိပ်သဏ္ဌာန်တစ်ခုမှာ အမှောင်ထုကို ဖြတ်သန်း၍ ပြေးနှင်လျက်ရှိနေသည်။

လူရိပ်သည် ဂေဟာသခင်ကြီး ချူဟွားဟီ၏ အိပ်ခန်းဆောင်သို့ ဦးတည်ပြေးသွားခြင်း ဖြစ်၏။

ထိုအချိန်တွင် ဂေဟာသခင်ကြီး နတ်နဂါးချူဟွားဟီသည် အိပ်ရာမဝင်သေးဘဲ သိုင်းကျမ်းစာအုပ်တစ်အုပ်ကို ဖတ်ရှုလျက် ရှိနေသည်။

ဝင်ရောက်လာသော လူရိပ်မှာ အတင့်ရဲလှသည်။ မည်သူ့ကိုမှ ဂရုမစိုက်ဘဲ နတ်နဂါးချူဟွားဟီ၏ အိပ်ခန်းဆောင်တံခါးဝသို့ ရောက်အောင် လာခဲ့သည်။ ဂေဟာ အမှုထမ်းတစ်ယောက်သည် ထိုလူရိပ်ကို တွေ့မြင်သွားပြီး ချက်ချင်းပင် ဝါးကို အဆက်မပြတ်ခေါက်ကာ အော်ဟစ် အချက်ပေးလိုက်သည်။

"ရန်သူ .... ရန်သူ"

ထိုအမှုထမ်း၏ အော်ဟစ်အချက်ပေးသံကြောင့် အခြားနေရာမှ အစောင့်များလည်း အော်ဟစ်စုရုံးကာ ရောက်လာကြလေသည်။

တံခါးပေါက်ဝတွင် ရောက်နေသော ဝတ်စုံနက်မှာ ရောက်လာသော စံအိမ်အမှုထမ်းများကို လုံးဝဂရုမစိုက်ဘဲ ရပ်မြဲသာ ရပ်နေသည်။

အိပ်ဆောင်အတွင်းဘက်မှ ဂေဟာသခင်ကြီး ချူဟွားဟီသည် စိုးရိမ်စိတ်ဖြင့် အပြင်ခန်းကို ထွက်လာရာ မလှုပ်မယှက်အေးစက်စက် မျက်နှာထားဖြင့် ရပ်နေသော ဝတ်စုံနက်ကို တွေ့ရတော့၏။

ချူဟွားဟီက မျက်မှောင်ကြုတ်သွားပြီး လေသံမာမာဖြင့် မေးမြန်းလိုက်သည်။

"မင်း ဘယ်သူလဲ .... ဘာဖြစ်လို့ ငါ့ရဲ့ခွင့်ပြုချက်ကို မယူဘဲ အချိန်မတော်ကြီး ကျူးကျော်ဝင်လာရတာလဲ .... "

ဝတ်စုံနက်၏ မျက်နှာတွင် သားရေမျက်နှာဖုံးကို စွပ်ထားသည်။

သူသည် မဟူရာသိုင်းသမားကြီးအသွင်ဖြင့် ရောက်လာသော တိန့်ထောက်ပင် ဖြစ်လေသည်။

တိန့်ထောက်က ဂေဟာသခင်ကြီး ချူဟွားဟီကို တောက်ပြောင်စူးရှသော မျက်လုံးအစုံဖြင့် ပြန်ကြည့်ကာ အေးစက်စက်လေသံဖြင့် ပြန်ပြောသည်။

"ခင်ဗျားနဲ့ စကားပြောစရာရှိလို့ ကျုပ်လာခဲ့တာပဲ .... ကျုပ်က မဟူရာသိုင်းသမား .... "

"ဟင် .... မဟူရာ သိုင်းသမား"

နတ်နဂါး ချူဟွားဟီ မျက်လုံးအပြူးသား ဖြစ်သွားသည်။



ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားသည်။

တိန့်ထောက်ကို ဝိုင်းထားကြသော သူ့လူများကိုလည်း လက်ဝှေ့ယမ်း၍ ပြောလိုက်သည်။

"မင်းတို့အားလုံး ကိုယ့်နေရာမှာကိုယ် ပြန်စောင့်နေကြ .... သူဟာ ငါ့ရဲ့ဧည့်သည်ပဲ .... "

ဂေဟာ အမှုထမ်းများသည်လည်း ပြန်လည်ဆုတ်ခွာသွားကြသည်။

ထိုအခါ နတ်နဂါးချူဟွားဟီသည် လက်ဖမိုးနှစ်ဖက်ယှက်ပြီး တိန့်ထောက်ကို ပြောလိုက်သည်။

"အခု ခင်ဗျားရောက်လာတာ ဘယ်လိုအကြောင်းကိစ္စကြောင့်လဲဆိုတာ သိပါရစေ .... "

တိန့်ထောက်က အေးစက်စက်လေသံဖြင့် ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"လူတချို့ကို ကျုပ် ရှာမလို့ .... "

နတ်နဂါးချူဟွားဟီ မျက်မှောင်ကြုတ်သွားပြီး ....

"ဘယ်သူတွေကို ရှာမလဲ .... ဘယ်သူတွေကို တွေ့ချင်လို့လဲ .... "

"ကျုပ်တွေ့ချင်တဲ့လူတွေက အသည်းမည်း ဟူဖေးနဲ့ သံတောင်ပံငှက် သိုင်းသမားပဲ .... "

နတ်နဂါး ချူဟွားဟီ မျက်နှာကွက်ခနဲ ပျက်သွားပြီး နောက်ကို ခြေတစ်လှမ်းပင် ဆုတ်လိုက်မိ၏။ ပြီးမှ ဣန္ဒြေဆယ်လိုက်ပြီး ....

"မိတ်ဆွေကြီးသိချင်တဲ့ .... အဲဒီလူနှစ်ယောက်စလုံးကို ကျွန်တော့်ရဲ့ဂေဟာမှာလည်း မရှိပါဘူး .... "

"တကယ်လို့ ရှိနေရင်ကော ...."

"အိမ်ဂေဟာတစ်ခုလုံးကို မိတ်ဆွေကြီးရဲ့စိတ်ကြိုက် ရှာဖွေနိုင်ပါတယ်ခင်ဗျာ .... မိတ်ဆွေကြီးလို ပုဂ္ဂိုလ်မျိုးကို ကျွန်တော် မလိမ်ရဲပါဘူး .... တကယ်လို့ ရှာလို့တွေ့မယ်ဆိုရင် မိတ်ဆွေကြီးကြိုက်သလို စီစဉ်နိုင်ပါတယ် ...."

မဟူရာသိုင်းသမားအသွင်ကို ဖန်တီးထားသော တိန့်ထောက်က ခေါင်းကို ခါယမ်းလိုက်ပြီး လေသံပြတ်နှင့် ပြန်ပြောသည်။

"ကျုပ်မှာ ရှာချိန်မရဘူး .... ရှာလည်းမရှာနိုင်ဘူး .... ခင်ဗျားရဲ့ဂေဟာမှာ ဒီလူနှစ်ယောက် ရှိနေမယ်ဆိုရင် အေးအေးဆေးဆေး ထုတ်ပေးဖို့ ကျုပ်က တောင်းဆိုနေတာပါ .... တကယ်လို့ မရှိဘူးဆိုရင်လည်း ဒီလူနှစ်ယောက် ဘယ်မှာရှိနိုင်မယ်ဆိုတာ ကျုပ် တိတိကျကျ သိချင်တယ် .... ပြောပြပါ ...."

နတ်နဂါးချူဟွားဟီက သက်ပြင်းရှည်ကြီးကိုချကာ ခေါင်းကို ဖြည်းလေးစွာ ခါယမ်း၍ ....

"မိတ်ဆွေကြီးပြောတဲ့ လူနှစ်ယောက်လုံးဟာ ကျုပ်ဂေဟာနဲ့ လုံးဝ အဆက်အဆံရှိကြတဲ့ လူတွေ မဟုတ်ပါဘူး .... ဒီတော့ သူတို့နှစ်ယောက်နဲ့ပတ်သက်လို့ ကျွန်တော် ဘယ်လိုမှ မပြောတတ်ပါဘူး"

"ကျုပ်ကိုတော့ ခင်ဗျား မလိမ်နဲ့နော် .... ကျုပ်တစ်ယောက်တည်းနဲ့ ခင်ဗျားရဲ့ဂေဟာတစ်ခုလုံးကို တိုက်ခိုက်ချေမှုန်းသွားနိုင်တယ်ဆိုတာ ခင်ဗျား နားလည်လား ...."

နတ်နဂါးချူဟွားဟီ မျက်စိပျက် မျက်နှာပျက် ဖြစ်သွားကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ....

"နားလည်ပါတယ်ခင်ဗျာ .... နားလည်ပါတယ် .... တစ်ခု



တော့ မိတ်ဆွေကြီးကို မေးပါရစေ ...."

"မေး ...."

"မိတ်ဆွေကြီး ဘာဖြစ်လို့ ကျွန်တော်တို့ဂေဟာနဲ့မပတ်သက်တဲ့ အဲဒီလူနှစ်ယောက်အကြောင်းကို လာမေးနေတာလဲ .... သူတို့ကို ရန်ငြိုး ရန်စရှိလို့လား ...."

"ဒါတွေ ခင်ဗျားသိဖို့ မလိုဘူး .... ကျုပ်နဲ့ဆိုင်တဲ့ကိစ္စ ကျုပ်နဲ့ဆိုင်တဲ့ပြဿနာပဲ .... ကျုပ်လိုချင်တာ ဒီလူနှစ်ယောက် ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား စုံစမ်းပေးဖို့ပဲ .... ခင်ဗျားကို ခုနစ်ရက်ပဲ အချိန်ပေးမယ် .... ခုနစ်ရက်ပြည့်လို့မှ ခင်ဗျား မပြောနိုင်ဘူးဆိုရင် ကျုပ်အကြောင်းသိမယ် .... ဒါပဲ ...."

တိန့်ထောက်သည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ကာ အမှောင်ထဲတွင် ခုန်လွှားပျောက်ကွယ်သွားလေသည်။

"မဟူရာသိုင်းသမား .... မဟူရာသိုင်းသမား .... သူ မသေသေးပါလား .... သိပ်ပြီး ကြောက်စရာကောင်းတဲ့ သူလိုလူမျိုးက ငါ့ကို ဘာဖြစ်လို့ လာတွေ့ပါလိမ့် .... အချိန်ကလည်း ခုနစ်ရက်ပဲ ပေးသွားတယ် ...."

ဂေဟာသခင်ကြီး ချူဟွားဟီသည် တုန်လှုပ်ချောက်ချားစွာ ရေရွတ်ရင်း ကျန်နေခဲ့၏။

ဂေဟာအမှုထမ်းများသည်လည်း သူတို့သခင်ကြီးအတွက် စိုးရိမ်စိတ်ဖြင့် ရောက်လာကြ၏။

သူတို့သခင်ကြီး၏ တုန်လှုပ်ချောက်ချားနေပုံကို မြင်ပြီး ရောက်လာသော ဝတ်စုံနက်မှာ လွန်စွာ ကြောက်စရာကောင်းသော ထိပ်တန်း သိုင်းသမားကြီး ဖြစ်လိမ့်မည်ဟု ဝေဖန်ပြောဆိုနေကြ၏။

မည်သူမျှ မဟူရာ သိုင်းသမားကြီးကို မမြင်တွေ့ဖူးကြချေ။

ချူဟွားဟီသည် သူ့လူများကို လက်ငှေ့ယမ်းပြပြီး ....

"မင်းတို့တွေ သွားကြတော့ .... လောင်ဂူတစ်ယောက်ပဲ နေခဲ့ ...."

လောင်ဂူဆိုသူက ဂေဟာသခင်ကြီး ချူဟွားဟီရှေ့ကို ရောက်လာသည်။ ကျန်အစောင့်များအားလုံး ထွက်ခွာသွားကြသည်။



"လောင်ဂူ .... စီမံရေးမှူးအင်းနဲ့ သိုင်းလေ့ကျင့်ရေးမှူး ရဲ့တို့ နှစ်ယောက်ကို ငါ့ဆီ အမြန်လွှတ်လိုက်စမ်း .... ဪ .... နောက်ပြီး ဆရာလေးဖန်းကိုလည်း ငါ့ဆီလာဖို့ သွားအကြောင်းကြားလိုက် ...."

ထိုသို့ပြောပြီး ချူဟွားဟီသည် နောက်ဘက်ခန်းဆောင်တွင်းသို့ ဝင်သွားလေသည်။

လောင်ဂူလည်း အပြင်ကို ပြေးထွက်သွားသည်။

မကြာမီ ဂေဟာသခင်ကြီး ချူဟွားဟီ၏ ခန်းဆောင်ကြီးထဲသို့ မျောက်မျက်နှာကဲ့သို့ မျက်နှာမျိုးရှိသော အဘိုးကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ လူငယ်တစ်ဦးတို့ ရောက်လာကြသည်။

သူတို့နှင့်အတူ ရဲ့ကျိုထိန်လည်း ပါလာလေသည်။

အဘိုးကြီးမှာ စီမံရေးမှူးကြီးအင်းဖြစ်ပြီး၊ လူငယ်မှာ ဉာဏ်ပညာထက်မြက်သော ဆရာလေးဖန်းပင် ဖြစ်၏။

သူတို့သုံးဦးကို မြင်လိုက်ရသောအခါ ဂေဟာသခင်ကြီး ချူဟွားဟီမှာ အနည်းငယ် အားတက်သွားသည်။ သူ အားထားရသော သူ၏ လက်ရုံးများ ဖြစ်သောကြောင့်ပင်။

ချူဟွားဟီက မဟူရာသိုင်းသမားကြီး လာသွားပုံနှင့်လာသွားရသည့် အကြောင်းရင်းကိုလည်း ပြောပြလိုက်၏။

ရဲ့ကျိုထိန်တို့သုံးယောက်စလုံးမှာ မဟူရာသိုင်းသမားကြီးကို မမြင်ဘူးကြသော်လည်း မဟူရာသိုင်းသမားကြီး၏ သတင်းကို ကောင်းစွာ ကြားသိထားဖူးကြသဖြင့် အံ့သြထိတ်လန့်ကြရလေသည်။

ချူဟွားဟီက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး စိုးရိမ်စွာဖြင့် ပြောလိုက်သည်။

"မဟူရာ သိုင်းသမားဟာ ခုနစ်ရက်ပြည့်ရင် ပြန်လာမယ့်ပုံပဲ၊

ဒီခုနှစ်ရက်လောက်နဲ့ ဟိုနှစ်ယောက် ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တို့တွေ ဘယ်လိုလုပ် စုံစမ်းနိုင်ကြမှာလဲ .... "

မျက်မှောင်ကြုတ်စဉ်းစားနေသော ရဲကျိုထိန်က ဝင်ပြောသည်။

"သခင်ကြီး .... ကျွန်တော် သတင်းတစ်ခုတော့ ကြားထားပါတယ် .... အခု ပေါ်ထွက်နေတဲ့ မဟူရာ သိုင်းသမားက အတုတဲ့ .... အစစ်ကတော့ မန်းစန်းတောင်တိုက်ပွဲမှာ တကယ်ပဲ သေဆုံးသွားပြီတဲ့ .... "

သခင်ကြီး ချူပွားဟီက ခေါင်းကို ဖြည်းလေးစွာ ခါယမ်း၍

"မဖြစ်နိုင်ပါဘူး .... မဖြစ်နိုင်ပါဘူး .... ငါဟာ မဟူရာ သိုင်းသမားကြီးနဲ့ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်က သေသေချာချာ မြင်ဖူးထားတာပဲ .... ခု ငါ့ဆီကို လာသွားတာလည်း မဟူရာ သိုင်းသမားပဲ .... ဟန်ပန်ကော .... အသံကော အတူတူပဲ .... "

စီမံရေးမှူးကြီး အင်းက ဝင်ပြောသည်။

"သံတောင်ပုံငှက် သိုင်းသမားနဲ့ .... အသည်းမည်းဟူဖေးကို မဟူရာသိုင်းသမားက ဘာဖြစ်လို့ လိုက်ရှာနေရတာလဲ သခင်ကြီး"

သခင်ကြီး ချူပွားဟီက ခေါင်းကို ခါယမ်းပြီး ....

"ဒါတော့ .... ကျုပ်လည်း မသိဘူး .... မေးလို့လည်း မပြောဘူး .... အရေးကြီးတာက ဒီခုနှစ်ရက်တည်းနဲ့ သူတို့နှစ်ယောက်ကို ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တို့ ဘယ်လိုစုံစမ်းနိုင်ကြမလဲ .... "

စီမံရေးမှူးကြီးအင်းက ခေါင်းကို ခါယမ်းပြီး ....

"လွယ်တော့ မလွယ်လှဘူး သခင်ကြီး .... သူတို့နှစ်ယောက်ဟာ ကျွန်တော်တို့ တောင်ပိုင်းဒေသမှာ မလှုပ်ရှားကြတာ အတော်



ကြာသွားပြီ .... ဒီတော့ ဒီရက်ပိုင်းနဲ့ ဘယ်လိုလုပ် စုံစမ်းနိုင်ကြမှာလဲ"

ရဲကျိုထိန်က ဝင်ပြီး အကြံပေးသည်။

"သခင်ကြီးခင်ဗျား .... ကျွန်တော် စဉ်းစားမိတာ တစ်ခုတော့ ရှိပါတယ် .... ရောင်ခြည်သိုင်းသမား တိန့်ထောက်ဟာ လက်ရှုံးရည်ရော နှလုံးရည်ရော ပြည့်ဝတဲ့သူပါ .... သူ့ကိုခေါ်ပြီး ဒီကိစ္စကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ကြည့်ရရင် မကောင်းဘူးလား .... "

သခင်ကြီး ချူပွားဟီက မျက်မှောင်ကြုတ်၍ ရဲကျိုထိန်ကို ကြည့်ပြီး ....

"ဖြစ်ပါ့မလား ရဲကျိုထိန် .... သူက ခေါ့သည်သက်သက်ပဲ.... "

"သူ့ဆီက အကြံကောင်း၊ အဉာဏ်ကောင်း ရနိုင်လိမ့်မယ်ထင်လို့ ကျွန်တော်က ပြောရတာပါ သခင်ကြီး .... "

နောက်ဆုံးတွင် သခင်ကြီးချူပွားဟီသည် သဘောတူလိုက်ပြီး တိန့်ထောက်ကို သွားခေါ်ရန် ရဲကျိုထိန်ကို လွှတ်လိုက်တော့၏။

ရဲ့ကိုထိန် ထွက်ခွာသွားပြီး မကြာမီ သူနှင့်အတူတိန့်ထောက်လည်း ပါလာလေသည်။

သခင်ကြီး ချူဟွားဟီကိုယ်တိုင် အခြေအနေအရပ်ရပ်နှင့် သူတို့၏ အခက်အခဲကို ရှင်းပြလိုက်သည်။

သူတို့ကို အကြံကောင်း အညာဏ်ကောင်း ပေးပါရန်လည်း မေတ္တာရပ်ခံသည်။

တိန့်ထောက်သည် အုံ့သြသွားဟန်ဖြင့် မဟူရာသိုင်းသမားကြီးလာသွားသည်ကို မိမိ ယခုမှသိ၍ ဤကဲ့သို့ဖြစ်ရခြင်းဖြစ်ကြောင်း၊ မိမိနှင့်မဟူရာ သိုင်းသမားကြီးမှာ ကျေးဇူးခံ ကျေးဇူးစားရှိပြီး သိကျွမ်းကြသဖြင့် မိမိနှင့်သာ တွေ့ပါက အတော်အသင့်အတင့် အဆင်ပြေနိုင်ကြောင်း၊ ရက်ချိန်းကို ထပ်မံ၍ ခွာပေးရန် မဟူရာသိုင်းသမားကြီးကို ရှာဖွေကာ မိမိ မေတ္တာရပ်ခံပေးမည်ဖြစ်ကြောင်း ပြောဆိုလေရာ ချူဟွားဟီသည် အနည်းငယ် စိတ်သက်သာရာ ရသွားတော့၏။

မနက်ဖြန်တွင်ပင် ချိုယွင်ဂေဟာမှ ထွက်ခွာ၍ မဟူရာ သိုင်းသမားကြီးကို ရှာဖွေမည်ဖြစ်ကြောင်း တိန့်ထောက်က ပြောသည်။

တကယ်တော့ ....

သူသည် ချိုယွင်ဂေဟာမှ ထွက်ခွာသွားချင်နေပြီ ဖြစ်၏။



ချူဟွားဟီနှင့် သူ့လူများ အနည်းငယ် စိတ်သက်သာရာ ရကြပြီး ကိုယ့်အခန်းကိုယ် ပြန်ကြလေသည်။

## အခန်း(၁၈)

## စိတ်မမှန်သော အဘိုးအို

နောက်တစ်နေ့နံနက်လင်းသည်နှင့် တိန့်ထောက်သည် ချိုယွင်ဂေဟာမှ စီစဉ်ပေးသော မြင်းကိုစီး၍ ထွက်ခွာလာခဲ့သည်။

မွန်းတည့်ချိန်တွင်မူ ရဲ့ယန်းမြို့တွင်းသို့ ရောက်လာခဲ့၏။

ဈေးလမ်းထောင့်တစ်နေရာသို့အရောက်တွင် စားပွဲတစ်လုံးချကာ ဆိုင်းဘုတ်ချိတ်ထားသော (ဗေဒင်လက္ခဏာကြည့်သည်) ဟူသောစာတန်းကို တွေ့ရ၏။ စာတန်းအောက်တွင် ထိုင်နေသည့် ဗေဒင်ဆရာကြီးမှာ တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးပင် ဖြစ်လေသည်။

ဤနေရာမျိုးတွင် တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီး လုံးလန်ကိုတွေ့ရသည့်အတွက် တိန့်ထောက် အံ့ဩသွားသည်။ ဝမ်းသာအားတက်ခြင်းလည်း ဖြစ်ရသည်။

တိန့်ထောက်သည် မြင်းပေါ်မှ ခပ်အေးအေးဆင်းလိုက်ပြီး ဗေဒင်ဆရာကြီးထံ လျှောက်လာသည်။ ဗေဒင်ဆရာကြီးက တိန့်ထောက်ကိုမြင်လျှင် တစ်ချက်ပြုံးလိုက်ပြီး ဖိတ်ခေါ်သည်။

"လာပါ မောင်ရင် .... လာပါ .... ဗေဒင်ကြည့်မလို့လား....



လက္ခဏာကြည့်မလို့လား .... "

တိန့်ထောက်က စားပွဲရှေ့မှ ခုံကလေးတွင် အသာအယာဝင်ထိုင်လိုက်သည်။ သူတို့အနီးအနားတွင်မူ ဖြတ်သွားဖြတ်လာ တစ်ယောက်စ နှစ်ယောက်စသာ ရှိလေသည်။

ဗေဒင်ဆရာကြီး လုံးလန်သည် စုတ်တံကိုကိုင်ကာ စာရွက်ပေါ်တွင် ဟိုခြစ် ဒီခြစ်လုပ်ရင်း တီးတိုးလေသံဖြင့် ပြောလေ၏။

"ချိုယွင်ဂေဟာမှာ ငြိမ်သည်အနေနဲ့ သခင်လေး တည်းခိုနေထိုင်နေကယ်ဆို .... "

တိန့်ထောက် အံ့အားသင့်သွားပြီး ....

"ဆရာကြီးက ဘယ်လိုလုပ်သိသလဲ .... "

"ကျုပ်လည်း ဒီလိုပဲ သတင်းကြားရတာပေါ့ .... ဒါတွေထားပါဦး သခင်လေး .... ချိုယွင်ဂေဟာမှာ သခင်လေး သွားနေခဲ့တာ ဘာသတင်းထူးတွေများ ကြားရသလဲ .... "

တိန့်ထောက်က ချိုယွင်ဂေဟာတွင် မိမိတို့မိသားစုကို တိုက်ခိုက် သုတ်သင်သွားကြသည့် လူသတ်သမားများ ရှိမနေတော့ကြောင်း၊ တိမ်နဂါး ကျောက်ယွင်စိမ်းလည်း တောင်ပိုင်းဒေသသို့ ထွက်ပြေးတိမ်းရှောင်သွားပြီဖြစ်ကြောင်း ပြောပြလိုက်၏။

တိန့်ထောက်က ဆက်ပြောသည်။

"ကျွန်တော် သိရသလောက်တော့ ကျောက်ယွင်စိမ်းတစ်ယောက်ပဲ ချိုယွင်ဂေဟာနဲ့ အဆက်အသွယ်ရှိနေပြီး ကျန်လူတွေကတော့ ပတ်သက်ပုံမရပါဘူး .... ကျောက်ယွင်စိမ်းကတစ်ဆင့် အဲဒီလူတွေနဲ့ ဆက်သွယ်ပုံပါပဲ .... ဒီကိစ္စဝိစ္စ ပြီးတော့မှ ချူဟွားဟီဟာ အဲဒီလူတွေကို တစ်ယောက်ပြီးတစ်ယောက် နှုတ်ပိတ်သတ်ဖြတ်နေ

တာ ဖြစ်မယ် .... "

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီး လုံးလန်က ....

"ဒါဆို အသက်ရှင်လျက်ဆိုလို့ သေမင်းတမန်တော်ဘီလူးနဲ့ တိမ်နဂါးကျောက်ယွင်စိမ်းတို့ပဲ ရှိကြတော့တာပေါ့ .... "

"ဟုတ်တယ် ဆရာကြီး .... ကျန်တဲ့လူတွေကိုတော့ အသက်ရှင်လျက် ရှိသေးသလား မရှိတော့ဘူးလားဆိုတာ သေသေချာချာ မပြောနိုင်ဘူး .... "

"ကျုပ်တို့လည်း ချီယွင်ဂေဟာက အရေးပါအရာရောက်တဲ့ အမှုထမ်းတစ်ယောက်ကို စည်းရုံးသိမ်းသွင်းပြီး ခေါ်ထားနိုင်ခဲ့ပါပြီ၊ အဲဒီလူကြီးရဲ့ ပြောပြချက်အရဆိုရင် ချီယွင်ဂေဟာမှာ တိမ်နဂါးကျောက်ယွင်စိမ်းကလွဲလို့ သူတို့သခင်ကြီးနဲ့ တခြားလူတွေ အဆက်အသွယ်မရှိဘူးလို့ သိရပါတယ် .... သူ့ရဲ့သခင်ကြီးဟာ ဒီလိုရက်စက်တဲ့လုပ်ငန်းမျိုးကို လုပ်နိုင်းလိမ့်မယ် မဟုတ်ဘူးလို့ ပြောတာပဲ .... "

တိန့်ထောက်က ဝမ်ရဲ့ ရဲတိုက်သခင်ကြီးက လူနှစ်ယောက်ကို အခကြေးငွေပေးကာ ရဲ့ကျိုထိန်ကို သုတ်သင်ခိုင်းပုံကိုလည်း ပြောပြလိုက်၏။ တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီး လုံးလန်သည် ခဏမျှတွေပြီး စဉ်းစားလိုက်ကာ ....

"ကျုပ်ရဲ့ဆန္ဒကို ပြောရရင်တော့ .... သခင်လေးကိုယ်တိုင် မြောက်ပိုင်းဒေသက ဝမ်ရဲ့ ရဲတိုက်ကိုသွားပြီး အခြေအနေမှန်ကို သိရအောင် စုံစမ်းစနည်းနာစေချင်တာပါပဲ .... ဝမ်ရဲ့ ရဲတိုက်မှာ တကယ်ပဲ တိမ်နဂါးကျောက်ယွင်စိမ်းကို လက်ခံထားတယ် .... မထားဘူးဆိုတာ သိဖို့အရေးကြီးပါတယ် .... နောက်တစ်ချက်က သေမင်းတမန်ဘီလူးကို အသေဖမ်းနိုင်ဖို့ လိုတယ် .... အင်း .... သေမင်းတမန် ဘီလူးကို



ဖမ်းနိုင်ဖို့အတွက်တော့ အားလုံးသိ သိုင်းသမား ချွမ်းကြည်ရဲ့ အကူအညီကို ရမယ်ဆိုရင် ပိုပြီးကောင်းမယ် .... သူက သတင်းစနည်းနာတဲ့ နေရာမှာတော့ နှစ်ယောက်မရှိအောင် တော်တဲ့လူပဲ .... "

"ကောင်းပါပြီ .... ကျွန်တော် ကြိုးစားပါ့မယ် .... "

တိန့်ထောက် ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်လိုက်၏။

ထိုစဉ် သူနောက်မှ လူတစ်ယောက် လှမ်းခေါ်သံကို ကြားရ၍ တိန့်ထောက် လှည့်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းမှ လျှောက်လာနေသော အဘိုးကြီး ဟိုအိလောက်ကို တွေ့ရသည်။

တိန့်ထောက်သည် ဗေဒင်ဆရာကြီး လုံးလန်၏အပါးမှ ခွာခဲ့ကာ ဟိုအိလောက်ထံ လျှောက်လာသည်။

မျက်နှာချင်းဆိုင်မိသည်နှင့် ရင်းနှီးပြုံးရွှင်စွာ မေးမြန်းလိုက်သည်။

"ဘကြီးဟို .... ဒီမြို့ကို ဘယ်တုန်းက ရောက်နေတာလဲ"

ဟိုအိလောက်ကလည်း ပြုံးလိုက်ပြီး ....

"နှစ်ရက်သုံးရက် ရှိသွားပြီ မောင်ရင် .... ဒါနဲ့ ချီယွင်ဂေဟာမှာ ဘာသတင်းထူးများ ရသေးသလဲ .... "

"ထူးထူးခြားခြားတော့ မရပါဘူး ဘကြီးဟို .... ဒါနဲ့ ဘကြီးဟိုလည်း ရဲ့ကျိုထိန်နဲ့တွေ့ပြီး လူတစ်ယောက်အကြောင်းကို မေးမလို့ဆို၊ တွေ့ပြီးပြီလား .... မေးပြီးပြီလား .... "

"မတွေ့ရသေးပါဘူး မောင်ရင်ရယ် .... "

"ဘကြီးဟိုက ဘယ်သူ့အကြောင်းကို မေးမှာလဲ၊ ကျွန်တော်လည်း သိနေမလားလို့ပါ .... "

အဘိုးကြီး ဟိုအိလောက်က သက်ပြင်းတစ်ချက် ချလိုက်ပြီး

"ချီယွင်ဂေဟာက စီမံရေးမှူးကြီး တိမ်နဂါးကျောက်ယွင်စိမ်း အကြောင်းကို ကျုပ် စုံစမ်းချင်လို့ပါ .... "

အဘိုးကြီး ဟိုအီလောက်၏စကားကြောင့် တိန့်ထောက် အံ့သြသွားသည်။

"ဟင် .... ဘကြီးဟိုက တိမ်နဂါးကျောက်ယွင်စိမ်းကို ရှာနေတာကိုး .... "

"သူ့ကို မောင်ရင် သိလို့လား .... "

"သူ့သတင်းကို ကြားထားရလို့ပါ .... အခု သူဟာ ချီယွင်ဂေဟာမှာ မရှိတော့ဘူး .... ချီယွင်ဂေဟာက ထွက်ပြေးတိမ်းရှောင်သွားတာ ဆယ်နှစ်လောက် ရှိနေပြီ .... "

"ဟေ .... "

အဘိုးကြီး ဟိုအီလောက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ့မျက်နှာထားမှာလည်း အနည်းငယ် တင်းမာသွားသည်။

"ဒါဖြင့် သူ့ကို ဘယ်မှာလိုက်ရှာရင် တွေ့နိုင်မလဲ မောင်ရင်"

"ဒါတော့ ကျွန်တော်လည်း မသိဘူး .... ဒါနဲ့ ဘကြီးဟိုနဲ့ သူနဲ့ ဘယ်လိုရန်ငြိုးရန်စ ရှိခဲ့လို့လဲ .... "

"အင်း .... ဒါတော့ ပြောလို့မဖြစ်ပါဘူး မောင်ရင်"

တိန့်ထောက်လည်း ထပ်၍ မမေးတော့ချေ။

ထို့နောက် တိန့်ထောက်လည်း ဟိုအီလောက်နှင့် လူချင်းခွဲကာ ထွက်လာခဲ့သည်။



သူသည် နှစ်ရက်ခန့် သတင်းထူးကို ကြားရလို ကြားရငြား စုံစမ်းပြီး မည်သို့မျှ သတင်းထူးကို မကြားရသောအခါ ချီယွင်ဂေဟာသို့ ပြန်လာခဲ့သည်။

ချီယွင်ဂေဟာသို့ ပြန်ရောက်ရောက်ချင်း သူသည် သခင်ကြီး ချူဟွားဟီနှင့် တွေ့ဆုံလေသည်။

သခင်ကြီး ချူဟွားဟီက သူ့ကို ဝမ်းသာအားရ ကြိုဆိုသည်။

"ဘယ့်နှယ်လဲ တူမောင် .... အခြေအနေ ထူးခဲ့ရဲ့လား"

"ဟုတ်ကဲ့ ထူးပါတယ်ခင်ဗျား .... မဟူရာ သိုင်းသမားကြီးနဲ့လည်း ကျွန်တော် တွေ့ဆုံစကားပြောခဲ့ရပါတယ် .... မဟူရာ သိုင်းသမားကြီးက ခုနစ်ရက်အစား နှစ်လအချိန်ပေးလိုက်ပါတယ် .... နှစ်လအတွင်းမှာတော့ သံတောင်ပံငှက် သိုင်းသမားနဲ့ အသည်းမည်း ဟူဖေးတို့ရဲ့ သတင်းကို တိတိကျကျ စုံစမ်းပေးရမယ်လို့ မှာလိုက်ပါတယ်...."

သခင်ကြီး ချူဟွားဟီက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"တကယ်တော့ .... ဒီလူနှစ်ယောက်နဲ့ ကျုပ်တို့ ဘယ်လိုမှ ပတ်ပတ်သက်သက် မရှိခဲ့ပါဘူး .... ဘာဖြစ်လို့ မဟူရာသိုင်းသမားက ကျုပ်တို့ဆီမှာ ဒီသတင်းကို လာမေးတယ်ဆိုတာ တွေးလို့ကို မရဘူး"

တိန့်ထောက်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးမှ ....

"ကျွန်တော် သိထားရသလောက်တော့ မဟူရာသိုင်းသမား

ကြီးဟာ .... ဘယ်ကိစ္စမဆို သေသေချာချာမသိရဘဲနဲ့ စွက်ဖက်လေ့မရှိပါဘူး ...., သူလိုတဲ့ လူနှစ်ယောက်ဟာ သခင်ကြီးနဲ့ပတ်သက်ခြင်းမရှိပေမယ့် .... သစ္စာဖောက်သွားတဲ့ တိမ်နဂါးကျောက်ယွင်စိမ်းနဲ့ တိတ်တဆိတ် ပူးပေါင်းပြီး မဟူရာသိုင်းသမားကြီးနဲ့ပတ်သက်တဲ့ကိစ္စတစ်ခုကို ကျူးလွန်ထားလိမ့်မယ်လို့တော့ ကျွန်တော် ထင်ပါတယ်"

ဂေဟာသခင်ကြီး ချူဟွားဟီ မျက်လုံးပြူးသွားပြီး ....

"ဟင် .... မဟူရာသိုင်းသမားကြီးက တူမောင့်ကို ဒီအတိုင်းပြောပြလို့လား .... "

"ဒီလိုတော့ ကျွန်တော့်ကို တိတိကျကျ ပြောမပြခဲ့ပါဘူး .... ကျွန်တော့်ရဲ့ ထင်မြင်ချက်ကို ပြောရတာပါ .... "

ထိုအခါမှ ဂေဟာသခင်ကြီး ချူဟွားဟီသည် သက်ပြင်းရှည်ကြီးကို ချလိုက်လေသည်။ တိန့်ထောက်က ခဏနေပြီး ဆက်ပြောသည်။

"မဟူရာ သိုင်းသမားကြီး ပြန်ကြားလိုက်တဲ့ ဒီသတင်းကို ပြောပြချင်လို့ ကျွန်တော် ဂေဟာကိုပြန်လာခဲ့တာပါ .... မနက်ဖြန်ပဲ ခရီးထွက်ရပါလိမ့်မယ် .... "

"ဟင် .... တူမောင်က ပြန်တော့မလို့လား .... "

"ဟုတ်ကဲ့.... အရေးတကြီးကိစ္စတစ်ခုပေါ်လာလို့ ကျွန်တော် ပြန်ရပါတော့မယ် .... နောက်ကြုံကြိုက်တဲ့အခါများမှာလည်း သခင်ကြီးရဲ့ဂေဟာကို အလည်အပတ် လာခဲ့ပါဦးမယ် .... "

ထို့နောက် တိန့်ထောက်သည် သခင်ကြီးချူဟွားဟီထံမှ ထွက်လာကာ ရဲ့ကျိုထိန်ထံသို့ သွားရောက်ပြီး နှုတ်ဆက်စကားဆိုရသည်။



နောက်တစ်နေ့တွင် တိန့်ထောက် ထွက်ခွာသွားတော့မည်ဖြစ်ကြောင်း ရဲ့ကျိုထိန် ကြားသိရသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။

တိန့်ထောက်ကလည်း မဟူရာသိုင်းသမားကြီး၏ ပြန်ကြားချက်ကို ပြောပြလိုက်သည်။

ရဲ့ကျိုထိန်က ပြောသည်။

"ညီလေးတိန့် တကယ်ပဲ မနက်ဖြန်မှာ ဂေဟာက ထွက်သွားတော့မှာလား .... "

"ကျွန်တော့်မှာ မပြန်ရင်မဖြစ်တဲ့ကိစ္စတစ်ခု ပေါ်လာလို့ပါ နောင်ကြီးရဲ့ .... "

"အင်း .... သခင်ကြီးကတော့ ညီလေးတိန့်ကို ဒီဂေဟာမှာ ကြာကြာနေစေချင်တယ် .... ကျုပ်ကိုလည်း ပြောပြီး .... ညီလေးကို မေတ္တာရပ်ခံထားတယ် .... "

"နောင်ကြီးရဲ့တို့ရဲ့ ချိုယွင်ဂေဟာရဲ့စေတနာကို ကျွန်တော် အထူးပဲ လေးစားပါတယ် .... ကျေးဇူးလည်းတင်ပါတယ်၊ ကျွန်တော့်မှာ မပြန်ရင် မဖြစ်တဲ့ကိစ္စပေါ်လာလို့ပါ .... နို့မို့ ဒီဂေဟာမှာပဲ ကျွန်တော်ဆက်ပြီး အေးအေးဆေးဆေး နေပါသေးတယ် .... အခုလည်း ပြန်သွားပေမယ့် အားလပ်တဲ့အချိန်မှာ အလည်ပြန်လာခဲ့ပါဦးမယ် .... "

ရဲ့ကျိုထိန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"ကောင်းပါပြီလေ .... ညီလေးမှာ ကိစ္စပေါ်နေတယ်ဆိုတော့ ကျုပ်တို့အနေနဲ့ တားလို့မသင့်လျော်ပါဘူး .... ကိစ္စဝိစ္စပြီးပြတ်ရင်သာ ကျုပ်တို့ဆီကို တစ်ခေါက်လောက် လာလည်ဖို့ မေတ္တာရပ်ခံပါ

တယ် .... "

"ကောင်းပါပြီ နောင်ကြီး ရဲ့ .... "

ရဲ့ကျိုထိန်သည် တစ်နေရာကိုကြည့်လိုက်ပြီး မျက်နှာ ကွက်ခနဲပျက်သွားသည်။ သူသည် အသံကိုနှိမ့်ပြီး တိန့်ထောက်ကိုလည်း ခပ်လောလောကလေး ပြောလိုက်၏။

"ညီလေးတိန့် .... ကျုပ်တို့တွေ အတွင်းဆောင်ထဲမှာ စကားသွားပြောကြစို့ .... "

တိန့်ထောက်သည် ရဲ့ကျိုထိန်၏အမူအရာကို နားမလည်နိုင်အောင် ဖြစ်သွားပြီး သူကြည့်ရာဆီသို့ လှည့်ကြည့်လိုက်ရာ ဆံပင်များရှုပ်ထွေးနေကာ အဝတ်အစားကိုလည်း ဟောင်းနွမ်းညစ်ပေစွာ ဝတ်ဆင်ထားသော အဘိုးအိုကြီးတစ်ယောက်ကို တွေ့ရလေသည်။

ထိုအဘိုးအိုကြီးမှာ တိန့်ထောက်နှင့် ရဲ့ကျိုထိန်တို့ကို စူးစူးစိုက်စိုက်ကြည့်နေလေ၏။

အဘိုးအိုကြီး၏ အသွင်အပြင်မှာ သူတောင်းစားကြီးတစ်ယောက် အသွင်မျိုး ဖြစ်နေပြီး အိမ်ဂေဟာအတွင်းထဲတွင် တွေ့ရသောကြောင့် သူတောင်းစားတစ်ယောက် မဟုတ်နိုင်ကြောင်း သိရ၏။ တကယ်တမ်း လမ်းခရီးတွင်တွေ့ရလျှင်မူ သူတောင်းစားကြီးဟုပင် ထင်မှတ်ကြပေလိမ့်မည်။

တိန့်ထောက်သည် အသွင်ထူးခြားသော အဘိုးအိုကြီးကို မြင်ရသောအခါ ရဲ့ကျိုထိန်ကို မေးလိုက်မိ၏။

"နောင်ကြီး ရဲ့ .... ဒီအဘိုးကြီးက ဘယ်သူလဲ .... "

ရဲ့ကျိုထိန်က တိန့်ထောက်၏ အမေးကို ပြန်မဖြေဘဲ 'ညီလေးတိန့် အတွင်းဆောင်ထဲ သွားကြစို့' ဟုသာ ပြောနေတော့၏။



သူတောင်းစားနှင့်တူသော အဘိုးကြီးသည် တိန့်ထောက်ကို စူးစူးစိုက်စိုက် လှမ်းကြည့်နေရာမှ သူ့ဘာသာ ပြောဆိုရေရွတ်လိုက်၏။

"လန်းလန်း .... လန်းလန်း .... လန်းလန်းနဲ့ဆိုရင် သိပ်ပြီးလိုက်ဖက်မယ့်သူငယ်ပဲ .... သိပ်ပြီး ရှေ့သွားနောက်လိုက် ညီမယ့်စုံတွဲဖြစ်သွားမှာပဲ .... "

တိန့်ထောက်သည် အဘိုးအိုကြီး ရေရွတ်နေသည့်စကားကို ကောင်းစွာ ကြားရသော်လည်း မည်သည့်အဓိပ္ပာယ်နှင့် ရေရွတ်နေကြောင်း နားမလည်ချေ။

အဘိုးအို၏ စကားထဲမှ လန်းလန်းဆိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်းလည်း မသိချေ။

ခမ်းနားကြီးကျယ်သော ဤကဲ့သို့ ချိုယွင်ဂေဟာထဲတွင် ထိုအဘိုးကြီးကို လက်ခံထားခြင်းအတွက်လည်း တိန့်ထောက် စဉ်းစားမရအောင် ဖြစ်နေသည်။

အဘိုးအိုကြီးသည် တိန့်ထောက်ဆီသို့ လျှောက်လှမ်းလာသည်။

တိန့်ထောက်သည် သူ့ထက် အသက်အရွယ်ကြီးသော အဘိုးအိုကို မကောင်းတတ်၍ နှုတ်ဆက်စကား ဆိုလိုက်ရ၏။

"ဘဘ နေကောင်းပါရဲ့နော် ...."

အဘိုးအိုက မျက်မှောင်ကြုတ်သွားပြီး ဘုဆတ်ဆတ် ပြန်ပြောသည်။

"နေကောင်းလို့ ခုလို မင်းတွေ့ရတာပေါ့ကွ .... နေမကောင်းရင် ငါ့အလောင်းကိုပဲ တွေ့ရမှာပေါ့ ...."

ရဲ့ကျိုထိန်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

အဘိုးအိုကြီးက တိန့်ထောက်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး သဘောကျစွာ ရယ်မော၍ ပြောပြန်သည်။

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... မင်းဟာ လန်းလန်းနဲ့ဆို သိပ်ပြီး လိုက်ဖက်ညီမှာပဲ .... တကယ်ပါပဲကွာ .... တကယ်ပါပဲ ...."

ထိုအခါ ရဲ့ကျိုထိန်က ခပ်ရွှဲ့ရွှဲ့ဖြင့် ဝင်ပြောသည်။

"ဆရာကြီး .... ဒီစကားမျိုးကို ပြောမနေပါနဲ့တော့ ညီလေး တိန့်မှာ စေ့စပ်ကြောင်းလမ်းထားတဲ့လူ ရှိနေပါပြီ ...."



ထိုအခါမှ တိန့်ထောက်သည် အခြေအနေကို ရိပ်စားမိသွားသည်။ သူတို့ပြောနေသော လန်းလန်းဆိုသူမှာ ချိုယွင်ဂေဟာသခင်ကြီး၏သမီး ချူလန်းလန်းပင် ဖြစ်ပေလိမ့်မည်။

ထိုသို့ဆိုလျှင် ဤအဘိုးအိုမှာ ချိုယွင်ဂေဟာတွင် မည်ကဲ့သို့သော အဆင့်ရှိနေလေသနည်း။

ရဲ့ကျိုထိန်က အဘိုးအိုကို အရိုအသေပေးသည်။ အဘိုးအိုက ရဲ့ကျိုထိန်ကို မျက်စောင်းထိုးကာ တစ်ချက်ကြည့်လိုက်ပြီးမှ တိန့်ထောက်ကို လှည့်ပြောသည်။

"ဒီမယ် သူငယ် .... မင်းဟာ စေ့စပ်ပြီးသားသူ ရှိနေပြီဆိုရင်တော့ အများကြီးမှားနေပြီ .... မင်းနဲ့လန်းလန်းသာ လိုက်ဖက်အညီဆုံးကွ .... ကဲပါလေ .... ညကျရင်သာ ငါ့ဆီကို မင်းလာခဲ့ပါဦး ...."

တိန့်ထောက်မှာ အဘိုးအိုကို စိတ်ဝင်စားသွားသဖြင့် ....

"ဘဘက ဘယ်အခန်းဆောင်မှာ နေပါသလဲ ခင်ဗျာ ...."

အဘိုးအိုက အစွန်းဆုံးတွင်ရှိသော အခန်းဆောင်ကို လက်ညှိုးထိုးပြပြီး ....

"ဟောဟို တံခါးနီနီနဲ့ အခန်းဆောင်ဟာ ကျုပ်ရဲ့အချုပ်ခန်းပဲပေါ့ .... အဲဒီအချုပ်ခန်းထဲမှာ ကျုပ် အချုပ်ခံနေရတယ်လေ ...."

တိန့်ထောက် လှမ်းကြည့်လိုက်ရာ အိပ်ခန်းဆောင်များ၏ အစွန်ဆုံးတွင် တံခါးနီနီဖြင့် အခန်းတစ်ခန်းကို လှမ်းမြင်ရ၏။ သူသည် အဘိုးအိုကြီးကို ပြန်ကြည့်၍ ခေါင်းညိတ်ကာ ပြောသည်။

"ကောင်းပါပြီဘဘ .... ညကျမှ အဘဆီကို ကျွန်တော် လာလည်ပါဦးမယ် ...."

အဘိုးအိုက တိန့်ထောက်သည် သူ့ဘေးနားတွင် မျက်စိ

မျက်နှာပျက်ဖြင့် ရပ်နေသော ရဲကျော်ထိန်ကို မေးမိသည်။

"နောင်ကြီး ရဲ .... ဒီအဘိုးကြီးက ဘယ်သူလဲ .... "

ရဲကျော်ထိန်က မပြောချင်ပြောချင်ဖြင့် ပြန်ပြောသည်။

"သူဟာ ကျုပ်တို့သခင်မ လန်းလန်းရဲ့ ဆရာသမားပါ ...."

တိန့်ထောက် အံ့အားသင့်သွားပြီး ....

"ဟင် .... သခင်မလေး ဆရာသမားကလည်း ဘယ်လိုဖြစ်ပြီး သူတောင်းစားကြီးတစ်ယောက်လို ဖြစ်နေရတာလဲ .... သူ့ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေတာပဲ .... ဆရာသမားနဲ့တူအောင် သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်လည်း မနေဘူး .... "

တိန့်ထောက်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"ဆရာကြီးက စိတ်မမှန်ဘူးလေ .... ဘယ်သူနဲ့ပဲ စကားပြောပြော ဆရာကြီးက သူ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာပဲ .... ဒါပေမယ့် .... သခင်မလေးလန်းနဲ့ စကားပြောရင်တော့ ကောင်းကောင်းမွန်မွန် ပြောတတ်တယ် .... သခင်မလေးလန်း ခရီးထွက်သွားပြီဆိုရင်လည်း သူဟာ သူ့အခန်းထဲကနေ ဘယ်ကိုမှ မထွက်တော့ဘူး၊ သခင်မလေးလန်း တစ်လနှစ်လကြာရင်လည်း သူဟာ တစ်လနှစ်လလုံးလုံး အပြင်ကို မထွက်ဘူးလေ .... "

"သြော် .... ဆရာကြီးက စိတ်မှ မမှန်ဘဲကိုး .... "

ထိုအခါမှ တိန့်ထောက် သဘောပေါက်သွားသည်။

ရဲကျော်ထိန်က တိန့်ထောက်ကို ဤညတွင် စိတ်မမှန်သော အဘိုးကြီးနှင့် သွားမတွေ့ရန် တားမြစ်သေးသည်။

တိန့်ထောက်ကမူ လာမည်ဟုပြောထားပြီးမှ သတိထား၍ သွားတွေ့ရမည်ဖြစ်ကြောင်း ပြန်ပြောသည်။



သူသည် ရဲကျော်ထိန်နှင့်ခွဲခဲ့ပြီးနောက် စိတ်မမှန်သော အဘိုးအိုကြီးအကြောင်း စဉ်းစားနေမိ၏။

စိတ်မမှန်သော အဘိုးအိုကြီးမှာ ဂေဟာသခင်ကြီး၏သမီးကို သိုင်းပညာ သင်ပေးသောဆရာ ဖြစ်နိုင်ပါ့မလား .... သို့မဟုတ် ရူးချင်ယောင် ဆောင်နေခြင်းများလား .... သို့မဟုတ် မကြာခင်ကမှ ရူးသွားခြင်းပေပဲလားဟု တိန့်ထောက် အမျိုးမျိုးတွေးနေမိသည်။

စိတ်မမှန်သောအဘိုးအိုတစ်ယောက်ကို တိန့်ထောက်သွားတွေ့ရမှာ ခပ်ရွံ့ရွံ့ဖြစ်နေသော်လည်း နောက်ဆုံးတွင် အခြေအနေကို သိရအောင် သွားတွေ့မည်ဟု ဆုံးဖြတ်ချက် ချလိုက်တော့၏။

## အခန်း(၁၉)

# သခင်ကြီး၏ အစီအစဉ်

မိုးချုပ်သွားသည်နှင့် တိန်တောက်သည် တံခါးနီနီနှင့် အဘိုးအိုကြီး၏ ခန်းဆောင်ဆီသို့ လျှောက်လာခဲ့လေသည်။

အဘိုးအိုကြီး၏ ခန်းမဆောင်မှာ အခြားခန်းဆောင်များ၏ အစွန်ဆုံးတွင် ရှိလေသည်။ တံခါးနီနီမှာ အနည်းငယ်ပွင့်နေကြောင်းကိုလည်း တွေ့ရသည်။

တိန်တောက်က တံခါးဝတွင် ရပ်ပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်။

ထိုအခါ အတွင်းဘက်မှ အဘိုးအို၏အသံ ပေါ်လာလေသည်။

"တံခါးဖွင့်ထားပါတယ် .... မောင်ရင် ဝင်လာခဲ့ပါ .... "

တိန်တောက်လည်း တွေဝေဇဝေဇာ စားမနေတော့ဘဲ တံခါးနီနီကို အသာအယာ တွန်းဖွင့်ကာ ခန်းဆောင်ထဲသို့ ဝင်လိုက်သည်။

ခန်းဆောင်ထဲတွင် ဆီမီးခွက်ကလေးတစ်ခွက် ခပ်မှိန်မှိန် ထွန်းထားသည်။ ကြည့်လေရာရာလည်း ညစ်ပတ်ပေကျံလျက်ရှိနေလေသည်။



ပင့်ကူအိမ်များ၊ ဖုန်မှုန့်များ၊ အမှိုက်သရိုက်များ နေရာအနှံ့ကပ်ငြိနေသည်။ ပစ္စည်းတွေ ရှုပ်ရှုပ်ထွေးထွေး ရှိနေသည်။

ခန်းဆောင်ထဲတွင် စားပွဲတစ်လုံး၊ ထိုင်ခုံတစ်လုံးနှင့် ကွပ်ပျစ်တစ်လုံးလည်း ရှိနေသည်။

အဘိုးအိုသည် ကွပ်ပျစ်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေပြီး တိန်တောက်ကို ဝင်းလက်တောက်ပြောင်သော မျက်လုံးအစုံဖြင့် စူးစူးစိုက်စိုက် ကြည့်နေသည်။

အဘိုးအို၏ မျက်လုံးအစုံမှာ ညဘက်တွင် မြင်ရသော ကြောင်တစ်ကောင်၏ မျက်လုံးနှင့် တူနေသည်။

တိန်တောက်က လက်ဖမိုးယှက်ပြီး အရိုအသေပြုကာ ....

"စားသောက်လို့ ပြီးပါပြီလား ဆရာကြီး .... "

အဘိုးအိုတိန်တောက်အမေးကို မဖြေဘဲ လက်ကိုသာ ဆန့်တန်း၍ ပြန်ပြောသည်။

"ထိုင်ခုံပေါ်ထိုင်ပါ မောင်ရင် .... "

တိန်တောက်လည်း ဝင်ထိုင်လိုက်၏။ ထိုအခါမှ တိန်တောက်သည် သူ့ရှေ့မှအရာကိုမြင်ပြီး မျက်လုံးပြူးသွားမိသည်။

သူ့ရှေ့တည့်တည့် အခန်းထောင့်တွင် ကြီးမားသော ခေါင်းတလားနက်ကြီးတစ်လုံးကို တွေ့ရသောကြောင့် ဖြစ်လေသည်။

အဘိုးအို၏ မေးမြန်းသံ ပေါ်ထွက်လာသည်။

"မင်းနာမည် တိန်တောက်လား .... ဘွဲ့နာမည်ကလည်း ရောင်ခြည် သိုင်းသမားနော် .... "

တိန်တောက် ခေါင်းညိတ်ပြီး ....

"ဟုတ်ကဲ့ပါ ဆရာကြီး .... "

"တိန့်ထောက် .... မောင်ရင့်ကို ပွင့်ပွင့်လင်းလင်း ခပ်ရှင်းရှင်းပဲ ကျုပ် တိုက်တွန်းချင်တယ် .... ချီယွင်ဂေဟာ သခင်ကြီးရဲ့သမီး.... ကျုပ်ရဲ့တပည့်မလေး ချူလန်းလန်းကို မင်းနဲ့လက်ထပ်ပေးစားချင်တယ် .... မင်းသဘောက ဘယ်လိုလဲ .... "

တိန့်ထောက် မျက်နှာနီရဲသွားပြီး လက်ကိုကာ၍ ကမန်းကတန်း ပြန်ပြောရ၏။

"မဖြစ်ပါဘူး ဆရာကြီး .... ကျွန်တော့်မှာ စေ့စပ်ထားသူရှိနေပါပြီ .... "

တိန့်ထောက်သည် လိမ်ညာ၍ ပြောလိုက်ရခြင်းဖြစ်၏။ ရန်သူ၏သမီးတစ်ယောက်လည်းဖြစ်၊ သူ မမြင်ဘူးသော မိန်းကလေးတစ်ယောက်လည်း ဖြစ်သော ချူလန်းလန်းကို လက်မဆက်လိုပါချေ။

**တစဉ်(၂)ပြီး၏။**

**တစဉ်(၃)ကို ဆက်လက်ဖတ်ရှုပါရန်။**

**တက္ကသိုလ်နေလင်းအောင်**